# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၇၈)


၁၃၇၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ ရက် | ၂၀၁၈ ခုနှစ်၊ မတ် ၁၁ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၅၇)၊ အမှတ် (၁၆၂)


## ၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ်အတွက် သစ်ထုတ်နိုင်မည့်ဒေသများအား ကွင်းဆင်းစစ်ဆေးခြင်းများဆွေးနွေးမှာကြား

**နေပြည်တော်  မတ် ၁၀**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ယနေ့နံနက်ပိုင်းတွင် ပျဉ်းမနား-ညောင်ပင်သာ-ကျဉ်တောင်-ခေါ်မလမ်း မိုင်တိုင် အမှတ် (၁၃/၁)အနီး နေပြည်တော်(တောင်ပိုင်း) သစ်ထုတ်ရေးဒေသ၊ ကျောက်မဆင်နယ်၊ ကျောက်တစ်လုံးသစ်ဆိပ်သို့ရောက်ရှိပြီး တောကျန်သစ်များ မရှိစေရန်၊ ထုတ်လုပ်ရေးလုပ်ငန်းများပြီးစီးပါက သစ်ထုတ်လမ်းများ ပြန်ပိတ်ရန်နှင့် သဘာဝတော တန်ဖိုးမြှင့်စိုက်ပျိုးရန်အတွက် လိုအပ်သော ပျိုးပင်များအား စိုက်ပျိုးမည့် သစ်ကွက်များသို့ ကြိုတင်သယ်ပို့ထားရန်၊ သစ်ကွက်ပိတ်သိမ်းပြီး မိုးမကျမီအချိန်အပြီးစိုက်ပျိုးရန်၊ မိုးတွင်းကာလများတွင် ဆင်သမားများဖြင့် စိုက်ပျိုးပင်များ ပြုစုစောင့်ရှောက်ရန်နှင့် သေပင်များ ပြန်လည်ဖာထေးရန် ပျိုးပင်များ ပိုမိုပျိုးထောင်ထားရှိရန်၊ စိုက်ပျိုးမည့် သစ်မျိုးရွေးချယ်ရာတွင်လည်း မူလသဘာဝတောအခြေအနေတွင် ရှင်သန်ပေါက်ရောက်မှုအများဆုံးသစ်မျိုးကိုသာ ရွေးချယ်စိုက်ပျိုးရန်၊ နန်ချိုအပတောအားအဆိုပြုကြိုတင်ကာကွယ်တော အမြန်ဆုံးဖွဲ့စည်းရန်နှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် သစ်ထုတ်နိုင်မည့် ဒေသများအား ကွင်းဆင်းစစ်ဆေးခြင်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❐



သာကေတတံတားသစ်ကြီး တည်ဆောက်မှုလုပ်ငန်းခွင်တစ်နေရာကို တွေ့ရစဉ်။ ဓာတ်ပုံ-မင်းထက်

## သာကေတတံတားသစ်ကြီး ယခုနှစ်လယ်ပိုင်း၌ စတင်ဖြတ်သန်းအသုံးပြုနိုင်မည်

**ရန်ကုန်  မတ် ၁၀**

ဂျပန်နိုင်ငံ၏ ကူညီမှုဖြင့် ပုဇွန်တောင်မြို့နယ်နှင့် ဒေါပုံမြို့နယ်တို့ကို ဆက်သွယ်ထားသော သာကေတတံတားသစ်ကြီး တည်ဆောက်မှုမှာ ရာခိုင်နှုန်းအားဖြင့် ၉၀ ဝန်းကျင် ပြီးစီးလျက်ရှိပြီး အချောထည်အဆင့်သာ ကျန်ရှိတော့သဖြင့် သတ်မှတ်ကာလဖြစ်သော လာမည့် ဇွန်၊ ဇူလိုင်လတို့တွင် ရာနှုန်းပြည့်ပြီးစီး၍ စတင်ဖြတ်သန်းအသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း တံတားတည်ဆောက်ရေးလုပ်ငန်းခွင့်မှ သိရသည်။

"ဒီတံတားတည်ဆောက်မှုလုပ်ငန်းခွင်မှာ အားအသာဆုံးအချက်က Sase ပိုင်းဆိုင်ရာပဲ၊ တာဝန်ယူတဲ့အင်ဂျင်နီယာကြီးတွေက တော်တော်လေးကို စေ့စပ်သေချာပါတယ်၊ နည်းပညာပိုင်းဆိုင်ရာမြင့်သလို၊ လုပ်ငန်းခွင်အန္တရာယ်အပိုင်းမှာလည်း ဒီကနေ့အထိ တစ်ဦးတစ်ယောက်မှ အနည်းငယ်တောင် ထိခိုက်မှု မရှိဘူး၊ တာဝန်ယူမှု၊ တာဝန်ခံမှုလည်း သူတို့ကအပြည့်ယူထားတာ၊ တံတားကို သတ်မှတ်နှစ်ကာလအတွင်း တာဝန်ယူတည်ဆောက်တာဆိုတော့ အချိန်နည်းနည်း ပိုကြာတာပေါ့၊ ဒါပေမယ့် ဒီနှစ်လယ်ပိုင်းလောက်တာ့ ဖွင့်လှစ်နိုင်ဖို့ နေ့ရော၊ ညပါ လုပ်ငန်းခွင်အဆိုင်းတွေချပြီး လုပ်ဆောင်နေပါတယ်"ဟု အဆိုပါတံတား တည်ဆောက်ရေးလုပ်ငန်းခွင်မှ အင်ဂျင်နီယာတစ်ဦးက ပြောသည်။

အဆိုပါ သာကေတတံတားကို ဂျပန်နိုင်ငံတွင် စတင်အသုံးပြု ဆောက်လုပ်ခဲ့သောနည်းပညာဖြင့် ဂျပန်နိုင်ငံ Nippon Koei ကုမ္ပဏီလီမိတက်ကတာဝန်ယူပြီး

*စာမျက်နှာ ၃ ကော်လံ ၅* ❍




မြန်မာ့အလင်း

# မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည် သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာ ကြိုးပမ်းဆောင်ရွက်မှုများ

၂၀၁၈ ခုနှစ် မတ်လ ၃ ရက်နေ့တွင် ဂျီနီဗာမြို့ရှိ ကုလသမဂ္ဂအဆောက်အအုံ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့က ရှင်းလင်းခြင်းတစ်ရပ်ကို ပြုလုပ်ခဲ့ပါသည်။ အဆိုပါတင်ပြချက်၏ ခေါင်းစဉ်မှာ “မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာ ကြိုးပမ်းဆောင်ရွက်မှုများ”ဖြစ်ပါသည်။ ဤတင်ပြချက်ကို မြန်မာကိုယ်စားလှယ်အဖွဲ့က ပြောင်းလဲမှု၊ စိန်ခေါ်မှုနှင့် ရွေးချယ်မှုဟူသော ကဏ္ဍသုံးရပ်ဖြင့် အသေးစိတ်တင်ပြရှင်းလင်းခဲ့ပါသည်။

ဤတင်ပြမှုကို ပြုလုပ်ရာ၌ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံနှင့်ပတ်သက်၍ အရေးအကြီးဆုံးသော အချက်ကို ထောက်ပြခဲ့ပါသည်။ အဆိုပါအချက်မှာ မြန်မာနိုင်ငံသည် ဆယ်စုနှစ်ငါးခု ကြာခဲ့သည့် တပ်မတော်အုပ်ချုပ်မှုစနစ်ကို စွန့်လွှတ်၍ ဒီမိုကရေစီစနစ် ခိုင်မာစွာအမြစ်တွယ်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိခြင်း ဖြစ်ပါသည်။ တပ်မတော်အုပ်ချုပ်သည့်စနစ်အောက် နှစ်ပေါင်းများစွာ ရှိနေရာမှ ဒီမိုကရေစီစနစ်သို့ ပြောင်းလဲသည့်နိုင်ငံတိုင်းသည် ကြီးမားသော စိန်ခေါ်မှုတို့အား ရင်ဆိုင်ရသည်မှာ ကမ္ဘာတစ်ဝန်းကြုံတွေ့နေရသောဖြစ်ရပ် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ၏ ရခိုင်ပြည်နယ်အရေးအပေါ် သုံးသပ်ပါက ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလနိုင်ငံတို့၏ စိန်ခေါ်မှုများ ဘောင်အတွင်းမှ သုံးသပ်ရေးသည် အခြေခံလိုအပ်ချက်တစ်ရပ် ဖြစ်ပါသည်။ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ပြည်ထောင်စုဝန်ကြီးက လူထုအစိုးရသစ်အပေါ် နိုင်ငံတကာအသိုက်အဝန်းနှင့် ပြည်သူလူထုကထားရှိသော မြင့်မားသည့် မျှော်မှန်းချက်တို့ကြောင့် မူလတည်ရှိပြီးသား ရှုပ်ထွေးမှုတို့အား ပိုမိုဝန်ပိစေကြောင်း တင်ပြခဲ့သည်မှာ အလေးအနက်ထား သုံးသပ်ရမည့် အချက်တစ်ရပ်ဖြစ်ပါသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ ဝေဖန်မှုများနှင့် သံသယများတို့ရှိနိုင်သည်ကို အသိအမှတ်ပြုလက်ခံသော်လည်း ဝေဖန်မှုတို့သည် အပြုသဘောဆောင်ရန် လိုအပ်ပြီး သံသယတို့အား အလျင်စလို ဆုံးဖြတ်လျက် အပြစ်တင်ခြင်းမျိုးမဖြစ်ရန် ထောက်ပြခဲ့ပါသည်။ ရခိုင်ပြည်နယ်အရေးကိစ္စအား ကိုင်တွယ်ဖြေရှင်းနိုင်ရေးအတွက် အပြုသဘောဆောင်သော နည်းလမ်းတစ်ရပ်လိုအပ်သည်ဟူသော မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်၏ သဘောထားသည် ရခိုင်ပြည်နယ်အရေးကိစ္စ၌ ပါဝင်ပတ်သက်လျက်ရှိသော ပြည်တွင်းပြည်ပ ပုဂ္ဂိုလ်အဖွဲ့အစည်းတိုင်းက အလေးအနက်ထား ဆုပ်ကိုင်ရမည့်သဘောထား ဖြစ်ပါသည်။ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ်ရှိ အသိုက်အဝန်းအားလုံး၏ ငြိမ်းချမ်းရေး၊ သဟဇာတဖြစ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကိုဦးတည်လျက် ရေရှည်တည်တံ့သည့် အဖြေတစ်ရပ်ဆောလျင်စွာ ပေါ်ထွက်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ပြတ်သားခိုင်မာစွာ တင်ပြခဲ့ပါသည်။

ပြည်သူလူထု၏ လွတ်လပ်မှုနှင့် ဒီမိုကရေစီအခွင့်အရေးတို့ ရရှိရေးအတွက် ကာလရှည်ကြာ ကြိုးပမ်းဆောင်ရွက်ခဲ့သည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် “ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးတို့ဆိုင်ရာ ပြည်ထောင်စုစီမံကိန်း”ကို ဦးဆောင်လျက် “ရက်စက်ကြမ်းကြုတ်မှု”၊ “လူမျိုးစုသုတ်သင်ရှင်းလင်းမှု” နှင့် “လူမျိုးသုဉ်းသတ်ဖြတ်မှု”ဟူသော စွပ်စွဲချက်မှန်သမျှအပေါ် အလေးအနက်ထား စစ်ဆေးကိုင်တွယ်ဖြေရှင်းနေကြောင်း ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းပြတ်သားစွာ တင်ပြခဲ့ပါသည်။ မြန်မာနိုင်ငံအနေဖြင့်ပြန်လည်ဝင်ရောက်လာမည့်သူများ၏ လုံခြုံရေးအတွက်သာမက ရခိုင်၊ မူဆလင်၊ ဒိုင်းနက်၊ မြို၊ သက်၊ မရမာကြီး၊ ဟိန္ဒူစသည့် အသိုက်အဝန်းအားလုံး၏ လုံခြုံရေးအတွက် စနစ်တကျဆောင်ရွက်လျက်ရှိကြောင်း ပြည်ထောင်စုဝန်ကြီးက တင်ပြခဲ့ပါသည်။ ရခိုင်ပြည်နယ်အရေး ကိုင်တွယ်ဖြေရှင်းရာ၌ လူ့အခွင့်အရေးဆိုင်ရာ ကျဉ်းမြောင်းသည့်ဘောင်အတွင်းမှ သီးသန့်ရှုမြင်စဉ်းစားခြင်းကိုရှောင်၍ ပိုမိုဓမ္မဓိဋ္ဌာန်ကျ မျှတသည့်ချဉ်းကပ်မှုမျိုးဖြင့် ဆောင်ရွက်ရမည်ဟူသော မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ပြည်ထောင်စုဝန်ကြီး၏ တင်ပြချက်သည် ပါဝင်ပတ်သက်လျက်ရှိသော ပြည်တွင်း/ပြည်ပ ပုဂ္ဂိုလ်အဖွဲ့အစည်းတိုင်းက လိုက်နာဆောင်ရွက်ရမည့် ချဉ်းကပ်မှုမျိုးဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ။

## နှစ်(၆၀)မြန်မာ-ဂျပန်နှင့် သံတမန်ဘဝခရီးစာအုပ်အကြောင်း စာပေစကားဝိုင်းကျင်းပမည်

**နေပြည်တော် မတ် ၁၀**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပျဉ်းမနားမြို့ လူထုအခြေပြုဗဟိုဌာနတွင် ဖွဲ့စည်းထားသည့် စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း (Book Club) ၏ စာပေစကားဝိုင်းကို မတ် ၁၁ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ပျဉ်းမနားမြို့ကန်တော်မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

စာပေစကားဝိုင်းတွင် ထွန်းဖောင်ဒေးရှင်း စာပေဆုရစာအုပ်ဖြစ်သော စာရေးဆရာခင်မောင်တင်(မဟာဝိဇ္ဇာ)၏ **“နှစ်(၆၀)မြန်မာ-ဂျပန်နှင့် သံတမန်ဘဝခရီးစာအုပ်”**အကြောင်းကို စာရေးသူကိုယ်တိုင် တက်ရောက်ပါဝင်ပြီး အသင်းဝင်စာဖတ်သူများနှင့် Book Review ဆွေးနွေးကြမည်ဖြစ်ရာ စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

## လုပ်သား ၆၀၀ ကျော်အား အမျိုးသားအဆင့်ကျွမ်းကျင်မှုလက်မှတ်ပေးအပ်

**ရန်ကုန် မတ် ၁၀**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု စံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA)၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း လုပ်သား ၅၀၀၀ စစ်ဆေးအကဲဖြတ်ရေး လုပ်ငန်းစဉ်အရ ၂၀၁၇ နိုဝင်ဘာလမှ ၂၀၁၈ ဇန်နဝါရီလအတွင်း စစ်ဆေးအောင်မြင်ခဲ့သော အလုပ်အကိုင် ၁၃ မျိုးအတွက် ကျွမ်းကျင်လုပ်သား ၆၁၁ ဦး၊ ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာန ခုနစ်ခုနှင့် စစ်ဆေးအကဲဖြတ်သူ ၅၆ ဦးအား အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်ပေးအပ်ပွဲ အခမ်းအနားကို မတ် ၁၀ ရက်က ရန်ကုန်မြို့ ဗဟိုဆောက်လုပ်ရေးသင်တန်းကျောင်း (သုဝဏ္ဏ) ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း လုပ်သား ၅၀၀၀ စစ်ဆေးအကဲဖြတ်ရေးလုပ်ငန်းစဉ်အရ ၂၀၁၇ ဧပြီလမှ ၂၀၁၈ ဖေဖော်ဝါရီလကုန်အထိ အလုပ်အကိုင် ၁၈ မျိုးအတွက် အမျိုးသား ၃၆၂၇ ဦး ၊အမျိုးသမီး ၁၂၅၀ စုစုပေါင်း ၄၈၇၇ ဦးကို စစ်ဆေးအကဲဖြတ်ခဲ့ရာ အောင်မြင်သူ အမျိုးသား ၃၁၆၇ ဦး၊ အမျိုးသမီး ၁၁၂၄ ဦး စုစုပေါင်း ၄၂၉၁ ဦးရှိပြီး အောင်မြင်မှုရာခိုင်နှုန်း ၈၈ ရာခိုင်နှုန်းဖြစ်ကြောင်း၊ ကျွမ်းကျင်လုပ်သား ၅၀၀၀ စိစစ်စီမံချက်အရ အလုပ်အကိုင်ခုနစ်မျိုးကို ပြည့်မီအောင်စိစစ်ခဲ့ပြီး ဈေးကွက်ဝင်ကျွမ်းကျင်လုပ်သားအများအပြားလိုအပ်နေသည့် အထည်ချုပ်အလုပ်အကိုင်နှင့် လျှပ်စစ်လုပ်သားအလုပ်အကိုင်၊ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ အလုပ်အကိုင်များကိုဦးစားပေးဆောင်ရွက်ခဲ့ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် နိုဝင်ဘာလမှ ၂၀၁၈ ဇန်နဝါရီလအထိ ဖြေဆိုအောင်မြင်ခဲ့ကြသည့် ကျွမ်းကျင်လုပ်သားများ၊ စစ်ဆေးအကဲဖြတ်ရေးဌာနများနှင့် စစ်ဆေးအကဲဖြတ်ပေးသူတို့အား အသိအမှတ်ပြုလက်မှတ်များ ပေးအပ်ခဲ့သည်။ ယခုအခါကျွမ်းကျင်လုပ်သားရှားပါးချိန်တွင် လုပ်ငန်းရှင်များအနေဖြင့် မိမိတို့လုပ်ငန်းအောင်မြင်စွာလည်ပတ်ရန် ကျွမ်းကျင်လုပ်သားလက်မှတ်ရှိ မရှိ မစိစစ်နိုင်ဘဲ အလုပ်များခန့်ထားခြင်းများရှိကြောင်း ယင်းအခက်အခဲများကို ကျော်လွှားနိုင်ရန်အတွက် ကျွမ်းကျင်လုပ်သား မွေးထုတ်ရေးကို ရန်ကုန်၊ မန္တလေးမြို့ကြီးများ အပါအဝင် ပဲခူး၊ ဧရာဝတီ၊ မကွေးတိုင်းဒေသကြီး၊ မွန်နှင့်ကရင်ပြည်နယ်တို့တွင် ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း သိရသည်။



ဓာတ်ပုံ-တင်စိုး

မြင့်မောင်စိုး

## ထရန်စဖော်မာများ တိုးချဲ့တည်ဆောက်

**ကျွန်းလှ မတ် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ပြည်သူများ လျှပ်စစ်ဓာတ်အားပြည့်ဝစွာ ရရှိအသုံးပြုနိုင်စေရန် ရည်ရွယ်၍ မြို့ပေါ်ရပ်ကွက် သုံးခုတွင် ထရန်စဖော်မာများ တိုးချဲ့တည်ဆောက်လျက်ရှိကြောင်း သိရသည်။

ထိုထရန်စဖော်မာများကို တိုင်းဒေသကြီးအစိုးရ၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး ရှမ်းစုရပ်တွင် ၂၀၀ ကေဗွီအေတစ်လုံးကို မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းကလည်းကောင်း၊ သစ်ရာမြိုင်ရပ်ကွက်တွင် ၁၆၀ ကေဗွီအေတစ်လုံးနှင့် ပိတောက်မြိုင်ရပ်ကွက်တွင် ၂၀၀ ကေဗွီအေတစ်လုံးကို ရဲကျော်သူကုမ္ပဏီကလည်းကောင်း တာဝန်ယူတည်ဆောက်နေခြင်းဖြစ်ကြောင်း မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဌာနမှ သိရသည်။ အဆိုပါရပ်ကွက်များတွင် ယခင်က မီးအားနည်းသဖြင့် အဆင်မပြေမှုများ ရှိကြောင်း၊ ယခုထရန်စဖော်မာသစ်များ တည်ဆောက်ပေးခြင်းကြောင့် လျှပ်စစ်ဓာတ်အားအပြည့်အဝရရှိသုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

မျိုးဝင်းညို (ကျွန်းလှ)

## ရွှေ ၊ ငွေ ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၁၀-၃-၂၀၁၈

**ရွှေဈေးနှုန်း (အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၄၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၁၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၇၉၅/၈၁၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၇၀/၇၈၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၂၀/၈၃၀ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၈၁၀/၈၄၀ ကျပ် (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၃၆ | ・၀ |
| ဥရောပ | တစ်ယူရို | ၁၆၄၄ | ・၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၁၃ | ・၄ |
| ဂျပန် | ယန်း (၁၀၀) | ၁၂၅၀ | ・၁ |
| ထိုင်း | တစ်ဘတ် | ၄၂ | ・၅ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ | ・၅ |
| တရုတ် | တစ်ယွမ် | ၂၁၀ | ・၆ |
| မလေးရှား | တစ်ရင်းဂစ် | ၃၄၀ | ・၉ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်

အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews
Presented by NPE
www.mdn.gov.mm

# ပုဂံရှေးဟောင်းအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းရေးအတွက် နည်းပညာဆိုင်ရာ ညှိနှိုင်းစည်းဝေး

**နေပြည်တော် မတ် ၁၀**
၂၀၁၆ ခုနှစ် ဩဂုတ်လ ၂၄ ရက်နေ့တွင် လှုပ်ခတ်ခဲ့သည့် ငလျင်ကြောင့် ပုဂံဒေသရှိ ရှေးဟောင်းအဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့မှုကို စနစ်တကျ ကာကွယ်ထိန်းသိမ်းနိုင်ရေးအတွက် နိုင်ငံတကာပညာရှင်များ၊ အဖွဲ့အစည်းများပါဝင်သော နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် (Technical Coordination Forum for Safeguarding Bagan) ကို မတ် ၉ ရက် နံနက် ၉ နာရီခွဲတွင် ပုဂံရှေးဟောင်းသုတေသနပြတိုက်တွင် ကျင်းပသည်။

အစည်းအဝေးတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ ဂျပန်နိုင်ငံ ဂျပန်အမျိုးသားဖက်ဒရေးရှင်းယူနက်စကိုအဖွဲ့အစည်းမှ ထောက်ပံ့ပေးခဲ့သည့် စီမံကိန်းအပြီးသတ်ဆောင်ရွက်ခြင်းအဖြစ် လုပ်ငန်းသုံးပစ္စည်းများ လှူဒါန်းခြင်း၊နည်းပညာဆိုင်ရာ လမ်းညွှန်ချက်နှင့် အစီရင်ခံစာများ လွှဲပြောင်းပေးအပ်ခြင်းများ ဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုဝန်ကြီးက လက်ခံခဲ့သည်။

ထို့နောက် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ကျွမ်းကျင်ပညာရှင်အဖွဲ့ (Expert Team)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒေသခံယဉ်ကျေးမှုထိန်းသိမ်းရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များက ရှင်းလင်းတင်ပြကြသည်။

ပုဂံဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းမှုဆိုင်ရာ အစီရင်ခံတင်ပြခြင်း၊ ငလျင်အလွန် ပြုပြင်ထိန်းသိမ်းမှုအခြေအနေများကို အစီရင်ခံတင်ပြခြင်း၊ နိုင်ငံတကာအဆင့် ပူးပေါင်းကူညီပံ့ပိုးခဲ့ကြသည့် အီတလီနိုင်ငံ၊ တရုတ်နိုင်ငံ၊ ဂျာမနီနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ ကမ္ဘာ့ဘဏ်၊ SEAMEO-SPAFA UNESCO တို့က ပူးပေါင်းဆောင်ရွက်ခဲ့သည့် အခြေအနေများနှင့် ကူညီပံ့ပိုးမည့် အစီအစဉ်များရှင်းလင်းတင်ပြခြင်း၊ တက်ရောက်လာကြသည့် ပြည်တွင်း၊ ပြည်ပပညာရှင်များက ဆောင်ရွက်ပြီးစီးမှုနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအတွက် နည်းပညာဆိုင်ရာ အကြံပြုချက်များ၊ ချက်ချင်းဆောင်ရွက်ရမည့် ဦးစားပေးလုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်ရန် ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးကြသည်။

အစည်းအဝေးတွင် ဂျပန်နိုင်ငံ၊ ဂျပန်အမျိုးသားဖက်ဒရေးရှင်း ယူနက်စကိုအဖွဲ့အစည်းမှ Mr. NOBORU NOGUCHI နှင့် Mrs. KUMIKO NOGUCHI က ၉၈၀၄ ဒေါ်လာတန်ဖိုးရှိ Server နှင့် ဆက်စပ်ပစ္စည်းများ လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးက လက်ခံရယူခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသူရဦးအောင်ကိုနှင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသား ပြတိုက်ဦးစီးဌာနမှ တာဝန်ရှိသူများသည် ငလျင်ဒဏ်သင့်ဘုရားများဖြစ်သည့် ဘုရားအမှတ်-၁၄၆၂ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းဆောင်ရွက်နေမှုများ၊ ဘုရားအမှတ်-၁၀၆၆ ၏ ပျက်စီးမှုများ၊ ဓမ္မရံကြီးဘုရား၏ ပျက်စီးမှုအခြေအနေနှင့် ထိန်းသိမ်းပြုပြင်နေမှုများ၊ အာနန္ဒာအုတ်ကျောင်း၏ အဆောက်အအုံပိုင်းဆိုင်ရာနှင့် နံရံပန်းချီ ထိန်းသိမ်းခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ ငလျင်ဒဏ်သင့်ဘုရား ၃၈၉ ဆူအနက် ပြုပြင်ပြီး ၂၉၆ ဆူ၊ ပြုပြင်ဆဲ ၃၂ ဆူနှင့် ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိသည့် ၆၁ ဆူကို သတ်မှတ်ထားသည့် အချိန်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ရန်၊ ပြည်တွင်း၊ ပြည်ပ ပညာရှင်များနှင့် ညှိနှိုင်း၍ စံချိန်စံညွှန်းမီ ရှေးမူလက်ရာမပျက် ထိန်းသိမ်းဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မြန်မာ ဆေးမာအူးလ်အွန်ဒုန်စီမံကိန်းကို မြို့နယ် ၂၇ မြို့နယ်မှ ကျေးရွာ ၁၁၀ တို့တွင် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၁၀**
နိုင်ငံ၏ ထုတ်လုပ်မှုစွမ်းအား အများဆုံးတည်ရှိရာ ကျေးလက်ဒေသများ ဖွံ့ဖြိုးရေးနှင့် ဒေသနေပြည်သူများ၏ ဝင်ငွေနှင့် လူမှုဘဝများ သိသာစွာ တိုးတက်ရေးအတွက် စီမံကိန်းများ ရေးဆွဲချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ကိုရီးယားအပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ KOICA ၏ အထောက်အပံ့ဖြင့် တိုင်းဒေသကြီး ၁၀ ခု၏ မြို့နယ် ၂၇ မြို့နယ်မှ ကျေးရွာ ၁၁၀ တို့တွင် မြန်မာဆေးမာအူးလ်အွန်ဒုန်စီမံကိန်းကို တက်ကြွသော ကျေးရွာခေါင်းဆောင်များ၊ ကျေးရွာသူကျေးရွာသားများဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူသည် မတ် ၉ ရက် ညနေပိုင်းတွင် နေပြည်တော် လယ်ဝေးမြို့နယ်ရှိ မြန်မာဆေးမာအူးလ်အွန်ဒုန်စီမံကိန်းဝင် ကျေးရွာများဖြစ်သော ကံသာ၊ သော်မောကုန်း၊ ကျွန်းကုန်းကျေးရွာများသို့ ရောက်ရှိကြပြီး ကျေးရွာလမ်းများ အဆင့်မြှင့်တင်နေမှု၊ သောက်သုံးရေဖြန့်ဝေပေးနေမှု၊ ကျေးရွာခန်းမတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဝင်ငွေတိုး လုပ်ငန်းများဖြစ်သော တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်နေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးရာ သက်ဆိုင်ရာ ကျေးရွာခေါင်းဆောင်များက ရှင်းလင်းတင်ပြကြပြီး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။



ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးမှာကြားရာ၌ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ လိုအပ်သော ပျိုးပင်၊ မျိုးစေ့၊ နည်းပညာနှင့် အရင်းအနှီး လိုအပ်ချက်များကို မိမိတို့ဝန်ကြီးဌာနနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများက ကူညီပံ့ပိုးပေးနေကြသကဲ့သို့ မိမိတို့ တစ်ဦးချင်းက ကိုယ့်ကိုယ်ကိုယ် အားကိုးယုံကြည်စိတ်ဖြင့် လုံ့လဝီရိယစိုက်ထုတ်ပြီး စုပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများဖြင့် ကြိုးစားအားထုတ်ကြမှသာ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှု အကျိုးရလဒ်ကောင်းကို ခံစားကြရမည်ဖြစ်ကြောင်း၊ ယခုလုပ်ကိုင်ဆောင်ရွက်နေသော မြန်မာဆေးမာအူးလ်အွန်ဒုန်စီမံကိန်းတွင် ပါဝင်ဆောင်ရွက်ခြင်းမရှိသေးသည့် ကျေးရွာသူကျေးရွာသားများကိုလည်း ပူးပေါင်းပါဝင်လာအောင် စည်းရုံးအားပေးပြီး မိသားစုတစ်ပိုင်တစ်နိုင် အသေးစား ကုန်ထုတ်လုပ်ငန်းများ လုပ်ကိုင်နိုင်ရေး တိုးမြှင့်ဆောင်ရွက်ကြစေလိုကြောင်း၊ မိမိဝန်ကြီးဌာနအောက်ရှိ ကျေးလက်ဒေဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနတို့နှင့် ပေါင်းစပ်၍ စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာအပါအဝင် လိုအပ်သည့် အသေးစားကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းများ ဆောင်ရွက်ပေးမည်ဖြစ်ရာ ကြိုးစား သင်ယူပြီး အမှန်တကယ်ကြီးပွားအောင်မြင်သော စံပြကျေးရွာများအဖြစ် ဂုဏ်ဆောင်နိုင်ရေး ကြိုးပမ်းအားထုတ်ကြစေလိုကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။ **သတင်းစဉ်**



❏ရှေ့ဖုံးမှ

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျောက်တစ်လုံးသစ်ဆိပ်သို့ သယ်ယူရောက်ရှိ စုပုံထားသည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်ထုတ် သစ်များနှင့် ခြောက်သွေ့ရာသီတွင် မီးဘေးကာကွယ်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုများအား ကြည့်ရှုစစ်ဆေးခဲ့ပြီး သစ်ဆိပ်ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးလိုအပ်သည်များအား မှာကြားသည်။

ထို့နောက် စစ်တောင်းမြစ် ရေဝေရေလဲ ဒေသထိန်းသိမ်းရေး ၂၀၁၈ ခုနှစ်တွင် စိုက်ပျိုးတည်ထောင်ထောင်မည့် ရေဝေရေလဲစိုက်ခင်း ဧက ၅၀ အတွက် ပျိုးပင်များ စိုက်ပျိုးတည်ထောင်ထားသည့် အောက်ပေါင်းလောင်းဆည်တမံ အနီးရှိ သစ်တောပျိုးဥယျာဉ်အား စစ်ဆေးသည်။

ဆက်လက်၍ ကင်းသာ-ပင်လောင်းလမ်း မိုင်တိုင်အမှတ် (၃/၀) အနီး ရေဆင်းနယ် ဖြင်ကျယ်ကြိုးဝိုင်းအတွင်းမှ ထုတ်လုပ်သည့် သစ်များအတွက် ဖွင့်လှစ်ထားသည့် ကင်းသာသစ်ဆိပ် (နေပြည်တော်)သို့ ရောက်ရှိစစ်ဆေးခဲ့သည်။

ယင်းနောက် ကင်းသာ-ပင်လောင်းလမ်း မိုင်တိုင်အမှတ် (၅/၀)အနီး တောင်ကြီး သစ်ထုတ်ရေးဒေသလက်အောက်ရှိ ကင်းသာသစ်ဆိပ် (တောင်ကြီး)သို့ ရောက်ရှိပြီး သစ်ဆိပ်အတွင်း လှည့်လည်စစ်ဆေးကြည့်ရှုခဲ့၍ ဈေးနှုန်းအမြင့်မားဆုံးရရှိရန် သစ်ဆိပ်သို့ ရောက်ရှိပြီး အရည်အသွေးမြင့်သစ်လုံးများအား အမြန်ဆုံး လပ်ပုံထိုင်၊ တင်ဒါခေါ်ယူရန်၊ သစ်တိုက်လုပ်ငန်းများအတွက် ယာဉ်နှင့် စက်သုံးဆီများ အလေအလွင့်မဖြစ်စေရေး စနစ်တကျ ကြီးကြပ်ဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

မွန်းလွဲပိုင်းတွင် ရန်ကုန်-မန္တလေး (လမ်းဟောင်း) မိုင်တိုင်အမှတ် (၂၆၂/၀) အနီးရှိ ဝန်ပြန်ကျေးရွာအနီး မြန်မာနိုင်ငံဝါးစိုက်ပျိုးရေးအသင်း ဥက္ကဋ္ဌ ဦးကျော်ဝင်း၏ Green Gold ဝါးပျိုးဥယျာဉ်နှင့် ဝါးအခြေခံလူသုံးကုန်နှင့် ဆောက်လုပ်ရေး၊ အိမ်သုံးပရိဘောဂများထုတ်လုပ်နိုင်ရေး ဆောင်ရွက်နေမှုများအား ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ရေဆင်းတက္ကသိုလ်များနယ်မြေရှိ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်တွင် ဆောင်ရွက်လျက်ရှိသော သစ်တောသိပ္ပံဘွဲ့ရ ကျောင်းသား ကျောင်းသူများအား သစ်တောဦးစီးဌာနတွင် တောအုပ်ကြီးအဆင့် အလုပ်ဝင်ခွင့် ရေးဖြေစာမေးပွဲစစ်ဆေးခြင်း၊ ရေဆင်းသစ်တောသုတေသနဌာနတွင် သစ်တောဦးစီးဌာနနှင့် Korea Forest Service (KFS) တို့ ပူးပေါင်းဖွင့်လှစ်သည့် သစ်တောဦးစီးဌာနမှ ကွင်းဆင်းဝန်ထမ်းများ GPS ကိုင်တွယ် အသုံးပြုခြင်း၊ Global Mapper နှင့် ArcGIS software များ အသုံးပြု၍ မြေပုံထုတ်လုပ်ခြင်း သင်တန်းနှင့် သစ်တောဦးစီးဌာန၊ တောရိုင်း တိရစ္ဆာန်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနမှ တောကြပ်နှင့် ရုံးဝန်ထမ်းများ ရာထူးတိုးစာမေးပွဲနှုတ်ဖြေစစ်ဆေးခြင်းတို့အား လည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❍ရှေ့ဖုံးမှ

The Consortium of Tokyu Touollk၊ Tokyu Construction Co., Ltd. ၊ Toyo Construction Co., Ltd နှင့် IHI Construction Service Co., Ltd တို့မှ ဂျပန်အင်ဂျင်နီယာများ ဦးစီးကာ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ လုပ်သားများဖြင့် နေ့၊ ည မပြတ် တည်ဆောက် လျက်ရှိသည်။

“ ဒီတံတားတည်ဆောက်နေတာကြာပြီ၊ ခုထိမပြီးသေးဘူး၊ တခြားတံတားတွေဆို ဒီလောက်မကြာဘူး၊ ဂျပန်နိုင်ငံက တာဝန်ယူတည်ဆောက်တာဆိုတော့ တော်တော်လေးကြာတယ်၊ ကြာတာထက် ဒီလမ်းကြောက ဟိုဘက်က တံတားတွေလည်း တည်ဆောက်နေတော့ ယာဉ်လမ်းကြောတွေ တော်တော်လေးကို ပိတ်တယ်၊ အဲဒီတံတားကြီးပြီးသွားရင်တော့ ယာဉ်လမ်းကြောကျပ်တည်းမှုကို အဆင်ပြေသွားနိုင်ပါတယ်” ဟု အငှားယာဉ်မောင်းတစ်ဦးက ပြောသည်။

ယခုဂျပန်နိုင်ငံမှ တာဝန်ယူတည်ဆောက်လျက်ရှိသော သာကေတတံတားသစ်ကြီးသည် ကြိုတင်အားဖြည့် သံကူကွန်ကရစ် ကြိုးဆိုင်းတံတားဖြစ်ပြီး အရှည်ပေ ၈၃၀(၂၅၃ မီတာ)၊ တံတားအကျယ် ၂၀ ဒသမ ၅ မီတာ ကျယ်ဝန်းပြီး လျာထားခန့်မှန်းကုန်ကျငွေ ဂျပန်ယန်း ၄၂၁၆ သန်း လျာထားသုံးစွဲခဲ့သည်။ ယင်းတံတားကြီးကို လျာထားပြီးခဲ့သော ၂၀၁၅ ခုနှစ် နှစ်ဆန်းပိုင်းက စတင်အကောင်အထည်ဖော်တည်ဆောက်ခဲ့ပြီး ယခုနှစ်ဆန်းပိုင်းအပြီး တည်ဆောက်ရန် လျာထားခဲ့သော်လည်း အကြောင်းအမျိုးမျိုးတို့ကြောင့် လအနည်းငယ် နောက်ဆုတ်ခဲ့ရကြောင်း သိရသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**

## အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်)တွင် မြဝတီတေးဂီတနှင့် ဖျော်ဖြေရေးအဖွဲ့များ ဖျော်ဖြေတင်ဆက်မည်

**နေပြည်တော် မတ် ၁၀**
အမျိုးသားအထိမ်းအမှတ်ဥယျာဉ် နေပြည်တော်တွင် မြဝတီတေးဂီတအဖွဲ့နှင့် အမှတ် (၁/၂/၄) နယ်လှည့် ပြည်သူဆက်ဆံရေးတပ်ခွဲတို့ ပူးပေါင်း၍ မတ် ၁၁ ရက် တနင်္ဂနွေနေ့တွင် နံနက် ၉ နာရီမှ ညနေ ၃ နာရီအထိ ဖျော်ဖြေတင်ဆက် သွားမည်ဖြစ်သည်။

အဆိုပါ ဖျော်ဖြေရေး အစီအစဉ်များအား အများပြည်သူများ အခမဲ့လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

# Myanmar Scholars and Leaders Program နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး




**ရန်ကုန် မတ် ၁၀**
ပညာရေးဝန်ကြီးဌာန လေ့လာဆန်းစစ် အကဲဖြတ်ရေးအဖွဲ့ (သုတေသန)နှင့် The Burmese American Community Institute (BACI) တို့ ပူးပေါင်းဆောင်ရွက်သည့် Myanmar Scholars and Leaders Program နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီးက ပညာရေးဝန်ကြီးဌာန အနေဖြင့် Myanmar Scholars and Leaders Program အတွက် နားလည်မှုစာချွန်လွှာ MoU လက်မှတ်ရေးထိုးနိုင်ခြင်းအား ဂုဏ်ယူပါကြောင်း၊ The Burmese American Community Institute (BACI) နှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်းသည် ပညာရေးဝန်ကြီးဌာန၏ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်လိုသော စိတ်ဆန္ဒကို ထင်ဟပ်စေပါကြောင်း၊ ပညာရေးဝန်ကြီးဌာနသည် အမျိုးသားပညာရေးမဟာဗျူဟာ စီမံကိန်းကို အကောင်ထည်ဖော်ဆောင်ရွက်နေပါကြောင်း၊ ထိုစီမံကိန်းသည် မြန်မာ့ပညာရေး အရည်အသွေးတိုးတက်ရေးနှင့် ကျောင်းသား ကျောင်းသူတို့ကို အရည်သွေးပြည့်မီသော ပညာရေးရရှိစေရန် အဓိကထား ဆောင်ရွက်နေပါကြောင်း။

ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းသား ကျောင်းသူများ၏ ပညာရေးတိုးတက်မှုအတွက် ရင်းနှီးမြှုပ်နှံမှု၏ အရေးကြီးခြင်းကို နားလည်ပါကြောင်း၊ အမျိုးသားပညာရေး မဟာဗျူဟာ စီမံကိန်း၏ ရည်မှန်းချက်ပန်းတိုင် အောင်မြင် ပေါက်မြောက်ရေးအတွက် လိုအပ်သော အရင်းအမြစ်များကို ထောက်ပံ့ပေးရန် ဆောင်ရွက်နေပါကြောင်း၊ အမေရိကန်ပြည်ထောင်စုမှ အကူအညီများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ရရှိခြင်းကြောင့် ကျေနပ်မိပါကြောင်း၊ ရန်ကုန်တက္ကသိုလ်ကို အရှေ့တောင်အာရှတွင် သုတေသနစင်တာနှင့် ပညာရှင်များ မွေးထုတ်ပေးရာ အကောင်းဆုံး တက္ကသိုလ်တစ်ခုအဖြစ် ပေါ်ပေါက်ရန် အမေရိကန်နိုင်ငံအပါအဝင် မိတ်ဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း။

ကမ္ဘာတစ်ဝန်းရှိ တက္ကသိုလ်များမှ ပူးပေါင်းဆောင်ရွက်လိုသော မိတ်ဖက်အဖွဲ့အစည်းများကို ဖိတ်ခေါ်လိုပါကြောင်း၊ ထိုအဖွဲ့အစည်းများ၊ တက္ကသိုလ်များ၏ ပူးပေါင်းဆောင်ရွက်မှုများသည် မြန်မာနိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ်များ တက္ကသိုလ်များ တည်ဆောက်ရာတွင် အကျိုးဖြစ်ထွန်းစေပြီး ဒီမိုကရေစီစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုပါကြောင်းနှင့် ပရိုဂရမ်မှ အောင်မြင်ဖြစ်ထွန်း၍ အကျိုးရှိသော ရလဒ်ကောင်းများကို မျှော်လင့်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာ စကော့ အလန်မာစီရယ်က အမှာစကားပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန လေ့လာဆန်းစစ် အကဲဖြတ်ရေးအဖွဲ့ (သုတေသန)မှ ညွှန်ကြားရေးမှူးချုပ် (တာဝန်) ဒေါက်တာ စိုင်းကျော်နိုင်ဦးနှင့် BACI မှ Executive Director, Mr. Elaisa Vahnie တို့က Myanmar Scholars and Leaders Program နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးကြသည်။

ယနေ့ရေးထိုးသည့် နားလည်မှုစာချွန်လွှာအရ မြန်မာနိုင်ငံမှ ထူးချွန်လူငယ်လူရွယ်များအား အမေရိကန်နိုင်ငံရှိ တက္ကသိုလ်များတွင် Public Policy , Economics, Law, Engineering, Water Management, Agriculture နှင့် အခြား Social Science ဘာသာရပ်များနှင့် သက်ဆိုင်သည့် မဟာဘွဲ့များ၊ ပါရဂူဘွဲ့ သင်တန်းများကို စေလွှတ်သင်ကြားနိုင်ရေး ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# (၈)ကြိမ်မြောက် မဲခေါင်ဒေသတွင်း အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် မတ် ၁၀**
ထိုင်းနိုင်ငံ လူမှုဖွံ့ဖြိုးတိုးတက်ရေးနှင့် လူထုလုံခြုံရေးဝန်ကြီးဌာနနှင့် Japan International Cooperation Agency (JICA) တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် Project on Capacity Development on Assisting Victims of Trafficking in Persons in the Greater Mekong Sub-Regional Countries အရ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် မတ် ၇ ရက်မှ ၉ ရက်အထိ ကျင်းပသည့် လူကုန်ကူးခံရသူများအတွက် လူမှုအသိုင်းအဝိုင်းအတွင်း ပြန်လည်ပေါင်းစည်းနေထိုင်ရေးနှင့် ၎င်းလုပ်ငန်းစဉ်များအား တိုးမြှင့်ဆောင်ရွက်နိုင်ရေးနှင့်ပတ်သက်၍ (၈)ကြိမ်မြောက် မဲခေါင်ဒေသတွင်း အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပသည်။

အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်ထွန်းနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့များ၊ မဲခေါင်ဒေသတွင်းနိုင်ငံများဖြစ်သည့် မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ လာအိုနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံနှင့် ဂျပန်နိုင်ငံတို့မှ အစိုးရဌာန ဆိုင်ရာများမှ ကိုယ်စားလှယ် ၃၆ ဦး တက်ရောက်ခဲ့ပြီး တရုတ်နိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့မှ ပထမဆုံးအကြိမ် လေ့လာသူအဖြစ် လည်းကောင်း၊ ထိုင်းနိုင်ငံရှိ ဌာနဆိုင်ရာများနှင့် UN Agencies၊ Civil Society တို့မှ လည်းကောင်း စုစုပေါင်းလေ့လာသူ ၆၇ ဦး တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် ထိုင်းနိုင်ငံ လူမှုဖွံ့ဖြိုးတိုးတက်ရေးနှင့် လူထုလုံခြုံရေးဝန်ကြီးဌာနမှ Technical Advisor, Ms. Wuwaree Jaiharn နှင့် Japan International Cooperation Agency(JICA) Thailand မှ Chief Representative, Mr. Hiroo Tanaka တို့မှ အဖွင့်အမှာစကားပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲအတွင်း လူကုန်ကူးခံရသူများအား ပြန်လည်ဝင်ဆံ့ ပေါင်းစည်းခြင်းဆိုင်ရာ လုပ်ငန်းရပ်များဆောင်ရွက်ရာတွင် လိုက်နာဆောင်ရွက်ရမည့် စံနှုန်းများ၊ လူကုန်ကူးခံရသူများအတွက် တရားရေးဆိုင်ရာ အကူအညီအထောက်အပံ့များ၊ တက်ရောက်လာသောနိုင်ငံများမှ မိမိတို့နိုင်ငံအလိုက် မူဝါဒနှင့် ပူးပေါင်း ဆောင်ရွက်မှုများ၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးလုပ်ငန်းများနှင့် ပတ်သက်၍ အပြန်အလှန် တင်ပြဆွေးနွေးခဲ့ကြသည်။ ယခု အလုပ်ရုံဆွေးနွေးပွဲတွင် ဆွေးနွေးခဲ့သော ရလဒ်များအရဒေသတွင်း နိုင်ငံများအကြား လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး (Regional Cooperation) ကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။



JAPAN INTERNATIONAL COOPERATION AGENCY (JICA) သည် မြန်မာနိုင်ငံတွင်လည်း ''PROJECT ON CAPACITY DEVELOPMENT AND PROMOTION OF NETWORKING ON ASSISTING VICTIMS OF TRAFFICKING'' ကိုလူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ၂၀၁၈ ခုနှစ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပြီး ၎င်း Project အရ လူကုန်ကူးခံရသူများအား တိုက်ရိုက်ဝန်ဆောင်မှုပေးနေသူများအား စွမ်းရည်မြှင့်တင်ခြင်း၊ ဝန်ဆောင်မှုပေးနေသူအချင်းချင်း ချိတ်ဆက်ဆောင်ရွက်မှုများ ပိုမိုကောင်းမွန်လာစေရန် Net Work ထူထောင်ခြင်းနှင့် လူကုန်ကူးခံရသူများအတွက် သတင်းအချက်အလက် မျှဝေရာစင်တာ ထပ်မံထူထောင်ခြင်း၊ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ခြင်းစသည့် လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း အမှုဆောင်များရွေးချယ်



**နေပြည်တော် မတ် ၁၀**
မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း၏ ၂၀၁၈-၂၀၂၀ ခုနှစ် ပဉ္စမသက်တမ်းအတွက် ဗဟိုအလုပ်အမှုဆောင်နှင့် အလုပ်အမှုဆောင်များ ရွေးချယ်တင်မြှောက်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပသည်။

ရွေးဦးစွာ ကော်မရှင်ဥက္ကဋ္ဌ ဦးညီညီက အဖွင့်အမှာစကား ပြောကြားပြီး ကော်မရှင်အတွင်းရေးမှူးက ရွေးချယ်တင်မြှောက်ပွဲနှင့် ပတ်သက်၍ စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အသင်းချုပ်ရှိ မဲပေးပိုင်ခွင့်ရှိသူ အသင်းသူ အသင်းသားများက ဆန္ဒမဲပေးကြပြီး မဲစာရင်းကြီးကြပ်အဖွဲ့များက မဲရေတွက်ခြင်းများကို ဆက်လက်ဆောင်ရွက်ကြသည်။

ယင်းနောက် ရွေးချယ်တင်မြှောက်ရေး ကော်မရှင်အတွင်းရေးမှူးက မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌသစ်အဖြစ် ဦးလဖိုင်ခွန်ဆာ (ရောကျောက်စိမ်းကုမ္ပဏီလီမိတက်)နှင့် ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးများ ဗဟိုအလုပ်အမှုဆောင်၊ အလုပ်အမှုဆောင်များတို့၏ အမည်စာရင်းများကို ကြေညာသည်။

မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်၏ ပဉ္စမသက်တမ်းအတွက် သက်ဆိုင်ရာကဏ္ဍာရာထူးအလိုက် ရန်ကုန် -မန္တလေး နေပြည်တော်မှ ၁၃၇ ဦးလျှောက်ထားရာ အသင်း၏ စည်းမျဉ်းစည်းကမ်းနှင့် ကိုက်ညီသူ ၁၀၄ ဦးကို အရွေးချယ်ခံအဖြစ် သတ်မှတ်ပြီး အသင်းချုပ်ရှိ စည်းမျဉ်းစည်းကမ်းနှင့် ကိုက်ညီ၍ မဲပေးပိုင်ခွင့်ရှိသူ ၃၈၅ ဦး ရှိကြောင်း သိရသည်။ **ထိန်နန်နေဘ်(သတင်းစဉ်)**

**ရမည်သင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စန်းဝင်းကြီးကြပ်သော မှုခင်းပညာပေးပြခန်းယာဉ်ပြသခြင်းနှင့် အသိပညာပေးဟောပြောပွဲကို မတ်လပထမပတ်က ယင်းတော် ရဲကင်းစခန်းရှေ့တွင် ပြုလုပ်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး မျိုးမြင့်လွင်နှင့် ယင်းတော် ရဲကင်းစခန်းမှူး ဒုရဲအုပ် သက်ကိုလင်းတို့က ယာဉ်စည်းကမ်း၊ လမ်းစည်း ကမ်းနှင့် မှုခင်းကျဆင်းရေးအကြောင်း ရှင်းလင်းဟောပြောစဉ်။**
ကိုရဲ



**ဥပဒေဘောင်တွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ**

# ပညာရေးဖြင့် ဘဝ၏ အလင်းရောင်ကို ထွန်းညှိနေကြသော အမှောင်တစ်ဖက်ခြမ်းမှ လူသားများ

**ရန်ကုန် မတ် ၁၀**

၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ်လ ၇ ရက်နေ့ နံနက် ၉ နာရီမှ စတင်၍ မြန်မာတစ်နိုင်ငံလုံးတွင် တစ်ပြိုင်တည်း ကျင်းပခဲ့သည်။ တစ်နိုင်ငံလုံးတွင် တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုရန်အတွက် စာရင်းသွင်းခဲ့သည့် ကျောင်းသား ကျောင်းသူ ၈၄၄၃၅၈ ဦး ရှိခဲ့ပြီး ထိုသို့ဝင်ရောက်ဖြေဆိုရာတွင် အမြင်အာရုံချို့ယွင်းသည့် ကျောင်းသား ကျောင်းသူများလည်းပါဝင်ခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးတွင် တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုရန်အတွက် အမြင်အာရုံချို့ယွင်းသည့် ကျောင်းသား ကျောင်းသူ ၁၃ ဦးစာရင်းပေးခဲ့ပြီး အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်း ကြည့်မြင်တိုင်စာစစ်ဌာနတွင် ခြောက်ဦးနှင့် အမှတ် (၈) အခြေခံပညာအထက်တန်းကျောင်း အင်းစိန်စာစစ်ဌာနတွင် ခုနစ်ဦး ဝင်ရောက်ဖြေဆိုခဲ့သည်။

**ကူညီဖြေဆိုပေး**

မရမ်းကုန်းမြို့နယ်ရှိ ရန်ကုန် မျက်မမြင်ကျောင်း(ခဝဲခြံ) မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဇီးနာဒွန်းက "အခုနှစ်မှာ ကျွန်မတို့ဆီက ၁၀ တန်းဖြေဆိုနေတာ ခုနစ်ဦးရှိပါတယ်၊ ကျွန်မတို့ကျောင်းမှာရှိတဲ့ ကလေးတွေရဲ့ပညာရေးအနေနဲ့ ရှစ်တန်းအထိ အလက (၃) မရမ်းကုန်းမှာ သင်ကြားခဲ့ကြပါတယ်၊ အထက်တန်းအဆင့်ရောက်ရင်တော့ အထက(၂) အင်းစိန်မှာ ပြောင်းရွှေ့တက်ရောက်ပါတယ်၊ အခုလို တက္ကသိုလ်ဝင်စာမေးပွဲ မဖြေဆိုခင်မှာ အရည်အချင်းစစ် စာမေးပွဲအနေနဲ့ ဖေဖော်ဝါရီလက အထက (၂) အင်းစိန်မှာ ဖြေဆိုခဲ့ရပါတယ်၊ အဲဒီလိုဖြေဆိုခဲ့ပြီးမှ အခုစာမေးပွဲကို ဝင်ရောက်ဖြေဆိုတာ ဖြစ်ပါတယ်၊ ဖြေဆိုတဲ့အခါမှာလည်း သူတို့ရဲ့တစ်ဆင့်နိမ့်အတန်းဖြစ်တဲ့ ကိုးတန်း ကျောင်းသား ကျောင်းသူတွေက ကူညီဖြေဆိုပေးရတာဖြစ်ပါတယ်၊ ကိုးတန်းကလေးတွေက မေးခွန်းဖတ်ပေးရတယ်၊ ဖြေဆိုသူတွေက နှုတ်နဲ့ပြန်ပြောပြတာကို ကူညီဖြေဆိုပေးတဲ့ ကိုးတန်းကလေးတွေက လက်နဲ့လိုက်ရေးပေးရတာပါ" ဟု အဆိုပါကျောင်းမှ ကျောင်းသား ကျောင်းသူများ တက္ကသိုလ်ဝင်တန်း ဝင်ရောက်ဖြေဆိုသည့် အခြေအနေကို ပြောပြသည်။

မရမ်းကုန်းမြို့နယ်ရှိ ခဝဲခြံကျောင်းမှနေ၍ ရန်ကုန်တိုင်းတစ်တိုင်းလုံးတွင် ဝိဇ္ဇာတွဲအနေဖြင့် ဒုတိယတစ်ကြိမ်၊ တတိယတစ်ကြိမ်ရရှိခဲ့ဖူးကြောင်း ဒေါ်ဇီးနာဒွန်းထံက သိရသည်။

**ကိုယ့်မှာရှိတဲ့အစွမ်းအစကိုဖော်ထုတ်**

အင်းစိန်မြို့နယ် အမှတ် (၈) အခြေခံပညာ အထက်တန်းကျောင်း၌ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေသည့် အမြင်အာရုံချို့ယွင်းသည့် ကျောင်းသား မောင်ဗျာယေရမိက "သုံးရက်လုံးဖြေဆိုတာ အားရမှုရှိခဲ့ပါတယ်၊ နှစ်စကတည်းက အများကြီးကြိုးစားခဲ့ရတယ်၊ အချိန်ယူပြင်ဆင်မှုတွေ လုပ်ခဲ့ရပါတယ်၊ ကျောင်းကလည်း အများကြီးလုပ်ပေးသလို ဆရာ ဆရာမတွေကလည်း သေချာဂရုစိုက်ပြီး သင်ကြားပေးပါတယ်၊ ဖြေဆိုခဲ့တဲ့ ဘာသာတွေထဲမှာ မြန်မာဘာသာကို အားရပါတယ်၊ သင်္ချာဘာသာကတော့ နည်းနည်း အားနည်းခဲ့ပါတယ်၊ ဒီကနေ့သင်္ချာဖြေဆိုတဲ့အချိန်မှာ နားမလည်တဲ့ အချို့သင်္ကေတတွေဆိုရင် ကျွန်တော့်ကို ကူညီ ဖြေဆိုပေးတဲ့ သူကတစ်ဆင့် အတန်းစောင့်ဆရာမဆီ မေးပေးပြီး ကူညီပေးတာမျိုးရှိပါတယ်၊ ဆယ်တန်းအောင်လို့ ဘွဲ့ရပြီးရင်တော့ ကျွန်တော်တို့ကျောင်းမှာပဲ ပြန်လည်မျှဝေ သင်ကြားပေးသွားမှာ ဖြစ်ပါတယ်၊ ပြည်သူတွေအနေနဲ့ ကျွန်တော်တို့လိုသူတွေကို ပံ့ပိုးမှုပေးစေချင်ပါတယ်၊ ကျွန်တော်တို့ အမြင်အာရုံ အားနည်းပေမယ့် ကိုယ့်မှာရှိတဲ့ အစွမ်းအစကို ဖော်ထုတ်နိုင်အောင် ကူညီပြီးဝိုင်းဝန်းပေးကြပါ" ဟု ပြောသည်။

အဆိုပါကျောင်းတွင် နေထိုင်၍ အင်းစိန်မြို့နယ် အမှတ် (၈) အခြေခံပညာ အထက်တန်းကျောင်း၌ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေသည့် ကျောင်းသူ မခွန်နန်နန်က အောင်မြင်ပါက တက္ကသိုလ်ဆက်တက်မည်ဖြစ်ပြီး ဘွဲ့ရရှိပြီးပါက ဘဝတူအချင်းချင်းပညာကို ပြန်လည်မျှဝေ သင်ကြားပေးလိုကြောင်း ပြောပြသည်။

မခွန်နန်နန်က "တစ်နှစ်ပတ်လုံး ဆရာ ဆရာမတွေ သင်ကြားပေးခဲ့တာတွေကို ဂရုတစိုက်နားထောင်ပြီး သေချာကြိုးစားခဲ့တာကြောင့် လက်ရှိအခြေအနေထိကတော့ အားလုံးကောင်းမွန်စွာ




**မတ်လ ၉ ရက်နေ့ သင်္ချာဘာသာရပ်ဖြေဆိုအပြီး အမှတ် (၈) အခြေခံပညာအထက်တန်းကျောင်း အင်းစိန်စာစစ်ဌာနတွင် ဝင်ရောက်ဖြေဆိုလျက်ရှိသော အမြင်အာရုံချို့ယွင်းနေသည့် ကျောင်းသား ကျောင်းသူများ ဖြေဆိုအပြီး ကူညီပေးသူလူငယ်များနှင့်အတူ တွေ့ရစဉ်။** ဓာတ်ပုံ - ဖိုးဇော်

ဖြေဆိုနိုင်ခဲ့ပါတယ်၊ ကျွန်မတို့က သင်္ချာနဲ့ အင်္ဂလိပ်တော့ နည်းနည်းအားနည်းတာမျိုးတော့ ရှိပါတယ်၊ ကိုယ်တိုင်မမြင်ရတဲ့အတွက် တခြားတစ်ယောက်က ကူညီပြီး ရေးပေးရတာမျိုး လုပ်ပေးရပါတယ်၊ အဲဒီအခါမှာ ကျွန်မတို့က တိုင်းရင်းသားဖြစ်တဲ့အတွက် ကိုယ်ပြန်ပြောတာကို နားမလည်တာမျိုး အခက်အခဲ နည်းနည်းတော့ရှိပါတယ်၊ ကျွန်မကတော့ ဒီနှစ်သေချာပေါက် အောင်မယ်လို့ ယုံကြည်ထားပါတယ်၊ ဘယ်အရာမဆို အခက်အခဲတော့ရှိပါတယ်၊ အခက်အခဲကို ကြောက်ရွံ့ခြင်းမရှိဘဲ သတ္တိရှိရှိနဲ့ ရင်ဆိုင်သွားရင် ဘာမဆို အောင်မြင်နိုင်ပါတယ်" ဟု ပြောသည်။

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပေါက်မြို့မှနေ၍ ကြည့်မြင်တိုင် ကျောင်းသို့ ၂၀၀၈ ခုနှစ်ကတည်းက ရောက်ရှိကာ အထက(၂) ကြည့်မြင်တိုင် စာစစ်ဌာနတွင် တက္ကသိုလ်ဝင်တန်း ဝင်ရောက်ဖြေဆိုနေသူ မောင်ထင်လင်းအောင်က အဖြစ်ချင်ဆုံးဆန္ဒကို ယခုကဲ့သို့ ပြောသည်။

"အမြင်အာရုံချို့ယွင်းသူတွေကို ပညာဝေမျှပေးနိုင်တဲ့ ကျောင်းဆရာ တစ်ယောက်ဖြစ်ချင်ပါတယ်၊ တွဲဖက်လုပ်ဆောင်ချက် တစ်ခုအနေနဲ့ လုပ်ရမယ်ဆိုရင် ကျွန်တော် audio engineer ဖြစ်ချင်ပါတယ်" ဟု ပြောသည်။

မောင်ထင်လင်းအောင် နေထိုင်သည့် ကြည့်မြင်တိုင်ကျောင်းတွင် ကျောင်းသားဘဝမှနေ၍ ဆရာ ဆရာမအဖြစ်ပြန်လည်တာဝန်ထမ်းဆောင်သူများရှိသလို ကျောင်းဝန်ထမ်းအဖြစ် ဆောင်ရွက်နေသူများလည်းရှိသည်။

**ဖြေဆိုနိုင်အောင်ကြိုးစားခဲ့**

မောင်ထင်လင်းအောင်က "ကျွန်တော့် အသက် (၂၂) နှစ်ရှိပါပြီ၊ ၁၀ တန်းစာမေးပွဲကို အခုနှစ်မှ စဖြေတာပါ၊ ကျွန်တော်တို့စာမေးပွဲဖြေတဲ့အခါ ကျွန်တော်တို့ထက် တစ်တန်းငယ်တဲ့ ကိုးတန်းက ကျောင်းသားကို အကူအညီတောင်းပြီး သူတို့ရဲ့အကူအညီနဲ့ အတူတူဝင်ဖြေရပါတယ်၊ အခက်အခဲကတော့ သင်္ချာဆိုရင် လက္ခဏာမှား မှာ စိုးရိမ်တယ်၊ အင်္ဂလိပ်ဆိုရင် T နဲ့ D နောက် L ၊ M ၊ N လိုမျိုးစာလုံးပေါင်း မှားသွားမှာမျိုး တွေရှိနိုင်ပါတယ်၊ ဒါပေမယ့် အခုဖြေတဲ့အခါမှာ ကျွန်တော်တို့ကို ကူညီပေးတဲ့ ကလေးတွေက တော်တော်လေး ကောင်းပါတယ်၊ ဒီနေ့က သင်္ချာဖြေရတယ်၊ ဖြေခဲ့တဲ့ သုံးရက်တာမှာ မြန်မာစာတော့ အားရပါတယ်၊ အင်္ဂလိပ်စာမေးခွန်းက နည်းနည်းခက်ပေမယ့် ကျွန်တော် သေချာဂရုစိုက်ပြီး ဖြေခဲ့တော့ ဖြေနိုင်ပါတယ်၊ ဒီနေ့ သင်္ချာမေးခွန်းက လွယ်ပါတယ်၊ အကုန်လုံး မဖြေနိုင်ပေမယ့် အများစုကို ဖြေဆိုနိုင်အောင် ကြိုးစားခဲ့ပါတယ်" ဟု ပြောသည်။

တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုရန်အတွက် အမြင်အာရုံ



**သင်္ချာဘာသာရပ် စာမေးပွဲဖြေဆိုအပြီး တွင် တွေ့ရသော မောင်ထင်လင်း အောင်နှင့် မဝေဇာခိုင်** ဓာတ်ပုံ - ဖိုးဇော်

ချို့ယွင်းသည့် ကျောင်းသား ကျောင်းသူများကို ကူညီဖြေဆိုရန် လူငယ်စေတနာ့ဝန်ထမ်းများကို အခြေခံပညာဦးစီးဌာနမှ ၂၀၁၈ ခုနှစ်တွင် နဝမတန်း ဖြေဆိုထားပြီးသူများကို ခေါ်ယူ၍ စနစ်တကျလေ့ကျင့်ပေးထားကြောင်း ဒုတိယကျောင်းအုပ်ကြီး ဦးအောင်စိုးဝင်းထံမှ သိရသည်။

**သေချာလေ့ကျင့်ပေးထား**

ဦးအောင်စိုးဝင်းက "ကလေးတွေကို ကူညီဖြေဆိုပေးတဲ့ စေတနာ့ဝန်ထမ်းလူငယ်တွေကို အခြေခံပညာဦးစီးဌာနကပဲ ရွေးချယ်တာပါ၊ ကိုးတန်းအောင်ပြီး ဒီနှစ် ၁၀ တန်းတက်မယ့် ကလေးတွေပေါ့၊ သင်္ချာဆိုလို့ ရှိရင်လည်း လက္ခဏာတွေ မမှားအောင်၊ အင်္ဂလိပ်စာဆိုလည်း စာလုံးပေါင်း အသံထွက်လေးတွေကအစ မမှားအောင် သေချာလေ့ကျင့်ပေးထားပါတယ်" ဟု ပြောသည်။

အင်းစိန်မြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ နဝမတန်း ဖြေဆိုထားသူ မောင်ညဏ်အောင်လင်းက အမြင်အာရုံချို့ယွင်းသည့် ကျောင်းသား ကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုရာတွင် ကူညီဖြေဆိုပေးရသည့် ပီတိနှင့် အခက်အခဲကို ယခုလို ပြောပြသည်။

မောင်ညဏ်အောင်လင်းက "အခက်အခဲအနေနဲ့ကတော့ ကျွန်တော်တို့အနေနဲ့ ၁၀ တန်း သင်္ကေတတွေကို မသိတာမျိုး ရှိပါတယ်၊ အဲတာတွေကိုလည်း ဆရာမတွေက ကြိုတင်သင်ကြားပေးထားတဲ့အတွက် အောင်အောင်မြင်မြင်နဲ့ ဖြတ်သန်းနိုင်ခဲ့ပါတယ်၊ ကျွန်တော်တို့ဖတ်ပြလိုက်တဲ့ မေးခွန်းကို သူတို့က နားမလည်ဘူးဆိုရင် အခန်းစောင့်ဆရာမကို ဖတ်ပြခိုင်းလို့ ရပါတယ်၊ အခန်းစောင့် ဆရာမတွေထဲမှာ သင်္ချာဘာသာသင်တဲ့ ဆရာမတစ်ယောက် ထည့်ပေးထားတယ်၊ အခုလို ကူညီခွင့်ရတဲ့အတွက် ဂုဏ်ယူမိပါတယ်၊ ၁၀ တန်းရဲ့ စာမေးပွဲအတွေ့အကြုံလည်း အများကြီးရရှိပါတယ်" ဟု ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲကို ဖြေဆိုရန် စာရင်းသွင်းထားသည့် ကျောင်းသား ကျောင်းသူ ၁၂၁၃၅၈ ဦးရှိသော်လည်း သင်္ချာဘာသာရပ် ဖြေဆိုသည့် နေ့တွင် ၁၁၁၃၂၃ ဦးသာရှိခဲ့ပြီး ၉၈၃၅ ဦး ပျက်ကွက်ခဲ့သည်။

ကြည့်မြင်တိုင် ကျောင်းမှနေ၍ အထက (၂) ကြည့်မြင်တိုင် စာစစ်ဌာနတွင် တက္ကသိုလ်ဝင်တန်း ဝင်ရောက်ဖြေဆိုနေသူ မဝေဇာခိုင်က "ဇာတိက နတ်မောက်ကပါ၊ ဒီရောက်တာ သုံးနှစ်ရှိပြီ၊ နယ်မှာတုန်းက အမြင်အာရုံမကောင်းတော့ ကျောင်းပြန်တက်လို့ ရတယ်ဆိုတာ မသိခဲ့ဘူး၊ ဒီကျောင်းရောက်တော့မှ လုံးဝမမြင်ရတဲ့ သူတွေကျောင်းတက်တယ်၊ ကျောင်းပြန်နေလို့ ရတယ်ဆိုလို့ ကျောင်းပြန်တက်ဖြစ်တာပါ၊ အရင်က မျက်မမြင်ပညာရေးရှိတယ်ဆိုတာကို မသိခဲ့ဘူး" ဟု ပြောသည်။

**ဂုဏ်ထူးရှင်ထွက်ပေါ်**

အဆိုပါကျောင်းမှ အမြင်အာရုံချို့ယွင်းသည့် ကျောင်းသား ကျောင်းသူ ရှစ်ဦးတို့သည် ၂၀၁၇ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲသို့ ရှစ်ဦး ဝင်ရောက်ဖြေဆိုခဲ့ရာ ခြောက်ဦး အောင်မြင်ခဲ့ပြီး တစ်ဘာသာနှင့် နှစ်ဘာသာ ဂုဏ်ထူးရှင်များလည်း ပေါ်ထွက်ခဲ့သည်။ ၂၀၁၇ ခုနှစ်တွင်ပင် အဆိုပါကျောင်းမှနေ၍ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခဲ့သူ ခုနစ်ဦးရှိကာ အောင်မြင်သူ သုံးဦးအနက် တစ်ဘာသာ ဂုဏ်ထူးရှင်တစ်ဦး ထွက်ပေါ်ခဲ့သည်။

"ဒီမှာ ကျွန်တော်အားကျရတဲ့သူဆိုရင် ကျွန်တော်တို့ ကြည့်မြင်တိုင်ကျောင်းမှာ ပထမဆုံးစပြီး ၁၀ တန်းအောင်ခဲ့တဲ့ ဆရာစိန်ဘထွေးနဲ့ ဆရာဇော်ထွေးဦးပါပဲ" ဟု ပြောသည်။

မောင်ထင်လင်းအောင်တစ်ယောက် ၎င်းလေးစားအားကျရသူတွေကို ပြောပြရင်း ဆက်လက်ဖြေဆိုရမည့် စာမေးပွဲအတွက် ပြင်ဆင်ရန် ကျောင်းဝင်းအတွင်းသို့ ပြန်လည်ဝင်ရောက်သွားသည်။

အမြင်အာရုံချို့ယွင်းနေသော်လည်း တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုရန်အတွက် စိတ်အားထက်သန်လျက်ရှိကြသည့် ကျောင်းသား ကျောင်းသူများသည် ပညာရေးဖြင့် သူတို့ဘဝ၏ အလင်းရောင်ကို ထွန်းညှိနေကြသည့် အမှောင်တစ်ဖက်ခြမ်းမှ လူသားများပင်...။

**ရဲခေါင်နှင့် ဇော်ကြီး-ရေးသည်**

## ရှားတောမြို့နယ်၌ ကျောင်းသား ကျောင်းသူ ၅၅ ဦး တက္ကသိုလ်ဝင်တန်းဝင်ရောက်ဖြေဆို

**ရှားတော မတ် ၁၀**

မတ် ၇ ရက်တွင် စတင်သည့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ကယားပြည်နယ် ရှားတောမြို့နယ် အထက ရှားတော စာစစ်ဌာန၌ ကျောင်းသား ကျောင်းသူ ၅၅ ဦး ဝင်ရောက်ဖြေဆိုကြောင်း သိရသည်။

ရှားတောမြို့နယ်တွင် အထက ရှားတော စာစစ်ဌာနတစ်ခုရှိပြီး တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူ အမျိုးသား၂၄ ဦး၊ အမျိုးသမီး ၃၈ ဦး၊ စုစုပေါင်း ၆၂ ဦး စာရင်းရှိခဲ့သော်လည်း အမျိုးသား ခြောက်ဦး၊ အမျိုးသမီးတစ်ဦး စုစုပေါင်း ခုနစ်ဦးဖြေဆိုရန် ပျက်ကွက်ခဲ့ကာ အမျိုးသား ၁၈ ဦး၊ အမျိုးသမီး ၃၇ ဦး စုစုပေါင်း ၅၅ ဦး ဝင်ရောက်ဖြေဆိုလျက်ရှိကြောင်း မြို့နယ်ပညာရေးမှူး ဦးလှမြင့်ထံမှ သိရသည်။

**ကြီးမြင့်နိုင်(လွိုင်ကော်)**

## ထူးခြားသည့်နေ့အပူချိန်

**နေပြည်တော် မတ် ၁၀**

ထူးခြားသည့် နေ့အပူချိန်များမှာ မင်းဘူးမြို့၊ ဆင်ဖြူကျွန်းမြို့၊ ရွှေကျင်မြို့၊ ဖြူးမြို့၊ ငါးသိုင်းချောင်းမြို့နှင့် ဘော်လခဲမြို့တို့တွင် ၃၉ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ လောင်းလုံးမြို့တွင် ၀ ဒသမ ၈၇ လက်မ၊ မြိတ်မြို့တွင် ၀ ဒသမ ၇၉ လက်မ၊ ထားဝယ်မြို့တွင် ၀ ဒသမ ၁၉ လက်မနှင့် ပင်လောင်းမြို့တွင် ၀ ဒသမ ၁၂ လက်မတို့ဖြစ်ကြသည်။

**မိုး/ဇလ**

# မြန်မာ့ဆန်စပါးနှင့် ကမ္ဘာ့ဆန်ဈေးကွက်

မောင်တိုးအောင်

## မြန်မာ့ဆန်စပါး ပြည်ပတင်ပို့မှုသမိုင်း

ဆန်စပါးဟာ မြန်မာနိုင်ငံရဲ့အဓိကစားနပ်ရိက္ခာ(Staple Food)ဖြစ်ပါတယ်။ နိုင်ငံတိုင်းမှာ အဓိကစားနပ်ရိက္ခာ (Staple Food) ကို အလေးအနက်ထား ကိုင်တွယ်ကြပြီး တချို့သော နိုင်ငံများတွင် (Political crop) လို့ တင်စားခေါ်ဝေါ်ကြပါတယ်။ လွန်ခဲ့သော ၃၃ နှစ်ခန့်က သီးနှံစီမံခန့်ခွဲမှု သင်တန်းတစ်ခုမှာ ဆန်အကဲဖြတ်အဖွဲ့ဝင် ဆရာကြီးဦးလှအောင်က **“မင်းတို့အရင်တွေ့ခဲ့ဖူးတဲ့ ကျည်ဆန်က တစ်ဖက်ပဲ ချွန်တယ်၊ အခုထိတွေ့ကိုင်တွယ်ရမယ့် ဆန်စပါးက နှစ်ဖက်ချွန်ဖြစ်လို့ လုပ်ကိုင်ဆောင်ရွက်ရာမှာ တစ်ဖက်တည်းစဉ်းစားလို့မရဘူး၊ နှစ်ဖက်စလုံး အကျိုးရှိဖို့ စဉ်းစားဆုံးဖြတ်ရမှာဖြစ်တယ် (ဥပမာ-စားသုံးသူနဲ့ တောင်သူ၊ ပြည်တွင်းနဲ့ ပြည်ပ၊ စက်ပိုင်နဲ့ ဝန်ထမ်း)”** ဆိုပြီး မှာကြားခဲ့ဖူးပါတယ်။

သမိုင်းအထောက်အထားများအရ ဗိဿနိုးမြို့ဟောင်းမှာ စပါးခွံပါတဲ့ အုတ်ကို တွေ့ရပြီး ဟန်လင်းမြို့ဟောင်း၊ သရေခေတ္တရာမြို့ဟောင်းတွေမှာ ရိက္ခာဖူလုံဖို့ စပါးစိုက်ပျိုးတဲ့ အထောက်အထားတွေ့တယ်လို့ သိရှိရပါတယ်၊ ဒါကြောင့် လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၀၀၀ ကျော် ကတည်းက မြန်မာနိုင်ငံမှာ ဆန်စပါးကို စိုက်ပျိုးစားသောက်တဲ့ အလေ့အထ ရှိခဲ့ပါတယ်။

## ရှေးဘုရင်များလက်ထက် ဆန်စပါးပြည်ပတင်ပို့မှု

ဆန်စပါး ပြည်ပတင်ပို့မှုကို ဟံသာဝတီခေတ် ၁၂၈၇-၁၅၃၉ တွင် မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့သော အီတလီလူမျိုး ဗာသီမာဆိုသူ၏ မှတ်တမ်းအရ ပဲခူးမှ မလက္ကာနှင့် ဆူမတြားကျွန်းများသို့ ဆန်စပါးများ တင်ပို့ရောင်းချကြောင်း သိရှိရပါတယ်။ မလက္ကာမြို့ကို ပေါ်တူဂီများ ၁၅၁၁ ခုနှစ် သိမ်းစဉ်က မြန်မာနိုင်ငံက ဆန်စပါးနှင့် ကုန်စည်တွေ လာရောင်းကြတဲ့ မြန်မာသင်္ဘောသား (သို့) ကုန်သည် ၃၀၀ ခန့် လောက်ရှိနေတယ်လို့ မှတ်တမ်းများအရ သိရှိရပါတယ်။ (၁၇) ရာစုမှာတော့ ဒတ်ချ်တွေဟာ ရခိုင်၊ အင်းဝနဲ့ ပဲခူးဈေးကွက်တွေက ဆန်စပါးဝယ်ယူတယ်လို့ သိရပါတယ်။ ဒတ်ချ်ကုန်တိုက်များကို မြောက်ဦးမြို့တွင် ၁၆၂၄ ခုနှစ်၊ သန်လျင်နဲ့ အင်းဝမြို့တွေမှာ ၁၆၃၅ ခုနှစ်မှာ ဖွင့်လှစ်ရောင်းဝယ်ကြတယ်လို့ ဆရာကြီး လူထုဦးလှရဲ့ “စားစရာဆန်” စာအုပ်မှာ ဖော်ပြထားပါတယ်။ အဲဒီအချိန်က ဆန်စပါးရောင်းဝယ်မှုကို ဘုရင်တွေ ကိုယ်တိုင်ကိုင်တွယ်ကြပြီး ဘုရင်မှခန့်အပ်သည့် ပွဲစားများက သတ်မှတ်ဈေးနှုန်းနဲ့ ရောင်းကြရပါတယ်။ ဘယ်အချိန် ဘယ်ဈေးထားရမယ်ဆိုတာ ဘုရင်ကဆုံးဖြတ်ပြီး ပြည်တွင်းပိုလျှံမှုကိုသာ ပြည်ပသို့ ရောင်းချစေပြီး ဈေးနှုန်း ချိုးဖောက်တဲ့ ပွဲစားကို သေဒဏ်ပေးတဲ့အထိ အရေးယူတယ်လို့ သိရပါတယ်။ ဒီအချိန်ကအများဆုံး တင်ပို့တာ မလက္ကာ၊ ဂျာဗားနဲ့ ဆူမတြားဒေသတွေဖြစ်ပြီး မြန်မာ့ဆန်စပါးတွေဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၅၀၀ ခန့်ကတည်းက ပင်လယ်ရပ်ခြားတိုင်းပြည်တွေကို ရောင်းချနေပြီလို့ဆိုနိုင်ပါတယ်။

> ❖ ပြည်ပတင်ပို့ခြင်းကို မြန်မာနိုင်ငံ ဆန်စပါးရောင်းဝယ်ရေးဦးဆောင်အဖွဲ့၏လမ်းညွှန်ချက်ဖြင့် ဆောင်ရွက်ခဲ့ပြီး ၂၀၀၆-၀၇ ဘဏ္ဍာနှစ်တွင် ဆန်တန်ချိန်(၁၄၀၀၀)ခန့်သာ တင်ပို့နိုင်ခဲ့ရာတွင် ၂၀၀၇-၂၀၀၈ ဘဏ္ဍာနှစ်မှစ၍ ပုဂ္ဂလိကကို အပြည့်အဝ ပြည်ပတင်ပို့မှု လုပ်ကိုင်ခွင့်ပြုခဲ့၍ ဆန်တန်ချိန် (၃.၆) သိန်းထိ ပြန်လည်တင်ပို့နိုင်ခဲ့
>
> ❖ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် နယ်စပ်ဒေသမှ တင်ပို့ခြင်းကိုပါ တရားဝင်ခွင့်ပြုပေးခဲ့ရာ ဆန်တန်ချိန် (၁.၄) သန်းအထိ တင်ပို့နိုင်ခဲ့ပြီး ယခုနှစ် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် (၁၁)လအတွင်း တန်ချိန် (၃.၂) သန်းကျော် တင်ပို့နိုင်ခဲ့၍ ယခုဘဏ္ဍာနှစ် တင်ပို့နိုင်မှုသည် ၁၉၃၄-၃၅ ခုနှစ် နောက်ပိုင်းနှစ်ပေါင်း ၇၃ နှစ်အတွင်း အများဆုံးစံချိန်တင် တင်ပို့နိုင်မှုဖြစ်

## ကိုလိုနီခေတ် ဆန်ပြည်ပတင်ပို့

အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲ ၁၈၂၄-၂၅ အပြီးမှာ စစ်တွေဆိပ်ကမ်းကနေ နိုင်ငံခြားကုမ္ပဏီများက ပြည်ပကို ဆန်စပါး တင်ပို့မှုကို စတင်ခဲ့ကြပါတယ်။ ၁၈၄၀ ပြည့်နှစ်တွင် ဆန်တန်ချိန်(၇၄၅၀၀) တင်ပို့ခဲ့ပြီး ဥရောပဈေးကွက်၊ အာရှဈေးကွက် နှစ်ပိုင်းစလုံး တင်ပို့ခဲ့ပါတယ်။ အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲ (၁၈၅၄-၅၅) ပြီးချိန်မှာ အောက်မြန်မာနိုင်ငံမှာ စပါးစိုက်ပျိုးမှုတိုးလာလို့ တင်ပို့မှုလည်း တိုးတက်လာပါတယ်။ ၁၈၆၅ ခုနှစ်မှာ တန်ချိန် (၁.၆) သိန်း ကျော်၊ စူးအက်တူးမြောင်း (၁၈၆၉) ဖောက်လုပ်ပြီးနောက်ပိုင်း ၁၈၈၀ ပြည့်နှစ်တွင် တန်ချိန် (၈.၅) သိန်းတင်ပို့နိုင်ခဲ့ပါတယ်။ ၁၈၈၃ ခုနှစ်တွင် တွံတေးတူးမြောင်းဖောက်လုပ်ခဲ့ပြီး ၁၈၉၀ ပြည့်နှစ်မှာတော့ တန်ချိန် (၁.၁)သန်းကျော်အထိ တင်ပို့နိုင်ခဲ့ရာမှ ၁၉၀၀ ပြည့်နှစ်မှာတော့ တန်ချိန် (၂) သန်းကျော်အထိ ဆန်ပိုမိုတင်ပို့နိုင်ပါတယ်။ ဆိပ်ကမ်းများလည်း တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီး ၁၉၃၀ ပြည့်နှစ် ပတ်ဝန်းကျင်က အဓိကတင်ပို့တဲ့ ဆိပ်ကမ်းတွေနဲ့ တင်ပို့တဲ့ ရာခိုင်နှုန်းတွေက ရန်ကုန် (၇၃%)၊ ပုသိမ်(၁၂%)၊ စစ်တွေ(၈%)နဲ့ မော်လမြိုင်(၆%) အသီးသီး ဖြစ်ကြပါတယ်။ ထားဝယ်နှင့် မြိတ်ဆိပ်ကမ်းတို့မှလည်း အနည်းငယ်(၁%)ခန့် တင်ပို့ပါတယ်။

အလားတူ ဆန်စက်လုပ်ငန်းများလည်း ဖွံ့ဖြိုးလာပါတယ်။ စတင် ပြည်ပတင်ပို့စဉ်က လုံးတီးဆန်အဖြစ် တင်ပို့ကြပေမယ့် နောက်ပိုင်းဆန်စက်လုပ်ငန်းများ တိုးတက်လာပြီး ဆန်ဖြူ၊ ဆန်ကွဲနဲ့ ပြုတ်ဆန်(ပေါင်းဆန်)များကို တင်ပို့နိုင်တဲ့အပြင် အဆင့်မြင့်ဆန်အဖြစ် ဆန်ဖြူကို သိုးသားရေနှင့်ပွတ်ပြီး အရောင်တင် (Polish) ထားတဲ့ ဆန်များကိုပါ တင်ပို့နိုင်ခဲ့ပါတယ်။

ပထမကမ္ဘာစစ် မဖြစ်မီကာလက မြန်မာ့ဆန်တင်ပို့မှု၏ ၄၀% မှာ ဥရောပတိုက် ဖြစ်ပြီး ဂျာမနီနိုင်ငံသည် မြန်မာ့ဆန်အများဆုံး ဝယ်သောနိုင်ငံဖြစ်ခဲ့ပြီး မြန်မာနိုင်ငံတွင် ဂျာမနီလုပ်ငန်းရှင်ကြီးများက ဆန်စက်များကို တိုးချဲ့တည်ဆောက်လာကြရာ မြန်မာ့ဆန်စက်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာပြီး ၁၉၁၈ ခုနှစ်တွင် ဆန်စက် ၃၃၂ လုံး ရှိခဲ့ရာမှ ၁၉၃၀ ပြည့်နှစ်မှာ ဆန်စက် ၆၁၃ လုံးထိရှိလာခဲ့ပါတယ်။ ပထမကမ္ဘာစစ်ပြီးတဲ့ အချိန်မှာတော့ ဂျာမနီပိုင်ဆန်စက်များကို အင်္ဂလိပ်က သိမ်းပိုက်လိုက်ပါတယ်။ ၁၉၀၀ ပြည့်နှစ်ခန့်မှာ ခနောင်တိုဒေသမှာ စတီးဘရားသားကုမ္ပဏီက ၂၄ နာရီ စပါးတန်(၁၅၀၀) ဆန်တန်(၁၀၀၀) ကြိတ်ခွဲနိုင်တဲ့ ဆန်စက်ကြီးကို တည်ဆောက်ခဲ့ပြီး အဲဒီအချိန်က ကမ္ဘာမှာအကြီးဆုံး ဆန်စက်ဖြစ်ခဲ့ပြီး ဒုတိယကမ္ဘာစစ်အတွင်း ဗုံးကြဲခံရတဲ့အတွက် ပျက်စီးသွားကြောင်း သိရပါတယ်။

ကိုလိုနီခေတ်တွင် ဆန်စပါးဖွံ့ဖြိုးရေးအတွက် သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ရေလမ်း (တူးမြောင်းများအပါအဝင်) ရထားလမ်းများကို အဓိကအသုံးပြု ခဲ့ပါတယ်။ ငွေကြေးကဏ္ဍ အထောက်အကူဖြစ်စေရန်အတွက် ဘဏ်များကို မြန်မာနိုင်ငံတွင် ဖွင့်လှစ်ခဲ့ရာ ၁၈၆၂ ခုနှစ်၌ ဘင်္ဂလားဘဏ်၊ ဩစတြေးလျဘဏ်၊ တရုတ်ချာတာဘဏ်နှင့် ဥရောပဘဏ်များကို ဖွင့်လှစ်ပေးခဲ့ပါတယ်။ ၁၉၄၁ ခုနှစ်က မြန်မာနိုင်ငံတွင် စုစုပေါင်းဘဏ် ၃၃ ခုအထိ ရှိခဲ့ပါတယ်။ တောင်သူများသို့ ငွေချေးရန်အတွက် ငွေချေးလုပ်ငန်းတွင် ကျွမ်းကျင်သူ ချစ်တီးများကို ဒေသအနှံ့ဖြန့်ကြက် လုပ်ကိုင်စေခဲ့ပါတယ်။ အမတော်ကြေးများလည်း ထုတ်ချေးပေးခဲ့တဲ့အပြင် အချို့ဘဏ်များသည် ငွေကြေးများကို ချစ်တီးများမှတစ်ဆင့် ထုတ်ချေးစေခဲ့ပါတယ်။

၁၉၂၇-၂၈ ခုနှစ်တွင် ဆန်စပါးတန်ချိန် (၃.၁) သန်းထိ စတင်တင်ပို့နိုင်ခဲ့ပြီး ၁၉၃၄-၃၅ ခုနှစ်တွင် ဆန်စပါးတန်ချိန် (၃.၅၉) သန်းထိ စံချိန်တင် တင်ပို့နိုင်ခဲ့ရာ ထိုအချိန် ကမ္ဘာ့ဆန်ဈေးကွက်၏ (၄၀%) ကို ထိန်းချုပ်နိုင်ပြီး ကမ္ဘာ့နံပါတ် ၁ ဆန်တင်ပို့သည့် နိုင်ငံအဖြစ် ရပ်တည်နိုင်ခဲ့ပါတယ်။ ဒုတိယကမ္ဘာစစ်အတွင်းမှာတော့ ဆန်တင်ပို့မှု ရပ်ဆိုင်းခဲ့ပါတယ်။ စစ်ကြီးပြီးလို့ ၁၉၄၆ ခုနှစ်မှာ ဆန်တန်ချိန်(၂) သိန်း စတင်တင်ပို့ခဲ့ပြီး ၁၉၄၇-၄၈ လွတ်လပ်ရေးရမယ့်နှစ်မှာ ဆန်တန်ချိန်(၁.၂)သန်းအထိ တင်ပို့နိုင်ခဲ့ပါတယ်။ အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲမှစ၍ လွတ်လပ်ရေးရချိန်အထိ မြန်မာ့ဆန်စပါးကဏ္ဍကို နိုင်ငံခြားဆန်စပါးကုမ္ပဏီများကသာ လွှမ်းမိုးခဲ့ကြပြီး ၁၉၂၁ မှာ နိုင်ငံခြားကုမ္ပဏီကြီးလေးခု ပူးပေါင်း၍ ဘူလင်ဂျာပူး (Bullinger Pool) ကိုဖွဲ့စည်းပြီး လက်ဝါးကြီးအုပ် စိတ်ကြိုက်ခြယ်လှယ်ခဲ့ကြရာမှ အကျိုးဆက်အနေနဲ့ ပြည်တွင်းစပါးဈေးတွေ အလွန်အမင်းကျဆင်းခဲ့ပြီး တောင်သူများ စားဝတ်နေရေးကျပ်တည်းလာရာမှ သာယာဝတီခရိုင်တွင် ဆရာစံ ဦးဆောင်တဲ့ တောင်သူလယ်သမား အရေးတော်ပုံကြီး ပေါက်ပေါက်လာခဲ့ရပါတယ်။

## လွတ်လပ်ရေးရပြီးခေတ်

လွတ်လပ်ရေးရသည့်အချိန်တွင် မြန်မာ့ဆန်စပါးလောကကို နိုင်ငံခြားကုမ္ပဏီများ လွှမ်းမိုးမှုမှ မြန်မာ့ဆန်စပါးလုပ်ငန်းရှင်များမှ ကျော်လွှားနိုင်ရန်အတွက် နိုင်ငံတော်ကောက် ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့(SAMB)ကို (၁၄.၁၁.၁၉၄၇) ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ပြီး ၁၉၅၆ ခုနှစ်၊ မတ်လ ၁ ရက်နေ့တွင် ဥပဒေပြဋ္ဌာန်းခဲ့ပါတယ်။ လွတ်လပ်ရေးပြီးတစ်နှစ်အတွင်း မြန်မာ့ဆန်စပါးကဏ္ဍ၏ (၇၅%) ကို တိုင်းရင်းသားလုပ်ငန်းရှင်များက ဆောင်ရွက်လာနိုင်ပြီး ပြည်ပဆန်တင်ပို့မှု တန်ချိန် (၁) သန်းနှင့် (၂)သန်းကြား တင်ပို့နိုင်ခဲ့ရာ ၁၉၆၅-၆၆ ခုနှစ်အထိ (၁)သန်းကျော် တင်ပို့နိုင်ခဲ့ပါတယ်။

## ဆန်စပါးလုပ်ငန်း ပြည်သူပိုင်ပြုလုပ်ခြင်းနှင့် ဆိုရှယ်လစ်စီးပွားရေးစနစ် ကျင့်သုံးခြင်း

၁၉၆၃ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်နေ့မှစ၍ ဆန်စပါး ဝယ်၊ သယ်၊ သို၊ ကြိတ်၊ ဖြန့် လုပ်ငန်းအားလုံးကို အစိုးရက တာဝန်ပေးသောဌာနမှလွဲ၍ အခြားမည်သူမှ လုပ်ပိုင်ခွင့်မရှိကြောင်း ကြေညာခဲ့ပါတယ်။ ဆန်စပါးကို အစိုးရမှ တိုက်ရိုက်ကိုင်တွယ်ခြင်း၊ စပါးဈေးနှုန်းကို သတ်မှတ်ဝယ်ယူခြင်းများ ဆောင်ရွက်ခဲ့၍ ဆန်စပါး ထုတ်လုပ်တင်ပို့မှုများ လျော့နည်းလာပါတယ်။ ၁၉၆၆ ခုနှစ်တွင် ကမ္ဘာ့နိုင်ငံများတွင် ရာသီဥတု ဖောက်ပြန်မှုများဖြစ်ခဲ့ပြီး မြန်မာနိုင်ငံတွင် ဆန်ထုတ်လုပ်မှုတန်ချိန် (၄.၆)သန်းမှ (၃.၈) သန်းထိ ကျဆင်းခဲ့ရာ တာဝန်ရှိသူများရဲ့စီမံကိုင်တွယ်မှု ချွတ်ယွင်းချက်များကြောင့် ၁၉၆၇ ခုနှစ်တွင် ပြည်တွင်းဆန်ဈေးနှုန်းကြီးမြင့်ခြင်း၊ အချို့ဒေသတွင် ဆန်ရှားပါးမှုများ၊ ပြတ်လပ်မှုများဖြစ်၍ လုယက်မှုများအထိဖြစ်ခဲ့ကြောင်း သိရပါတယ်။

၁၉၈၇-၈၈ ခုနှစ်တွင်လည်း ဆန်စပါးကဏ္ဍတွင် အစိုးရဌာနက သီးနှံအခွန်သာ ကောက်ခံစေပြီး သမဝါယမကဏ္ဍသို့ တိုက်ရိုက်ကိုင်တွယ်စေခဲ့ရာ လုပ်ငန်းကျွမ်းကျင်မှုနှင့် အချင်းချင်းချိတ်ဆက်မှု အားနည်းခဲ့၍ ပြည်သူလူထုသို့ ဖြန့်ဖြူးရာမှ ဆန်ပြတ်လပ်မှုများဖြစ်ခဲ့ပြီး သမဆိုင်တွင် ဆန်တစ်ပြည် (၂)ကျပ် ကျော်ဖြင့် ရောင်းချရာမှ ပြင်ပဈေးကွက်တွင် ၅/၆ ဆအထိဖြစ်လာပြီး ပြည်သူများ စားရေးအခက်အခဲရှိလာကာ ထိုအချိန်က အထွေထွေမကျေနပ်မှုကြီးကို ပိုမိုကြီးထွားပေါက်ကွဲစေခဲ့ပါတယ်။

## ၁၉၈၈ နောက်ပိုင်းကာလ

၁၉၈၉ ခုနှစ်နောက်ပိုင်း တောင်သူများထံမှ တစ်ကေလျှင် အများဆုံး ၁၂ တင်းထိ သတ်မှတ်၍ သတ်မှတ်ဈေးဖြင့် ဝယ်ယူ၍ သတ်မှတ်အင်အားစုများသို့ သတ်မှတ်ဈေးဖြင့် ရောင်းပေးခြင်း၊ ပိုလျှံသည်ကို ပြည်ပတင်ပို့ခြင်းများအား မြန်မာလယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး (MAPT) က ဆောင်ရွက်ပြီး ကျန်ဆန်စပါးများကို ပြည်တွင်းတွင် လွတ်လပ်စွာ ရောင်းဝယ်ခွင့်ပြုခဲ့ပါတယ်။

၂၃-၄-၂၀၀၃ ရက်နေ့တွင် နိုင်ငံတော်၏ဆန်စပါးရောင်းဝယ်မှု မူဝါဒသစ်ကို ကြေညာ၍ ၂၀၀၃-၀၄ စပါးရာသီမှစပြီး အစိုးရက တိုက်ရိုက်ဝယ်ယူခြင်း မပြုတော့ဘဲ ပုဂ္ဂလိကသို့ လွတ်လပ်စွာ ရောင်းဝယ်ဖောက်ကားခွင့်ပြုခဲ့ပါတယ်။

အစပိုင်းတွင် ပြည်ပတင်ပို့ခြင်းကို မြန်မာနိုင်ငံ ဆန်စပါးရောင်းဝယ်ရေးဦးဆောင်အဖွဲ့၏လမ်းညွှန်ချက်ဖြင့် ဆောင်ရွက်ခဲ့ပြီး ၂၀၀၆-၀၇ ဘဏ္ဍာနှစ်တွင် ဆန်တန်ချိန် (၁၄၀၀၀) ခန့်သာ တင်ပို့နိုင်ခဲ့ရာတွင် ၂၀၀၇-၂၀၀၈ ဘဏ္ဍာနှစ်မှစ၍ ပုဂ္ဂလိကကို အပြည့်အဝ ပြည်ပတင်ပို့မှု လုပ်ကိုင်ခွင့်ပြုခဲ့၍ ဆန်တန်ချိန် (၃.၆) သိန်းထိ ပြန်လည်တင်ပို့နိုင်ခဲ့ပါတယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှာ နယ်စပ်ဒေသမှ တင်ပို့ခြင်းကိုပါ တရားဝင်ခွင့်ပြုပေးခဲ့ရာ ဆန်တန်ချိန် (၁.၄) သန်းအထိ တင်ပို့နိုင်ခဲ့ပြီး ယခုနှစ် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ၁၁ လအတွင်း တန်ချိန် (၃.၂) သန်း ကျော် တင်ပို့နိုင်ခဲ့၍ ယခုဘဏ္ဍာနှစ် တင်ပို့နိုင်မှုသည် ၁၉၃၄-၃၅ ခုနှစ် နောက်ပိုင်းနှစ်ပေါင်း ၇၃ နှစ်အတွင်း အများဆုံးစံချိန်တင် တင်ပို့နိုင်မှုဖြစ်ပါတယ်။

## မြန်မာ့ဆန် ပြည်ပတင်ပို့နိုင်မှု ဘယ်အပေါ်မှီတည်နေသလဲ

မြန်မာနိုင်ငံ၏ ဆန်စပါးအခြေခံမူမှာ ပြည်တွင်းဖူလုံမှုကို ဦးစားပေး၍ ပိုလျှံသည်များ ပြည်ပတင်ပို့ရန်ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ပြည်တွင်းဆန်စပါး ဖူလုံမှုထက် ပိုလျှံစေရေးတွင် အောက်ပါအချက်များသည် အဓိကဖြစ်သည်ဟု သုံးသပ်ရရှိရပါတယ်-

(၁) တောင်သူများ ဆန်စပါးထုတ်လုပ်မှုအပေါ် စိတ်အားထက်သန်ခြင်း
(၂) ရာသီဥတုမှန်ကန်ခြင်း၊
(၃) စပါးသီးနှံနှင့် ရာသီတူအခြားသီးနှံများ၏ တောင်သူအကျိုးအမြတ် လျော့နည်းသွားခြင်း (ဥပမာ-မတ်ပဲ)၊
(၄) စိုက်ပျိုးစဉ် စိုက်ပျိုးမှုနည်းစနစ်မှန်ကန်ကောင်းမွန်ခြင်း၊ ရိတ်သိမ်းခြွေလှေ့ပြီးနောက်ပိုင်း အလေအလွင့် (Post-harvest Losses) လျော့နည်းသွားခြင်း၊
(၅) လူတစ်ဦးစားသုံးမှုနှုန်း လျော့နည်းသွားခြင်း၊
(၆) ပြည်တွင်း ဆန်ဈေးနှုန်း ကောင်းမွန်ခြင်း၊

ဆန်ပိုလျှံမှုအပေါ် ပြည်ပသို့ ပိုမိုတင်ပို့နိုင်မှုမှာ အောက်ပါအချက်များအပေါ်တွင် မူတည်သည်ဟု သုံးသပ်ရရှိပါတယ်-

(၁) ကမ္ဘာ့ဆန်ဈေးနှုန်း
(၂) ပြည်တွင်းဆန်စပါးဈေးနှုန်း
(၃) မြန်မာငွေနှင့်နိုင်ငံခြားငွေလဲလှယ်ဈေးနှုန်း
(၄) ထုတ်လုပ်မှု ကွင်းဆက် (Supply Chain) တစ်လျှောက် Stakeholders အားလုံး တွက်ခြေကိုက်မှုရှိခြင်း၊
(၅) ကမ္ဘာ့ဆန်စားသုံးနိုင်ငံများ၏ ရာသီဥတုအခြေအနေနှင့် ဈေးကွက်လိုအပ်ချက်၊
(၆) နိုင်ငံတကာ စီးပွားဆက်ဆံမှု အခြေအနေကောင်းရှိခြင်း၊

## ပြည်ပဆန်တင်ပို့မှု အခြေအနေတည်ငြိမ်နိုင်ရေး ဆောင်ရွက်သင့်သည့် အစီအစဉ်များ

မြန်မာနိုင်ငံတွင် ဆန်စပါးကဏ္ဍ တည်ငြိမ်စေရေးအတွက် အစိုးရပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု (Public Private Partnership -PPP) လုပ်ငန်းစဉ်ဖြင့် အောက်ပါအတိုင်းဆောင်ရွက်သင့်ပါတယ်-

(က) ဆန်စပါးအရည်အသွေးနှင့် ထုတ်လုပ်မှုကို သိသာစွာမြှင့်တင်သွားရန်၊
(ခ) အခြေခံအဆောက်အအုံများ တိုးချဲ့ခြင်းနှင့် ကုန်ကျစရိတ် လျှော့ချနိုင်မည့်နည်းလမ်းများ စီစဉ်ဆောင်ရွက်သွားသင့်ပါသည်၊
(ဂ) ပို့ကုန်ဈေးကွက်အတွင်း အရည်အသွေးအရ၊ ဈေးနှုန်းအရ၊ ဈေးကွက်လိုအပ်ချိန်အရ ယှဉ်ပြိုင်နိုင်မည့် နည်းလမ်းများ ဖော်ထုတ်စီစဉ်သွားသင့်ပါသည်၊

စာမျက်နှာ ၇ သို့

# မဟာဓမ္မိကာရာမ ရွှေကျင်တိုက်မကြီး ပဓာနနာယကဆရာတော် ဘဒ္ဒန္တထုတိဝရ၏ အဂ္ဂမဟာပဏ္ဍိတ ဂုဏဝိသိဋ္ဌပူဇာအခမ်းအနား ကျင်းပ

**မန္တလေး မတ် ၁၀**

အောင်မြေသာစံမြို့နယ် မဟာဓမ္မိကာရာမ ရွှေကျင်တိုက်မကြီး ပဓာနနာယက ဆရာတော် ဘဒ္ဒန္တထုတိဝရ၏ အဂ္ဂမဟာပဏ္ဍိတ ဂုဏဝိသိဋ္ဌပူဇာအခမ်းအနားကို မတ် ၉ ရက် နံနက် ၈ နာရီခွဲက ယင်းကျောင်းတိုက်တွင် ကျင်းပရာ မဟာဝိသုဒ္ဓါရုံတိုက်သစ် ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ တွဲဖက်ရွှေကျင်သာသနာပိုင် အဂ္ဂမဟာပဏ္ဍိတစည်ရှင် နာယကဆရာတော်ကြီး အမှူးပြုသော ကျောင်းတိုက်အသီးသီးတို့ရှိ သြဝါဒါစရိယဆရာတော်ကြီးများ၊ ပင့်သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အထူးဖိတ်ကြားထားသူများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်တို့မှ ဌာနဆိုင်ရာများ၊ အလှူရှင်ဒါယကာ၊ ဒါယိကာမများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။





အစီအစဉ်အရ ကြွရောက်ချီးမြှင့်တော်မူလာကြသော ဆရာတော်၊ သံဃာတော်များနှင့် ညှော့ပရိသတ်အပေါင်းတို့က "နမောတဿ" အစရှိသော မဟာပဏာမကြီးကို သုံးကြိမ်ညီညာရွတ်ဆိုပူဇော်၍ အခမ်းအနားကို ဖွင့်လှစ်ပြီး ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ တွဲဖက်ရွှေကျင်သာသနာပိုင် အဂ္ဂမဟာပဏ္ဍိတ စည်ရှင် နာယက ဆရာတော်ကြီးထံမှ ဝန်ကြီးချုပ် အမှူးပြုသော ညှော့ပရိသတ်အပေါင်းတို့က ကိုးပါးသီလ ခံယူဆောက်တည်တော်မူကြသည်။

ဆက်လက်၍ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ရွှေကျင်တိုက်မကြီး ဘဒ္ဒန္တထုတိဝရ၏ ထေရုပ္ပတ္တိအကျဉ်းကို ရွှေကျင်တိုက်မဆရာတော် ဘဒ္ဒန္တပဝရာဘိဝံသက လည်းကောင်း၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ မင်္ဂလာဗိမာန်ကျောင်း ဆရာတော် ဘဒ္ဒန္တသောဘိတာလင်္ကာရ ရေးသားဂုဏ်ပြုအပ်သော ထုတိဝေဒလ ဂါထာတော်များကို မန္တလေးမြို့ ရွှေကျင်မင်းကင်းကျောင်းတိုက်၊ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တသီလာစာရက လည်းကောင်း၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ မင်္ဂလာဗိမာန် ကျောင်းဆရာတော် ဘဒ္ဒန္တသောဘိတာလင်္ကာရ ရေးသားဂုဏ်ပြုအပ်သော မင်္ဂလာရတု ပိုဒ်စုံကို အဆိုတော် မပြုံးပြုံးကြည်က လည်းကောင်း၊ မတ္တရာမြို့ ဦးတင်အောင် ရေးသား ဂုဏ်ပြုအပ်သော မင်္ဂလာတေးထပ်နှင့် ရှစ်လုံးဖွဲ့ မင်္ဂလာကဗျာများကို မိုးကြိုးရှာ အဆိုတော် အေးမိုးခိုင်နှင့် ဓမ္မစကြာ ဝတ်အသင်းကလည်းကောင်း အသီးသီးဖတ်ကြား ပူဇော်ကြသည်။

ထို့နောက် ဆရာတော်ကြီးအား ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများ၊ အလှူရှင်များက သက်န်းအစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ် လှူဒါန်းကြပြီးနောက် အလှူရှင် ဒါယကာ၊ ဒါယိကာမများ လှူဒါန်းကြသည့် အဂ္ဂပူဇာ အလှူတော်ငွေကျပ် သိန်း ၁၀၀ တိတိကို ပွဲတော်ကျင်းပရေးကော်မတီ ဥက္ကဋ္ဌက ဝန်ကြီးချုပ်ထံသို့ ပေးအပ်လှူဒါန်းသည်။

ထို့နောက် မန္တလေးမြို့ အဝေရာရာမ ရန်ကင်းကျောင်းတိုက်၊ နိုင်ငံတော်သံဃမဟာနာယက အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဆရာတော် ဘဒ္ဒန္တသြဒါတသိရီဘိဝံသထံမှ ဝန်ကြီးချုပ်အမှူးပြုသော ညှော့ပရိသတ်အပေါင်းတို့က အနုမောဒနာ ရေစက်ချတရားနာကြား၍ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ခေတ်အဆက်ဆက် ဂန္ထဝင်ရုပ်ရှင် ဇာတ်ဝင်တေးသီချင်းများ ဂုဏ်ပြုဖျော်ဖြေပွဲကျင်းပ

**ရန်ကုန် မတ် ၁၀**

ရန်ကုန်မြို့ MEP ၌ လာမည့် မတ် ၂၃ ရက်တွင် ၂၀၁၇ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲတွင် ခေတ်အဆက်ဆက်က နာမည်ကြီး ထင်ရှားခဲ့သော ဂန္ထဝင် ဇာတ်ဝင်တေးသီချင်းများကို ဂုဏ်ပြုဖျော်ဖြေသွားမည်ဖြစ်ရာ အကြိုဖျော်ဖြေတင်ဆက်မှုအဖြစ် မြန်မာ့ရုပ်ရှင်ဇာတ်ဝင်တေးသီချင်းများဂုဏ်ပြုဖျော်ဖြေပွဲကို ယနေ့ညပိုင်းတွင် ရန်ကုန်မြို့၊ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ပထမဆုံးအဖြစ် ကျင်းပသည်။



အဆိုပါ ဂီတဖျော်ဖြေပွဲတွင် စည်သူဒေါက်တာ ဗိုလ်ကလေးတင့်အောင်က "ကျွန်တော့် အသက်က တော့အိုပါပြီ၊ ဒါပေမယ့် ကျွန်တော့်ရဲ့ အနုပညာ အသက်ကတော့ မအိုသေးပါဘူးဗျာ၊ အခုလို ရုပ်ရှင်ထူးချွန်ဆုပေးပွဲကြီးမတိုင်မီကို အခုလို ကျင်းပတာဟာ အင်မတန်မှကို ထူးခြားပါတယ်၊ ဒီနေ့ညမှာ ကျွန်တော်တို့ အနုပညာ ညီအစ်ကိုတွေရဲ့ ရေးသားသီဆိုခဲ့တဲ့ သီချင်းတွေကို နားထောင်ခွင့်ရတာ အင်မတန်ကို ကျေးဇူးအထူးတင်ပါတယ်၊ အနုပညာမျိုးဆက်သစ်ကလေးတွေအနေနဲ့ ကြိုးစားကြပါ၊ အနုပညာလေးစားသူ၊ အနုပညာလိုက်စားသူတွေ အားလုံးကိုလည်း လေးစားဂုဏ်ယူနေပါတယ်၊ အနုပညာကို ချစ်ခင်ကြပါလို့ ပြောလိုပါတယ်"ဟု ပြောသည်။

မြန်မာ့ရုပ်ရှင် ဂန္ထဝင်ဇာတ်ဝင်တေး ဂီတဖျော်ဖြေပွဲတွင် နိုင်ငံတော်သံစုံတီးဝိုင်းမှ တီးခတ်ပြီး ဂီတမှူးများအဖြစ် ခိရာမိုရ်နှင့် အေးသီတာထွန်းတို့က စီစဉ်တင်ဆက်ကြောင်း သိရသည်။ မြန်မာ့ရုပ်ရှင်တေးသီချင်းဖြင့် ကနဦး မိတ်ဆက်ဖျော်ဖြေပြီး မျက်ဝန်းလဲ့ပြာပြာ၊ မလေးလက်ခတ်သံ၊ ပြန်လည်ဆုံတွေ့ကြရာဝယ်၊ မြခွာညို ၊ ရန်ကုန်သားနှင့် မန္တလေးသူ၊ တစ်ပြည်သူမရွှေထား၊ အပျိုဖျန်း၊ တိမ်လွှာမို့မို့လွင်၊ မြင်းမိုရ်ထက်မြင့်သောနေရာ သီချင်းများကို တေးသံရှင်၊ အနုပညာရှင်များက ဖျော်ဖြေတင်ဆက်ကြသည်။

"ဒီနေ့ည ကတော့ မကြာမီကျင်းပတော့မယ့် ၂၀၁၇ ခုနှစ်အတွက် အကယ်ဒမီရုပ်ရှင်ထူးချွန်ဆုပေးပွဲမှာ ခေတ်အဆက်ဆက်က ပေါ်လွင်ထင်ရှားခဲ့တဲ့ မြန်မာ့ရုပ်ရှင် ဇာတ်ဝင်တေးသီချင်းတွေကို ဖျော်ဖြေသွားမှာပါ၊ ဒါကို အကြိုဖျော်ဖြေမှုအနေနဲ့ ပရိသတ်ကို ပထမဆုံးဖျော်ဖြေတဲ့ပွဲလို့ ပြောလို့ရပါတယ်၊ ရုပ်ရှင်သီချင်းများဆိုတာ ဟိုတုန်းက ရုပ်ရှင်သီချင်းတွေ ဒီဘက်ခေတ်မှာလို အဆင်ပြေတဲ့ သီချင်းကို ဝယ်ထည့်တာမဟုတ်ဘူး၊ ရုပ်ရှင်ဇာတ်လမ်းတစ်ခုကို ရေးလိုက်ရင် သူနဲ့လိုက်ဖက်တဲ့ သီချင်းကို သီချင်းရေးဆရာခေါ်ပြီး ရေးတယ်၊ ပြီးတော့မှ ရိုက်ကြတာပါ၊ ရုပ်ရှင်အတွက် သီးခြားရေးပြီးတော့ ရိုက်တဲ့သီချင်းတွေပါ၊ ဒီသီချင်းလေးတွေက ဒီနေ့အထိ စံချိန်တင်ပြီး ဂန္ထဝင် ရုပ်ရှင်သီချင်းများဆိုပြီး ဖြစ်လာတာပါ၊ ဒီသီချင်းတွေက ရုပ်ရှင်ထူးချွန်ဆုပေးပွဲရဲ့ ဖျော်ဖြေမှုအပိုင်းမှာပါ ပါနေလို့ အခုလို ကျင်းပတာပါ"ဟု မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ (၁) ဦးအေးကြူလေးက ပြောသည်။

ဖျော်ဖြေပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်နှင့် နိုင်ငံကျော် ဂန္ထဝင်ဂီတအနုပညာရှင်ကြီးများ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ တာဝန်ရှိသူများ၊ အနုပညာရှင်များနှင့် မြန်မာ့ရုပ်ရှင်ချစ်ပရိသတ်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။ ထိုဖျော်ဖြေပွဲအား Forever Media Group မှ အဓိကတာဝန်ယူကာ စီစဉ်ဆောင်ရွက်ကြောင်း သိရသည်။

**မြင့်မောင်စိုး**

## မြန်မာကင်းထောက်အမျိုးသမီးနှင့် ဂျပန်နိုင်ငံ အိုဆာကာ ကင်းထောက်အမျိုးသမီးအဖွဲ့တို့၏ ချစ်ကြည်ရေး ရန်ပုံငွေဈေးရောင်းပွဲ ကျင်းပမည်

**နေပြည်တော် မတ် ၁၀**

မြန်မာကင်းထောက် အမျိုးသမီးနှင့် ဂျပန်နိုင်ငံ အိုဆာကာကင်းထောက် အမျိုးသမီးတို့၏ ချစ်ကြည်ရေးရန်ပုံငွေ ဈေးရောင်းပွဲကို မတ် ၁၈ ရက် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့ ပြည်လမ်း ရန်ကုန်ပညာရေး တက္ကသိုလ်ဝင်းအတွင်းရှိ Learning Hub တွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါ ဈေးရောင်းပွဲတော်သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ မြန်မာကင်းထောက်အမျိုးသမီးအဖွဲ့ဝင်များ၊ မြန်မာကင်းထောက် အမျိုးသားအဖွဲ့ဝင်များနှင့် ပြည်သူများပါဝင်ဆင်နွှဲကြပါရန် မြန်မာကင်းထောက် အမျိုးသမီးအဖွဲ့ချုပ်မှ ဖိတ်ခေါ်ထားကြောင်း သိရသည်။

ချစ်ကြည်ရေး ရန်ပုံငွေအတွက် အလှူငွေများ လှူဒါန်းလိုပါက မြန်မာကင်းထောက် အမျိုးသမီးအဖွဲ့ချုပ် ဖုန်းနံပါတ်- ၀၉-၂၅၀၀၃၀၉၀၂၊ ၀၉-၇၉၅၅၉၉၁၅၂၂၊ ၀၉-၅၄၀၄၆၂၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အများအားဖြင့် သာယာမည်

**နေပြည်တော် မတ် ၁၀**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

**မိုး/ဇလ**

## လယ်ယာမြေ လျော်ကြေးငွေပေးအပ်

**မော်လမြိုင်ကျွန်း မတ် ၁၀**

၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းပြီးနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန မော်လမြိုင်ကျွန်းမြို့နယ် လမ်းဦးစီးဌာနမှ ဆက်သွယ်ရေး တာလမ်းများ ဖောက်လုပ်ရာတွင် ပါဝင်သွားသော လယ်မြေများအတွက် လယ်ယာမြေ လျော်ကြေးငွေပေးအပ်ပွဲကို မတ် ၉ ရက်က မော်လမြိုင်ကျွန်းမြို့ မော်ရောခန်းမ၌ ကျင်းပသည်။

ထို့နောက် နာဂစ်မုန်တိုင်းပြီးနောက် မော်လမြိုင်ကျွန်း-ကျုံမငေး-ဝါးခယ်မ-မြောင်းမြလမ်းဖောက်လုပ်ရာတွင် ပါဝင်သွားသော တယ်ချောင်းကျေးရွာအုပ်စုမှ တောင်သူ ၃၄ ဦး၏ လယ်မြေ ၄၄ ဒသမ ၄၇ကေအတွက် တစ်ကေလျှင် ငွေကျပ် ၁၂ သိန်းနှုန်းဖြင့် ငွေကျပ် ၅၃၃ သိန်းကျော်နှင့် မော်လမြိုင်ကျွန်း-လှိုင်းဘုန်း-သစ်ပုတ်-ကွင်းပေါက်-ပြင်စလူလမ်း ဖောက်လုပ်ရာတွင် ပါဝင်သွားသော မြစ်ကြီးဘိုး-ကဇောင်း၊ မက်ပြဲ၊ ပုဂံပုံကျေးရွာများမှ တောင်သူ ၂၄ ဦး၏ လယ်မြေကေ ၇၄ ဒသမ ၇ ကေအတွက် တစ်ကေလျှင် ငွေကျပ် ခုနစ်သိန်းနှုန်းဖြင့် ငွေကျပ် ၅၂၃ သိန်း စုစုပေါင်း လယ်ယာမြေလျော်ကြေးငွေကျပ် ၁၀၅၆ သိန်းကျော်အား မြို့နယ်တာဝန်ရှိသူများက တောင်သူများလက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

**မော်ကျွန်း-မြင့်အောင်**

စာမျက်နှာ ၆ မှ


(ဃ) စိုက်ပျိုးထုတ်လုပ်သူ တောင်သူများအတွက် သင့်တင့်မျှတသည့် ဈေးနှုန်းဖြစ်စေရေးနှင့် မစိုက်ပျိုးမီကာလပင် ဈေးနှုန်းခန့်မှန်း သိရှိနိုင်ရေးစီစဉ် ဆောင်ရွက်သင့်ပါသည်၊

( င ) ဆန်စပါးလက်ကား ကုန်စည်ဒိုင်များတွင် စနစ်မှန်ကန်ပြီး အာမခံချက်ရှိသည့် ပုံစံများ ဖြစ်ပေါ်လာရေး ဆောင်ရွက်သင့်ပါသည်၊

( စ ) ပုဂ္ဂလိကနှင့်အစိုးရပူးပေါင်းပါဝင်၍(PPPပုံစံဖြင့်) အရန်ဆန်ကိုပါ ကိုင်တွယ်နိုင်မည့် အဖွဲ့အစည်းတစ်ခု ဖွဲ့စည်း၍ ပြည်တွင်းဆန်စပါးကဏ္ဍကို ထိန်းကျောင်းဆောင်ရွက်သင့်ပါသည်၊

(ဆ) စိုက်ပျိုးထုတ်လုပ်သူနှင့် ပြည်ပတင်ပို့သူကြားတွင် အဆင့်များ လျော့နည်းသွားရန်နှင့် အရည်အသွေး မြှင့်တင်နိုင်ရန်အတွက်(Contract Farming) များ ဒေသအလိုက် ပေါ်ပေါက်လာစေရေး စီစဉ်ဆောင်ရွက် သင့်ပါသည်၊ (ယခင်က ဒေသအလိုက် ဆန်စပါး အထူးပြုကုမ္ပဏီများ ဖွဲ့စည်းဆောင်ရွက်ခဲ့မှုများရှိခဲ့ပါတယ်။)

မြန်မာဆန်တင်ပို့မှုအခြေအနေနှင့် ပတ်သက်၍ USDA ၏ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလထုတ် Grain: World Markets and Trade ၏ ဖော်ပြချက်ပါဇယားနှင့် သုံးသပ်ချက်အား သိရှိနိုင်ပါရန် ဖော်ပြအပ်ပါတယ်။




Burma's (Myanmar's) emergence as a significant supplier is intensifying competition among Southeast Asia rice exporters. In 2017, the country positioned itself as a major player in global rice exports, more than doubling its exports from 2016. Burma is forecast to boost its exports again in 2018 to 3.3 million tons, the same amount as the United States.

# ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လ အမျိုးသားစီမံကိန်းဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

၆။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် စီမံကိန်းများအား လေ့လာဆန်းစစ်၍ နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးစီးပွားအတွက် အမှန်တကယ် အကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းများအား ဆက်လက်အကောင်အထည်ဖော်ရမည်။ သို့ရာတွင် အကျိုးစီးပွားဖြစ်ထွန်းမှုမရှိသော စီမံကိန်းများအား ငြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်း၊ လျှော့၍ခွင့်ပြုခြင်းများ ဆောင်ရွက်ရမည်။

၇။ အမျိုးသားစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်မှချမှတ်ထားသည့် စီးပွားရေးမူဝါဒများနှင့်အညီ ချိတ်ဆက်ပေါင်းစပ် ဆောင်ရွက်ရမည်ဖြစ်သည်။

၈။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် လက်ငင်း၊ ရေတိုနှင့် ရေရှည် အကျိုးဖြစ်ထွန်းစေပြီး ထာဝရရှင်သန်စေမည့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဖြစ်သော လူသားအရင်းအမြစ်များ ဖွံ့ဖြိုးရေးစီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံမှုကိုလည်း အလေးထား ဆောင်ရွက်ရမည်။

၉။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများ တင်ပြဆောင်ရွက်ရာတွင် သတ်မှတ်ထားသော အင်္ဂါရပ်များ၊ ဆန်းစစ်ချက်များ ပြည့်စုံမှသာလျှင် ဆောင်ရွက်ရမည်။

၁၀။ အမျိုးသားစီမံကိန်းတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးကို ဖော်ဆောင်သော စီမံကိန်းများနှင့် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့ကို အထောက်အကူပြုသော စီမံကိန်းများ ပါဝင်ရမည်။

၁၁။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် အမျိုးသားစီမံကိန်းတွင် နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းများအနက် ပုဂ္ဂလိကလုပ်ပိုင်ခွင့်အဖြစ် လွှဲပြောင်းပေးသင့်သော စီးပွားရေးလုပ်ငန်းများကို နှစ်အလိုက် လွှဲပြောင်းပေးမည့် စီမံကိန်းများအဖြစ် ထည့်သွင်းရေးဆွဲရမည်။

၁၂။ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လအတွင်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများသည် ဖြစ်မြောက်နိုင်စွမ်း ရှိ မရှိ၊ စီးပွားရေးအရ တွက်ခြေကိုက်မှု ရှိ မရှိ၊ ပြည်သူများအတွက် အကျိုးရှိ မရှိ၊ ဒေသဖွံ့ဖြိုးရေးကို အထောက်အကူပြု မပြု၊ ပတ်ဝန်းကျင်ကို ထိခိုက်မှု ရှိ မရှိ စသည်တို့ကို ဘက်စုံလေ့လာဆန်းစစ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက် ရရှိထားပြီးသော လုပ်ငန်းစီမံကိန်းများ ဖြစ်ရမည်။

၁၃။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် မိမိတို့ဆောင်ရွက်သည့် လုပ်ငန်းစီမံကိန်းနှင့် လုပ်ငန်းများအတွက် လျာထားခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ စိစစ်သုံးသပ်ခြင်း လုပ်ငန်းများနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ မြို့နယ်အဆင့်မှစတင်ပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအပါအဝင် တာဝန်ရှိပုဂ္ဂိုလ်၊ အဖွဲ့

*စာမျက်နှာ ၉ သို့*

ပူးတွဲ-၃

**၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ( ၆ ) လ အမျိုးသားစီမံကိန်း တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်( ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းအရ)**

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ၂၀၁၇ ခုနှစ် ( ဧပြီလမှ စက်တင်ဘာလအထိ) | | | ၂၀၁၈ ခုနှစ်(ဧပြီလမှ စက်တင်ဘာလအထိ) (၆) လ အမျိုးသားစီမံကိန်း | | |
|---|---|---|---|---|---|---|---|
| | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | ကချင်ပြည်နယ် | ၃၃၅,၅၂၉.၈ | ၁.၆ | ၆.၈ | ၃၄၄,၇၇၈.၅ | ၁.၅ | ၂.၈ |
| ၂ | ကယားပြည်နယ် | ၇၉,၄၉၀.၈ | ၀.၄ | ၀.၄ | ၈၄,၃၀၅.၃ | ၀.၄ | ၆.၁ |
| ၃ | ကရင်ပြည်နယ် | ၃၆၂,၇၁၆.၀ | ၁.၇ | ၅.၉ | ၃၈၆,၃၂၇.၆ | ၁.၇ | ၆.၅ |
| ၄ | ချင်းပြည်နယ် | ၈၃,၀၄၀.၉ | ၀.၄ | ၁.၇ | ၈၇,၄၄၈.၆ | ၀.၄ | ၅.၃ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၂,၄၈၁,၅၈၀.၆ | ၁၁.၅ | ၁၂.၅ | ၂,၆၃၀,၇၁၄.၄ | ၁၁.၃ | ၆.၀ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၉၆၀,၃၉၂.၄ | ၄.၄ | ၅.၁ | ၁,၀၂၈,၇၈၈.၂ | ၄.၄ | ၇.၁ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၁,၄၇၄,၅၈၃.၈ | ၆.၈ | ၅.၁ | ၁,၅၇၇,၇၀၂.၃ | ၆.၈ | ၇.၀ |
| ၈ | မကွေးတိုင်းဒေသကြီး | ၂,၀၁၃,၇၆၄.၄ | ၉.၃ | -၀.၅ | ၂,၁၆၈,၂၄၇.၀ | ၉.၄ | ၇.၇ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၂,၅၃၉,၈၀၈.၀ | ၁၁.၈ | ၉.၆ | ၂,၇၅၈,၇၄၃.၈ | ၁၁.၉ | ၈.၆ |
| ၁၀ | မွန်ပြည်နယ် | ၉၂၁,၅၉၉.၃ | ၄.၃ | ၇.၈ | ၉၈၂,၀၁၅.၈ | ၄.၂ | ၆.၆ |
| ၁၁ | ရခိုင်ပြည်နယ် | ၇၂၁,၅၀၅.၁ | ၃.၃ | ၂.၈ | ၇၆၁,၀၃၄.၈ | ၃.၃ | ၅.၅ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၅,၇၃၇,၀၆၉.၆ | ၂၆.၅ | ၇.၄ | ၆,၂၃၀,၄၁၂.၁ | ၂၆.၉ | ၈.၆ |
| ၁၃ | ရှမ်းပြည်နယ် | ၁,၄၀၁,၄၉၇.၃ | ၆.၅ | ၃.၃ | ၁,၄၈၂,၄၀၂.၇ | ၆.၄ | ၅.၈ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၂,၀၄၈,၅၂၂.၅ | ၉.၅ | ၃.၂ | ၂,၁၅၉,၄၃၇.၇ | ၉.၃ | ၅.၄ |
| ၁၅ | နေပြည်တော်ကောင်စီနယ်မြေ | ၄၄၉,၆၄၈.၅ | ၂.၀ | ၁၁.၀ | ၄၇၈,၄၈၉.၆ | ၂.၁ | ၆.၄ |

ပူးတွဲ-၄

**၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ( ၆ ) လ အမျိုးသားစီမံကိန်းကဏ္ဍကြီးများအလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်(နှစ်အလိုက်ဈေးနှုန်းအရ)**

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး/ကဏ္ဍ | ၂၀၁၇ ခုနှစ် (ဧပြီလမှ စက်တင်ဘာလအထိ) | | ၂၀၁၈ ခုနှစ်(ဧပြီလမှ စက်တင်ဘာလအထိ) (၆)လ အမျိုးသားစီမံကိန်း | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲအချိုး (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | | လယ်ယာကဏ္ဍကြီး | ၆,၄၉၅,၃၂၀.၁ | ၂၂.၁ | ၆,၉၃၅,၂၉၆.၀ | ၂၀.၁ | ၆.၈ |
| | ၁ | လယ်ယာ | ၃,၄၂၄,၀၄၂.၈ | ၁၁.၆ | ၃,၆၅၂,၆၈၄.၆ | ၁၁.၁ | ၆.၇ |
| | ၂ | သားငါး | ၃,၀၅၀,၃၁၂.၆ | ၁၀.၄ | ၃,၂၇၀,၀၀၁.၈ | ၉.၉ | ၇.၂ |
| | ၃ | သစ်တော | ၂၀,၉၆၄.၇ | ၀.၁ | ၁၂,၆၀၉.၆ | ၀.၁ | -၃၉.၉ |
| ၂ | | စက်မှုကဏ္ဍကြီး | ၁၀,၀၂၅,၃၈၆.၀ | ၃၄.၁ | ၁၁,၅၃၀,၉၂၀.၀ | ၃၅.၁ | ၁၅.၀ |
| | ၁ | စွမ်းအင် | ၁,၅၈၉,၄၁၄.၂ | ၅.၄ | ၁,၇၅၁,၂၇၂.၄ | ၅.၃ | ၁၀.၂ |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၄၂၀,၀၁၇.၅ | ၁.၄ | ၄၂၃,၉၃၃.၂ | ၁.၃ | ၀.၉ |
| | ၃ | စက်မှုလက်မှု | ၅,၉၅၂,၅၆၉.၈ | ၂၀.၂ | ၆,၉၂၀,၅၇၀.၇ | ၂၁.၁ | ၁၆.၃ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၆၀၅,၃၆၀.၄ | ၂.၁ | ၆၉၆,၀၇၀.၅ | ၂.၁ | ၁၅.၀ |
| | ၅ | ဆောက်လုပ်မှု | ၁,၄၅၈,၀၂၄.၁ | ၅.၀ | ၁,၇၃၉,၀၇၃.၂ | ၅.၃ | ၁၉.၃ |
| ၃ | | ဝန်ဆောင်မှုကဏ္ဍကြီး | ၁၂,၈၈၉,၅၂၂.၁ | ၄၃.၈ | ၁၄,၄၀၆,၉၈၆.၅ | ၄၃.၈ | ၁၁.၈ |
| | ၁ | ပို့ဆောင်ရေး | ၄,၁၄၁,၈၈၄.၇ | ၁၄.၁ | ၄,၄၈၄,၅၂၅.၉ | ၁၃.၆ | ၈.၃ |
| | ၂ | ဆက်သွယ်ရေး | ၈၉၄,၈၃၈.၇ | ၃.၀ | ၁,၀၀၀,၉၆၅.၆ | ၃.၀ | ၁၁.၉ |
| | ၃ | ငွေရေးကြေးရေး | ၁၂၂,၅၀၄.၆ | ၀.၄ | ၁၃၃,၆၇၁.၂ | ၀.၄ | ၉.၁ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၁,၂၈၂,၉၂၆.၅ | ၄.၄ | ၁,၃၃၇,၃၆၃.၀ | ၄.၁ | ၄.၂ |
| | ၅ | အခြားဝန်ဆောင်မှု | ၁,၁၇၅,၃၆၄.၁ | ၄.၀ | ၁,၃၇၈,၅၀၃.၆ | ၄.၂ | ၁၇.၃ |
| | ၆ | ကုန်သွယ်မှု | ၅,၂၇၂,၀၀၃.၅ | ၁၇.၉ | ၆,၀၇၁,၉၅၇.၂ | ၁၈.၅ | ၁၅.၂ |
| ၄ | | စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ) | ၂၉,၄၁၀,၂၂၈.၂ | ၁၀၀.၀ | ၃၂,၈၇၃,၂၀၂.၅ | ၁၀၀.၀ | ၁၁.၈ |

ပူးတွဲ-၅

**၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လ အမျိုးသားစီမံကိန်းကဏ္ဍအလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်(နှစ်အလိုက်ဈေးနှုန်းအရ)**

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၇ ခုနှစ် (ဧပြီလမှ စက်တင်ဘာလအထိ) | | ၂၀၁၈ ခုနှစ်(ဧပြီလမှ စက်တင်ဘာလအထိ) (၆)လ အမျိုးသားစီမံကိန်း | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲအချိုး (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | | ထုတ်လုပ်မှုတန်ဖိုး | ၁၆,၅၂၀,၇၀၆.၁ | ၅၆.၂ | ၁၈,၄၆၆,၂၁၆.၀ | ၅၆.၂ | ၁၁.၈ |
| | ၁ | လယ်ယာ | ၃,၄၂၄,၀၄၂.၈ | ၁၁.၆ | ၃,၆၅၂,၆၈၄.၆ | ၁၁.၁ | ၆.၇ |
| | ၂ | သားငါး | ၃,၀၅၀,၃၁၂.၆ | ၁၀.၄ | ၃,၂၇၀,၀၀၁.၈ | ၉.၉ | ၇.၂ |
| | ၃ | သစ်တော | ၂၀,၉၆၄.၇ | ၀.၁ | ၁၂,၆၀၉.၆ | ၀.၁ | -၃၉.၉ |
| | ၄ | စွမ်းအင် | ၁,၅၈၉,၄၁၄.၂ | ၅.၄ | ၁,၇၅၁,၂၇၂.၄ | ၅.၃ | ၁၀.၂ |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၄၂၀,၀၁၇.၅ | ၁.၄ | ၄၂၃,၉၃၃.၂ | ၁.၃ | ၀.၉ |
| | ၆ | စက်မှုလက်မှု | ၅,၉၅၂,၅၆၉.၈ | ၂၀.၂ | ၆,၉၂၀,၅၇၀.၇ | ၂၁.၁ | ၁၆.၃ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၆၀၅,၃၆၀.၄ | ၂.၁ | ၆၉၆,၀၇၀.၅ | ၂.၁ | ၁၅.၀ |
| | ၈ | ဆောက်လုပ်မှု | ၁,၄၅၈,၀၂၄.၁ | ၅.၀ | ၁,၇၃၉,၀၇၃.၂ | ၅.၃ | ၁၉.၃ |
| ၂ | | ဝန်ဆောင်မှုတန်ဖိုး | ၇,၆၁၇,၅၁၈.၆ | ၂၅.၉ | ၈,၃၃၅,၀၂၉.၃ | ၂၅.၃ | ၉.၄ |
| | ၁ | ပို့ဆောင်ရေး | ၄,၁၄၁,၈၈၄.၇ | ၁၄.၁ | ၄,၄၈၄,၅၂၅.၉ | ၁၃.၆ | ၈.၃ |
| | ၂ | ဆက်သွယ်ရေး | ၈၉၄,၈၃၈.၇ | ၃.၀ | ၁,၀၀၀,၉၆၅.၆ | ၃.၀ | ၁၁.၉ |
| | ၃ | ငွေရေးကြေးရေး | ၁၂၂,၅၀၄.၆ | ၀.၄ | ၁၃၃,၆၇၁.၂ | ၀.၄ | ၉.၁ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၁,၂၈၂,၉၂၆.၅ | ၄.၄ | ၁,၃၃၇,၃၆၃.၀ | ၄.၁ | ၄.၂ |
| | ၅ | အခြားဝန်ဆောင်မှု | ၁,၁၇၅,၃၆၄.၁ | ၄.၀ | ၁,၃၇၈,၅၀၃.၆ | ၄.၂ | ၁၇.၃ |
| ၃ | | ကုန်သွယ်မှုတန်ဖိုး | ၅,၂၇၂,၀၀၃.၅ | ၁၇.၉ | ၆,၀၇၁,၉၅၇.၂ | ၁၈.၅ | ၁၅.၂ |
| ၄ | | စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ) | ၂၉,၄၁၀,၂၂၈.၂ | ၁၀၀.၀ | ၃၂,၈၇၃,၂၀၂.၅ | ၁၀၀.၀ | ၁၁.၈ |

## မြန်မာနိုင်ငံ သွားနှင့် ခံတွင်း ဆရာဝန်အသင်း (ရန်ကုန်တိုင်းဒေသကြီး) ခရမ်းမြို့၌ အခမဲ့ ကွင်းဆင်းကုသမည်

**ရန်ကုန် မတ် ၁၀**

မြန်မာနိုင်ငံ သွားနှင့် ခံတွင်းဆရာဝန်အသင်း (ရန်ကုန်တိုင်းဒေသကြီး)က ကမ္ဘာ့သွားနှင့် ခံတွင်းနေ့ အထိမ်းအမှတ်အဖြစ် ဦးဆောင်ပြုလုပ်မည့် အခမဲ့ကွင်းဆင်းကုသရေး အစီအစဉ်ကို မတ် ၁၈ ရက် နံနက် ၉ နာရီမှ မွန်းလွဲ ၂ နာရီအထိ ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် (၄) ရပ်ကွက် ဗုဒ္ဓဟူးလမ်းရှိ ပုညကုသလအသင်း မြို့လယ်မဏ္ဍာရုံ၌ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သွားနှင့် ခံတွင်းဆရာဝန်များစွာဖြင့် သွားနှင့်ခံတွင်း ကျန်းမာရေးပညာပေးခြင်း၊ သွားနှင့် ခံတွင်းရောဂါများကုသပေးခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ရာ ခရမ်းမြို့ပေါ်နှင့် မြို့နယ်အတွင်းရှိ ကျေးရွာများ၊ အနီးပတ်ဝန်းကျင် မြို့ ရွာများမှ သွားရောဂါဝေဒနာရှင်များ အခမဲ့လာရောက်ပြသနိုင်ကြောင်း၊ သွားနှင့် ခံတွင်းရောဂါများ လာရောက်ပြသသူတိုင်းကို သွားတိုက်တံနှင့် သွားတိုက်ဆေးများ လက်ဆောင်အဖြစ် ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

**မြန်မာ့အလင်း**



မော်ဘီမြို့နယ် ဆပ်သွားတောကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးတွင် မတ် ၈ ရက်က မြို့မရဲစခန်း နယ်ထိန်းရဲတပ်ကြပ် ဟန်ထွန်းက သက်ငယ်မုဒိမ်းမှု ပပျောက်ရေးနှင့် မှုခင်းအသိပညာပေး ဟောပြောဆွေးနွေးစဉ်။

တင်စိုး(မြန်မာ့အလင်း)

*စာမျက်နှာ ၈ မှ*

အစည်းများနှင့် အပြည့်အဝပူးပေါင်းဆောင်ရွက်ရမည်။ ပူးပေါင်းဆောင်ရွက်ရန် ပျက်ကွက်သည့် ပုဂ္ဂိုလ်၊ ဌာန၊ အဖွဲ့အစည်းများကို တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်ရမည်။

၁၄။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ဤဥပဒေအရ ထုတ်ပြန်သည့် ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လ အမျိုးသားစီမံကိန်း နိုင်ငံပိုင်အခန်း ရင်းနှီးမြှုပ်နှံမှု လျာထားချက်တွင်ပါရှိသော ဆောင်ရွက်မည့်လုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။**

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

ပူးတွဲ-၆

**၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆ လ အမျိုးသားစီမံကိန်း စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်(နှစ်အလိုက်ဈေးနှုန်းအရ)**

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ၂၀၁၇ ခုနှစ် (ဧပြီလမှ စက်တင်ဘာလအထိ) | | ၂၀၁၈ ခုနှစ်(ဧပြီလမှ စက်တင်ဘာလအထိ) (၆)လ အမျိုးသားစီမံကိန်း | | |
|---|---|---|---|---|---|---|
| | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲအချိုး (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | ကချင်ပြည်နယ် | ၄၇၃,၈၂၃.၁ | ၁.၆ | ၄၈၂,၉၂၀.၀ | ၁.၅ | ၁.၉ |
| ၂ | ကယားပြည်နယ် | ၁၀၂,၉၈၅.၃ | ၀.၃ | ၁၁၂,၅၈၇.၈ | ၀.၃ | ၉.၃ |
| ၃ | ကရင်ပြည်နယ် | ၄၅၁,၀၀၆.၁ | ၁.၅ | ၅၀၀,၀၉၀.၄ | ၁.၅ | ၁၀.၉ |
| ၄ | ချင်းပြည်နယ် | ၁၀၂,၉၇၇.၇ | ၀.၄ | ၁၁၂,၀၄၇.၃ | ၀.၄ | ၈.၀ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၃,၂၂၆,၄၅၉.၃ | ၁၁.၀ | ၃,၅၇၃,၉၉၂.၀ | ၁၀.၉ | ၁၀.၈ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၁,၆၀၆,၇၂၃.၀ | ၅.၅ | ၁,၆၈၇,၉၁၀.၀ | ၅.၁ | ၄.၄ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၁,၈၁၅,၀၄၀.၂ | ၆.၂ | ၂,၀၁၂,၅၇၅.၉ | ၆.၁ | ၁၀.၉ |
| ၈ | မကွေးတိုင်းဒေသကြီး | ၂,၆၃၃,၂၄၅.၀ | ၉.၀ | ၂,၉၅၀,၇၇၃.၀ | ၉.၀ | ၁၂.၁ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၃,၂၁၄,၁၂၃.၇ | ၁၀.၉ | ၃,၆၄၃,၈၄၈.၈ | ၁၁.၁ | ၁၃.၄ |
| ၁၀ | မွန်ပြည်နယ် | ၁,၁၄၀,၄၅၈.၉ | ၃.၉ | ၁,၂၆၆,၇၅၄.၆ | ၃.၈ | ၁၁.၁ |
| ၁၁ | ရခိုင်ပြည်နယ် | ၁,၂၆၉,၂၄၃.၃ | ၄.၃ | ၁,၅၅၀,၁၈၀.၀ | ၄.၇ | ၂၂.၁ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၇,၄၄၀,၉၁၅.၁ | ၂၅.၃ | ၈,၅၂၉,၈၃၂.၃ | ၂၆.၀ | ၁၄.၆ |
| ၁၃ | ရှမ်းပြည်နယ် | ၁,၇၅၁,၁၈၉.၃ | ၆.၀ | ၁,၉၂၉,၅၈၄.၆ | ၅.၉ | ၁၀.၂ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၃,၅၅၉,၈၀၉.၄ | ၁၂.၁ | ၃,၈၅၃,၀၁၂.၀ | ၁၁.၇ | ၈.၂ |
| ၁၅ | နေပြည်တော်ကောင်စီနယ်မြေ | ၆၀၂,၂၂၇.၈ | ၂.၀ | ၆၅၇,၀၉၃.၇ | ၂.၀ | ၉.၁ |

စာပေမြင့်မှ လူမျိုးတင့်မည်

**ဘဏ္ဍာရေးနှစ်အလိုက် မြန်မာနိုင်ငံ၏ ပညာရေးအသုံးစရိတ် တိုးမြှင့်သုံးစွဲအခြေအနေ**




ဓာတ်မြစ်။ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန
ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ်မှ စုစည်းတင်ပြပါသည်။

# မန္တလေးတိုင်းဒေသကြီး လွှတ်တော်ရုံးသို့ ဆန်အိတ်နှင့်ဆီများ လှူဒါန်း



**မန္တလေး မတ် ၁၀**

မန္တလေးတိုင်းဒေသကြီး လွှတ်တော်ရုံးရှိ အခြေခံဝန်ထမ်းများအား မြစ်သားမြို့နယ် ရွာမုန်းကျေးရွာ စပါးတောကျေးရွာ၊ မယှက်ကျေးရွာမှ ပြည်သူများစုပေါင်း၍ ကျေးဇူးတင်ခြင်းအတွက် ငါးပြည်ဝင် ဆန်အိတ် ၆၀၊ ဆီ ပိဿာ ၆၀ တို့ကို မတ် ၉ ရက်က အဆိုပါ လွှတ်တော်ရုံး၌ လှူဒါန်းပွဲပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးနှင့်ဝန်ထမ်းများ၊ မြစ်သားမြို့နယ် မဲဆန္ဒနယ်အမှတ် (၁) လွှတ်တော်ကိုယ်စားလှယ် ဦးမင်းအောင်၊ မဲဆန္ဒနယ်အမှတ် (၂)လွှတ်တော်ကိုယ်စားလှယ် ဒေါ်သင်းမြသင်းနှင့် ကျေးရွာပြည်သူများ တက်ရောက်ကြသည်။

လှူဒါန်းပွဲတွင် မြစ်သားမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များက အဆိုပါကျေးရွာများသည် အစဉ်အဆက် အစိုးရလက်ထက်များတွင် လျှပ်စစ်မီးမရရှိခဲ့ကြောင်း ယခု အစိုးရသစ်လက်ထက်တွင် လျှပ်စစ်မီးရရှိအောင် စွမ်းဆောင်ပေးသောကြောင့် ကျေးဇူးဆပ်ခြင်းသဘောဖြင့် လာရောက်လှူဒါန်းခြင်းဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် လွှတ်တော်ရုံးဝန်ထမ်းများ အတွက် ဆန်အိတ်များနှင့် ဆီပုံးများ ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြောင်း သိရသည်။

**အောင်ကျော်ထွန်း(ပုသိမ်ကြီး)**

# ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများအား ခွင့်ပြုပေးနေမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄) ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၀ ရက်တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများနှင့်အညီ စိစစ်၍ လုပ်ငန်းအသိအမှတ်ပြု လက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးခဲ့ရာ ၈-၃-၂၀၁၈ ရက်နေ့က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးတွင် ၅-၂-၂၀၁၈ ရက်နေ့မှ ၂၃-၂-၂၀၁၈ ရက်နေ့ထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ငါးဦးကိုလည်းကောင်း၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ဂျာနယ် နှစ်ဦး၊ မဂ္ဂဇင်း သုံးဦး၊ အထွေထွေ ၁၄ ဦး၊ ပေါင်း ၁၉ ဦးကို လည်းကောင်း၊ သတင်းအေဂျင်စီလုပ်ငန်း လုပ်ကိုင်လိုသူတစ်ဦးကိုလည်းကောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများ ပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၄၉၇ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၂၃၂၈ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၉၈ ဦး၊ စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၃၉၂၃ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

**၁၀-၁၀-၂၀၁၄ ရက်နေ့မှ ၈-၃-၂၀၁၈ ရက်နေ့ထိ ပုံနှိပ်/ထုတ်ဝေခွင့်ပြုမှု**

**ခွင့်ပြုပြီး ပုံနှိပ်/ထုတ်ဝေစာရင်း**

| လုပ်ငန်းအမျိုးအစား | (၉-၂-၂၀၁၈) ရက်နေ့ EC (၄/၂၀၁၈) အတည်ပြုပြီးစာရင်း | (၈-၃-၂၀၁၈) ရက်နေ့ EC (၆/၂၀၁၈) တင်ပြစာရင်း | | ယနေ့အထိ အဆင့်ဆင့်စုစုပေါင်း |
|---|---|---|---|---|
| | | ခွင့်ပြု | စိစစ်ဆဲ | |
| ပုံနှိပ်လုပ်ငန်း | ၁၄၉၂ ဦး | ၅ ဦး | - | ၁၄၉၇ ဦး |
| ထုတ်ဝေလုပ်ငန်း | ၂၃၀၉ ဦး | ၁၉ ဦး | - | ၂၃၂၈ ဦး |
| သတင်းအေဂျင်စီလုပ်ငန်း | ၉၇ ဦး | ၁ ဦး | - | ၉၈ ဦး |
| **စုစုပေါင်း** | **၃၈၉၈ ဦး** | **၂၅ ဦး** | **-** | **၃၉၂၃ ဦး** |

# မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်မှ မတ် ၁ ရက်အထိ တစ်ပတ်အတွင်းထွက်ရှိသော စာအုပ်စာရင်း

| စဉ် | စာအုပ်အမည် | စာရေးသူ | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၁ | ဦးဘရင် | ဟံသာဝတီဦးဘရင် | ၂၂၀၀ | စိတ်ကူးချိုချို |
| ၂ | ငါ့ပိုက်ဆံတွေ ဘယ်သူယူသွားလဲ | ယုရီပိုင် | ၃၅၀၀ | စိတ်ကူးချိုချို |
| ၃ | ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး လျှောင်းတော်မူ-၉ဆူ | မြိတ်ဝင်းဇင် | ၂၅၀၀ | သစ္စာအလင်း |
| ၄ | သူတို့တိုက်ခဲ့သော BGP နှင့်တိုက်ပွဲများအမှတ်-၂ | သောင်းဝေဦး | ၄၀၀၀ | မြရတနာ |
| ၅ | အပြုစိတ်ထား တန်ခိုးစွမ်းအား | မြတ်ငွေးမောင် | ၄၀၀၀ | ယောမင်းကြီး |
| ၆ | လူငယ်လမ်းညွှန်ဘဝ မီးရှူးတိုင် | ကြည်ရွှန်း | ၂၅၀၀ | Wisdom house |
| ၇ | အရှေ့တံခါးမှနဂါးခြေရာ | ဒေါက်တာထွန်းရွှေ | ၃၀၀၀ | မျိုးဆက်သစ် |
| ၈ | ခေတ်သစ်မြန်မာပြည် အား ဖန်တီးပုံဖော်ခြင်း | သန့်မြင့်ဦး | ၆၅၀၀ | Myanmar book center |
| ၉ | ရည်မှန်းချက်မှသည် အောင်မြင်မှုပန်းတိုင်ဆီသို့ | ပါမောက္ခ Dr.အောင်ထွန်းသက် | ၁၀၀၀ | မဇ္ဈိမ |
| ၁၀ | မျိုးပွားပုံယူတူမတူ | ဖိုးကျော့ | ၁၇၀၀ | စိတ်ကူးချိုချို |
| ၁၁ | ရတနာဂီရိခရီးသည် | မောင်သန်းဆွေ | ၂၀၀၀ | နန်းဒေဝီ |
| ၁၂ | ဗမာကအင်္ဂလိပ် ဘာသာပြန်စံပြ | မောင်သာနိုး | ၃၅၀၀ | လောကသစ် |
| ၁၃ | ၂မိနစ်စာ အောင်မြင်ရေး-၁၀၀ | ကိုသူရ | ၂၅၀၀ | Smart စာပေ |
| ၁၄ | အိုမာရ်ခိုက်ယမ်းရဲ့ ရူဘိုက်ယက် | မောင်သာနိုး | ၃၀၀၀ | ကွမ်းခြံလမ်း |
| ၁၅ | မူရကာမိ၏မူရကာမိ | ရဲမြလွင် | ၄၀၀၀ | ကွမ်းခြံလမ်း |
| ၁၆ | တိမ်ပန်းတိုင် | လက်ာရည်ကျော် | ၃၀၀၀ | နန်းဒေဝီ |
| ၁၇ | သံလွင်ရေကားစီးမြဲပင် | ရဲထွဋ် | ၁၅၀၀ | Bmedia wash စာပေ |
| ၁၈ | မြန်မာနိုင်ငံသိုလှောင် သီးနှံများတွင် ကျရောက်လေ့ရှိသော အင်းဆက်ဖျက်ပိုးများ | ဒေါက်တာကိုကို | ၂၀၀၀ | ဒေါက်တာကိုကို |
| ၁၉ | ချိုသံနှင့်ကျေးလက်သဘာဝ ရယ်ရွှင်ဖွယ်ဝတ္ထုတိုများ | မောင်သစ်ဦး | ၂၀၀၀ | ယဉ်မျိုး |
| ၂၀ | Real lives Real Stories Volume 43 March | ကလောင်စုံ | ၄၅၀၀ | The book house |
| ၂၁ | ခက်ခတ်ခပ် | ကောင်းမြတ်ထူး | ၂၅၀၀ | အိပ်မက်သစ် |
| ၂၂ | ချာလီချက်ပလင် | The key collection | ၁၅၀၀ | The key collection |
| ၂၃ | အခြားသူတို့၏ဝတ္ထုတိုများ | မြင့်သန်း | ၁၅၀၀ | The key collection |
| ၂၄ | လွတ်လပ်သောလူသား | ခင်မောင်လွင် | ၁၀၀၀ | ရွှေသစ္စာ |

*(ဆက်လက်ဖော်ပြပါမည်)*

# သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးများကို ထပ်ဆင့်ဂုဏ်ပြုပူဇော်



စစ်တွေ မတ် ၁၀

**ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး ၁၃ ပါးအား ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲ ဂုဏာဝိသိဋ္ဌပူဇာ မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၉ နာရီက စစ်တွေမြို့ လောကာနန္ဒာစေတီတော်ပုရိဝုဏ်အတွင်းရှိ သာသနာ့ဗိမာန်တော်၌ ကျင်းပသည်။**

ရှေ့ဦးစွာ ရက္ခမဏ္ဍိုင်မင်္ဂလာစည်တော်ဝိုင်းမှ သရဏဂုံသုံးပါးဖြင့် ပူဇော်ချီးမြှင့်ပြီး ကြွရောက်တော်မူကြကုန်သော ဆရာတော်ကြီးများနှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု အမှူးပြုသော ဧည့်ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆိုပြီး အခမ်းအနားကို ဖွင့်လှစ်ကြသည်။ ထို့နောက် ပြည်နယ်သာသနာရေးမှူး ဦးမျိုးဝင်းအောင်က အခမ်းအနားဖွင့် စာတမ်းကိုဖတ်ကြားပြီး ပြည်နယ်ဝန်ကြီးချုပ် အမှူးပြုသော ဧည့်ပရိသတ်များက ပြည်နယ်သြဝါဒါစရိယ စစ်တွေမြို့ ဒက္ခိဏာရာမကျောင်းတိုက်ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒ မဟာထေရ်မြတ်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ နိုင်ငံတော်သြဝါဒါစရိယ၊ စစ်တွေမြို့ (ပုသိမ်) ကျောင်းတိုက်ပဓာနနာယက၊ အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တပဏ္ဍိတ မဟာထေရ်မြတ်က သမ္ဗောဒနီယသြဝါဒကထာ မြွက်ကြားချီးမြှင့်တော်မူပြီး ပြည်နယ်ဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ဆက်လက်၍ ပြည်နယ်သာသနာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိန်သာဇံက သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၏ ထေရုပ္ပတ္တိအကျဉ်းကို ဖတ်ကြားပူဇော်ပြီး ရခိုင်တေးသံရှင် မောင်ကိုကိုနှင့်အဖွဲ့က သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား ဂုဏ်ပြုရတုဖြင့် သီဆိုပူဇော်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကျောက်၊ ပြည်နယ်ဝန်ကြီးများနှင့်ဇနီး၊ ပြည်နယ်ဥပဒေချုပ် ဦးကျော်လှထွန်း၊ ပြည်နယ်စာရင်းစစ်ချုပ် ဒေါ်ယဉ်လှနှင့် ဒေသကွပ်ကဲရေးစစ်ဌာနချုပ်(စစ်တွေ) ဒေသကွပ်ကဲရေးမှူးတို့က သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို ဆက်ကပ်လှူဒါန်းကြပြီး အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ပြည်နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ စစ်တွေမြို့ ဓမ္မသုခကျောင်းတိုက် ဆရာတော်အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသောမ မဟာထေရ်မြတ်ထံမှ ရေစက်ချအနုမောဒနာတရားနာယူကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

## အိန္ဒိယအစိုးရမှ မောင်တောမြို့နယ် နေရပ်စွန့်ခွာတိုင်းရင်းသားများအတွက် နေအိမ်များဆောက်လုပ်လှူဒါန်းမည့် မြေနေရာ အိန္ဒိယသံရုံးမှ ဒုတိယသံအမတ်ကြီး ကြည့်ရှု



**နေပြည်တော် မတ် ၁၀**

မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးမှ ဒုတိယသံအမတ်ကြီး Mr. Bshyan၊ ပထမအတွင်းဝန် Dr. Muthukumarasamy B နှင့်အဖွဲ့သည် မောင်တောမြို့နယ် ရွှေဇား၊ ကြိမ်ချောင်းတောင်နှင့် နံ့သာတောင်ကျေးရွာများရှိ နေရပ်စွန့်ခွာတိုင်းရင်းသားများအတွက် အိန္ဒိယနိုင်ငံအစိုးရမှ နေအိမ်များ ဆောက်လုပ်လှူဒါန်းမည့် မြေနေရာများ ကြည့်ရှုရန်အတွက် ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နံ့သာတောင်ကျေးရွာသို့ ရောက်ရှိပြီး မြေနေရာများအား လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် ဒုတိယသံအမတ်ကြီးနှင့်အဖွဲ့သည် တောင်ပြိုလက်ဝဲမြို့ အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ တာဝန်ရှိသူများနှင့်တွေ့ဆုံဆွေးနွေးကာ မောင်တောမြို့သို့ ဆက်လက်ထွက်ခွာသွားကြောင်း သိရသည်။

**သတင်းစဉ်**

✻ *ကျော့ဖုံးမှ*

ဇွန်၊ ဇူလိုင်လလောက်ဆို ပြီးလောက်မယ့် အနေအထားရှိပါတယ်၊ အဲဒီအပြင် အခုဘတ်ဂျက်နှစ်မှာပဲ ပြည်ထောင်စုကနေ ဦးစီးဦးဆောင်ပြုပြီး နောက်ထပ် ထပ်ဆောက်ဖို့ ဆောင်ရွက်နေတာ ၂၆ လုံးရှိပါတယ်၊ ဒါတွေပြီးသွားရင်တော့ ရခိုင်ပြည်နယ်အကုန်လုံးကို မလွှမ်းခြုံနိုင်တောင်မှ ဒေသရဲ့ သုံးပုံနှစ်ပုံလောက်ကို လွှမ်းခြုံနိုင်ပြီဆိုတဲ့ ကြိုတင်ပြင်ဆင်မှုမျိုး ဆောင်ရွက်နေပါတယ်။

**သဘာဝဘေး ၂၁ ကြိမ် ဖြစ်ပေါ်ခဲ့**

ရခိုင်ပြည်နယ်အတွင်း ၂၀၁၆ ခုနှစ် ဧပြီလမှ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလအထိ ဖြစ်ပွားခဲ့သည့် သဘာဝဘေးစုစုပေါင်း ၁၅၅ ကြိမ်တွင် မီးဘေး ၄၈ ကြိမ်၊ ရေဘေး ၁၃ ကြိမ်၊ လေဘေး ၆၂ ကြိမ်၊ ကမ်းပြိုမှုသုံးကြိမ်၊ မိုးကြိုးခုနစ်ကြိမ်၊ ငလျင်တစ်ကြိမ်နှင့် အခြားသဘာဝဘေး ၂၁ ကြိမ် ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

**အချိန်နဲ့တစ်ပြေးညီ ပြိုင်တူဆောင်ရွက်နေ**

ညွှန်ကြားရေးမှူး ဦးကျော်မင်းက "ရခိုင်ပြည်နယ်ဟာ ပင်လယ်ကမ်းရိုးတန်းနဲ့ ထိစပ်နေတဲ့အတွက် မုန်တိုင်းနဲ့ရေကြီးရေလျှံဘေးတွေ အဖြစ်များပါတယ်၊ တောင်ကုန်းတောင်တန်းတွေ ကာရံထားတဲ့ နေရာဒေသအစိတ်အပိုင်းကလွဲလို့ လွင်တီးခေါင်ပြင် မြေပြန့်တွေမှာ လေပြင်းဘေးတွေ ကျရောက်တတ်ပါတယ်၊ ဘင်္ဂလားပင်လယ်အော်နဲ့ ထိစပ်နေတဲ့အတွက် ဘင်္ဂလားပင်လယ်အော်ထဲမှာ မြေငလျင် လှုပ်လိုက်မယ်ဆိုရင် ဖြစ်လာနိုင်တဲ့ ဆူနာမီဘေးဟာလည်း ရခိုင်ပြည်နယ်ကို ထိခိုက်နိုင်ပါတယ်၊ ဒီဘေးတွေနဲ့ပတ်သက်ပြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနအနေနဲ့ ကြိုတင်ပြင်ဆင်မှုတွေ အများကြီးဆောင်ရွက်ထားပါတယ်၊ ကြိုတင်ပြင်ဆင်မှုနှစ်ပိုင်းရှိပါတယ်၊ Infrastructure အပိုင်းနဲ့ ပြည်သူလူထုကို အသိပညာပေးတဲ့အပိုင်းပါ၊ ဒီနှစ်ပိုင်းကို အချိန်နဲ့တစ်ပြေးညီ ပြိုင်တူဆောင်ရွက်နေပါတယ်၊ Infrastructure အပိုင်းမှာ ဘက်စုံသုံးလို့ရတဲ့ မုန်တိုင်းဒဏ်ခံအဆောက်အအုံတွေ ဆောက်လုပ်ထားပါတယ်။

**ကြိုတင်ပြင်ဆင်မှုအပိုင်း**

"ပြည်သူလူထုကို အသိပညာပေးတဲ့အပိုင်းကိုတော့ ၂၀၁၆ ကနေစပြီး အင်တိုက်အားတိုက် ဆောင်ရွက်လာခဲ့တာပါ၊ ဟောပြောပွဲတွေ၊ သင်တန်းတွေ၊ အလုပ်ရုံဆွေးနွေးပွဲတွေ၊ သရုပ်ပြလေ့ကျင့်ခန်းတွေကို အင်တိုက်အားတိုက် သရုပ်ပြဆောင်ရွက်ပေးနေပါတယ်၊ ပြည်သူလူထုတွေပါတဲ့ သရုပ်ပြလေ့ကျင့်ခန်းတွေကိုလည်း ထဲထဲဝင်ဝင် ဆောင်ရွက်နိုင်ခဲ့ပါတယ်၊ ရခိုင်ပြည်နယ်အနေနဲ့ သဘာဝဘေးအန္တရာယ်ကို လျင်မြန်စွာတုံ့ပြန်နိုင်တဲ့ အခြေအနေရောက်ရှိအောင် ကြိုတင်ပြင်ဆင်မှုအပိုင်းကို အားကောင်းကောင်းနဲ့ ဆောင်ရွက်နိုင်ခဲ့ပါတယ်"ဟု ပြောသည်။

**ဇော်သူထက်**

## စစ်တွေမြို့ရှိ Community Centre ၌ ဓာတ်ပုံ၊ စာအုပ်စာစောင်ပြပွဲနှင့် ဟောပြောပွဲကျင်းပ



**စစ်တွေ မတ် ၁၀**

ရခိုင်ပြည်နယ် စစ်တွေခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန (Community Centre) တွင် ဓာတ်ပုံပြပွဲ၊ စာအုပ်စာစောင်ပြပွဲနှင့် ဟောပြောပွဲကို မတ် ၉ ရက် မွန်းလွဲပိုင်းတွင် ကျင်းပခဲ့သည်။

မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းမှု၊ သာယာလှပမှု၊ ဖွံ့ဖြိုးတိုးတက်မှု၊ မြန်မာ့ယဉ်ကျေးမှုပုံရိပ်များ၊ မြန်မာ့ရေမြေတောတောင် သဘာဝရှုခင်းအလှများ၊ ချစ်စဖွယ်ကောင်းသော တိုင်းရင်းသားလူမျိုး၏ ယဉ်ကျေးမှုများ၊ ရိုးရာဓလေ့ပွဲတော်များ၏ ပုံရိပ်များကို ဓာတ်ပုံများမှတစ်ဆင့် သိရှိခံစားနိုင်ရန်နှင့် ဓာတ်ပုံပညာလေ့လာနိုင်ရန်ရည်ရွယ်၍ နှစ် (၇၀)ပြည့်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပြိုင်ပွဲဝင်နှင့်ဆုရဓာတ်ပုံများအား အေးချမ်းသာယာပြည်မြန်မာခေါင်းစဉ်ဖြင့် ဓာတ်ပုံပြပွဲကျင်းပပြီး မျိုးဆက်သစ်လူငယ်လူရွယ်များ၊ ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတတိုးပွားရေး၊ စာဖတ်ရှုသည့် အလေ့အကျင့်ရှိစေရန် ရည်ရွယ်၍ စာအုပ်ပြပွဲနှင့် စာပေတန်ဖိုး၊ စာကြည့်တိုက်အကျိုး၊ ပြည်သူ့စာကြည့်တိုက်ဝန်ဆောင်မှုအကြောင်း ဟောပြောပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါ်စမ်းစမ်းအောင်က ပြောသည်။

ထို့အပြင် ရခိုင်ပြည်နယ် စာကြည့်တိုက်များဖောင်ဒေးရှင်းဥက္ကဋ္ဌ၊ စစ်တွေခရိုင် Book Club အသင်းဝင် စာရေးဆရာ ဟာသသရုပ်ဆောင် ဗဂျီးကျော်(စစ်တွေ)က ပြပွဲ၊ ပြခန်းလေ့လာသူလူငယ်များအား စာဖတ်ခြင်း၏ အကျိုးကျေးဇူးများအကြောင်း အသိပညာပေးဟောပြောသည်။

အေးချမ်းသာယာပြည်မြန်မာခေါင်းစဉ်ဖြင့် ခင်းကျင်းပြသထားသော ဓာတ်ပုံ ၅၃ ပုံနှင့် သုတရသစာအုပ်စာစောင် ၃၀၀ ကျော်အား ခင်းကျင်းပြသထားရာ ဌာနဆိုင်ရာများ၊ ဒေသခံဓာတ်ပုံပညာရှင်များ၊ ဝါသနာရှင်များ၊ သတင်းမီဒီယာများ၊ ကျောင်းသား ကျောင်းသူများ၊ Wisdom City Computre Training မှ သင်တန်းသား သင်တန်းသူများ၊ ဖိတ်ကြားထားသူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြပြီး ပြည်သူ့စာကြည့်တိုက်အားလည်း လေ့လာခဲ့ကြကြောင်း သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

# ချင်းတွင်းမြစ် ရေကြောင်းကျပ်တည်းလာမှုကြောင့် ရေယာဉ်များ အခက်အခဲရှိလာ

**မုံရွာ မတ် ၁၀**

ချင်းတွင်းမြစ် ရေလမ်းကြောင်းကျပ်တည်းမှုများကြောင့် ကုန်တင်၊ ခရီးသည်ရေယာဉ်များ အခက်အခဲရှိလာ၍ ရေလမ်းကြောင်းသွားလာမှု ဘေးအန္တရာယ်မဖြစ်စေရေး မြစ်ချောင်းများဖွံ့ဖြိုးရေးအထောက်အကူလုပ်ငန်း ဆောင်ရွက်ပေးစေလိုကြောင်း သိရသည်။

မုံရွာမြို့တွင် ချင်းတွင်းမြစ်ရေလမ်းကြောင်းကို မှီတင်းနေထိုင် လုပ်ကိုင်နေရသော ရေယာဉ်များ၊ ဈေးရောင်း ဈေးဝယ်ပြည်သူများသည် ရေကြောင်းခရီးကိုသာ အဓိက အားထားအသုံးပြုနေလျက်ရှိရာ သဘာဝပတ်ဝန်းကျင်ပျက်စီးလာမှုနှင့်အတူ မြစ်ကြောင်းအတွင်း သဲထုမြင့်တက်လာခြင်း၊ သဲသောင်ထွန်းခြင်း၊ ရေလမ်းကြောင်းကျဉ်းမြောင်း ကျပ်တည်းနေရာများ များပြားနေကြောင်း ဒေသခံ ရေယာဉ်လုပ်ငန်းရှင်များထံမှ သိရသည်။

"မော်လိုက်မြို့နယ်ဘက်က မန်ဖာကြီး၊ မန်ဖာလေးဘက်မှာဆိုရင် ရေစစ်မျဉ်းမှတ် သုံးပေ အောက်ကျဆင်းနေတဲ့အတွက် ရေယာဉ် မောင်းတွေက ရေယာဉ်သွားလို့ရအောင် ရေလမ်းကြောင်း ဖောက်ပြီးသွားကြရတာတွေရှိတယ်၊ တချို့လူတွေ စည်းမဲ့ ကမ်းမဲ့ လုပ်ကြတော့ ကြာရှည်မခံဘူး၊ ရေလမ်းကြောင်း ပျက်ပြန်တော့ ရေယာဉ်မောင်းအများစု အခက်အခဲတွေ ကြုံတွေ့နေကြရတယ်"ဟု မုံရွာမြို့နယ်ရှိ ရေယာဉ်မောင်းသူတစ်ဦးက ပြောပြသည်။

ယခုလက်ရှိအချိန်တွင် ချင်းတွင်းမြစ်ဝှမ်း မော်လိုက်ဘက်တွင် ရေယာဉ်များ သတိထားမောင်းနှင်နေကြရကြောင်း ရေယာဉ် မောင်းတစ်ဦးက ပြောသည်။ ချင်းတွင်းမြစ်အတွင်း ကူးသန်းသွားလာနေသော ခရီးသည်တင်ရေယာဉ် အသင်း ၁၀ သင်းမှ ရေယာဉ် အစင်း ၁၃၀၊ ကုန်တင်ရေယာဉ်အသင်း ၁၈ သင်းမှ ရေယာဉ် ၅၅၅စင်း ရှိကြောင်း မုံရွာမြို့မှ ပုဂ္ဂလိက ရေယာဉ်များ စနစ်တကျ ပြေးဆွဲရေး ကြီးကြပ်မှုကော်မတီမှ သိရသည်။

**ငွေအိုး (ကသာ)**



ချင်းတွင်းမြစ်ကြောင်းအတွင်း ရပ်နားထားသော ရေယာဉ်များ။

# ရွှေလျားဆေးကုသရေးအဖွဲ့များ တာချီလိတ်မြို့နယ်အတွင်း အခမဲ့ကွင်းဆင်းကုသ

**တာချီလိတ် မတ် ၁၀**

တာချီလိတ်ခရိုင် ကုသရေးဦးစီးဌာန ခုတင် ၁၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ် ဒေါက်တာရွှေဝင်းဦးဆောင်သော အထူးကုဆရာဝန်များ၊ လက်ထောက်ဆရာဝန်များ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်းများသည် တာချီလိတ်မြို့နယ်အတွင်း အခမဲ့ကွင်းဆင်းဆေးကုသမှုများ ဆောင်ရွက်ခဲ့သည်။ **(ယာပုံ)**



ကွင်းဆင်းဆေးကုသရေးအဖွဲ့သည် မတ် ၁၀ ရက် နံနက်ပိုင်းမှစတင်ကာ တာချီလိတ်မြို့နယ် မိုင်းဟဲ(အောက်)အုပ်စု ကာနရွာ ကျေးလက်ကျန်းမာရေးဌာနတွင် ဒေသခံ အာခါ၊ လားဟူနှင့် ပလောင်တိုင်းရင်းသားများအား ကျန်းမာရေးစောင့်ရှောက်မှုနှင့် အခမဲ့ဆေးဝါးကုသမှုများ ဆောင်ရွက်ကာ ဒေသခံပြည်သူများ၏ ကျန်းမာရေးအတွက် အထူးအစီအစဉ်ဖြင့် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မောင်ယဉ်ကျေး**

# အမ်းမြို့နယ်၌ တရားမဝင် ဝင်ရောက်လာသူ ၁၂ ဦး ဖမ်းဆီးရမိ

**အမ်း မတ် ၁၀**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့နယ်၌ ပျဉ်းချောင်းကျေးရွာအနီးတောစပ်၌ တရားမဝင် ဝင်ရောက်လာသူ ၁၂ ဦးကို အမ်းမြို့နယ်ရဲတပ်ဖွဲ့ ရဲမှူးထွန်းအေး၊ မြို့မစခန်းမှူး ကျော်ဝင်းနှင့်အတူ ဒုတိယလဝကမှူး ဦးတင်မင်းလတ်တို့ ပူးပေါင်းအဖွဲ့က မတ် ၉ ရက် ည ၇ နာရီက ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ တရားမဝင် ဝင်ရောက်လာသူ ၁၂ ဦးအား ကျောက်တော်မြို့နယ် ကန်ပေါက်ကျေးရွာ၌ စုရပ်ပြုလုပ်ကာ ကျောက်တော(ခ) ချာကေ၊ လာလူးနှင့် မာဇော်မား ကန်ပေါက်ကျေးရွာနေသူသုံးဦးက လှေဆိပ်သို့ပို့ဆောင်ပေးခဲ့ပြီးနောက် ကျောက်တောင်(ခ)ချာကေနှင့် ချိတ်ဆက်ထားသော လူနှစ်ဦး မောင်းနှင်သည့်လှေဖြင့် နှစ်ညခရီးဆက်ခဲ့ပြီး ယင်းနေ့ ည ၁၀ နာရီခွဲတွင် အမ်းမြို့နယ်အတွင်း ရောက်ရှိခဲ့ကြောင်း၊ ထို့နောက် ကူညီပို့ဆောင်ပေးသူ သုံးဦးနှင့်အတူ ထွက်ခွာလာစဉ် ပျဉ်းချောင်းကျေးရွာအနီးအရောက် ရဲတပ်ဖွဲ့က ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ တရားမဝင် ဝင်ရောက်လာသူ ၁၂ ဦးကို ရန်ကုန်မြို့သို့ တစ်ဦးလျှင် ပို့ဆောင်ခငွေကျပ် ၁၆ သိန်းရရှိ၍ ကျောက်တော်မြို့နယ် ကန်ပေါက်ရွာမှ ကျောက်တောင်(ခ)ချာကေ၏ ဆက်သွယ်ပေးမှုဖြင့် ရန်ကုန်မြို့နေ ဟာဂျီအီစူးက လာရောက်ခေါ်ဆောင်မည်ဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် အမ်းမြို့နယ်ရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ဝင်းအိမွန် (ပြန်/ဆက်)**

# ဒေသခံပြည်သူများ နွေရာသီသောက်သုံးရေဖူလုံရေးအတွက် မြေသားရေကန် တူးဖော်ဆောင်ရွက်

**ညောင်လေးပင် မတ် ၁၀**

ဒေသခံပြည်သူများ ပူပြင်းသောနွေရာသီတွင် ရေပြတ်လပ်မှုမတွေ့ ကြုံရဘဲ သောက်သုံးရေဖူလုံစွာရရှိစေရန်အတွက် ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၇- ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီး ရန်ပုံငွေဖြင့်ဆောင်ရွက်လျက်ရှိသော အင်းချောင်ကျေးရွာအုပ်စု ကေါင်းရာ ကျေးရွာမြေသားရေကန်တူးဖော်နေမှုအား မတ် ၁၀ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်သိန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ဦးနှင့် ဦးညီညီထွေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ကံတို့က ကွင်းဆင်းစစ်ဆေးရာ မြို့နယ်ကျေးလက်ဦးစီးမှူး ဦးသန့်ဇင်မျိုးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။

အဆိုပါ မြေသားရေကန်မှာအလျား ၁၉၈ ပေ၊ အနံ ၆၆ ပေ၊ အနက် ငါးပေရှိကာ ခွင့်ပြုရန်ပုံငွေ ၇ ဒသမ ၅ သန်းဖြင့် တူးဖော်ဆောင်ရွက်နေခြင်းဖြစ်သည်။ ရေကန်ပြီးစီးသွားပါကကေါင်းရာ ကျေးရွာရှိဒေသခံပြည်သူများ ပူပြင်းသောနွေရာသီတွင် ရေပြတ်လပ်မှုနှင့်မတွေ့ကြုံရတော့ဘဲ သောက်သုံးရေဖူလုံစွာ ရရှိနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

# မော်တော်ယာဉ်များမှ ဘက်ထရီအိုး ခိုးယူသူများ ဖမ်းဆီးရမိ

**ရန်ကုန် မတ် ၁၀**

လိုင်စင်မဲ့ယာဉ်ကိုအသုံးပြုကာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များအတွင်း ညအိပ်ရပ်နားထားသော ယာဉ်များ၏ ဘက်ထရီအိုးများခိုးယူသူများကို ဗဟန်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက မတ် ၄ ရက် နံနက် ၂ နာရီခွဲက ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖမ်းဆီးရမိသူ အောင်မျိုးဝင်း (၃၀ နှစ်)၊ အောင်ကျော်လွင် (၂၁ နှစ်)၊ အောင်ကျော်ထွေး(၂၆ နှစ်)၊ မြတ်ကျော်(၂၃ နှစ်)၊ ကျော်စိုး (၃၀နှစ်)နှင့် ထွန်းလွင်ထွေး (၃၆ နှစ်)တို့အား အခြားခိုးမှုများ ကျူးလွန်ထားခြင်းရှိ မရှိ စစ်ဆေးခဲ့သည်။ ၎င်းတို့သည် ဇန်နဝါရီလအတွင်းက လိုင်စင်မဲ့ယာဉ်ကို အသုံးပြုကာ ဗဟန်း၊ လမ်းမတော်၊ လသာ၊ ရန်ကင်း၊ တာမွေ၊ မင်္ဂလာတောင်ညွန့်၊ သဃ်န်းကျွန်းနှင့် တောင်ဥက္ကလာပ မြို့နယ်များအတွင်း ညအချိန် ရပ်ထားသောယာဉ်များမှ ဘက်ထရီအိုးများကိုလည်းကောင်း၊ ဖေဖော်ဝါရီလအတွင်းက စမ်းချောင်းနှင့် ဒဂုံမြို့နယ်များအတွင်း ညအချိန် ရပ်ထားသော ယာဉ်များမှ ဘက်ထရီအိုးများကိုလည်းကောင်း ခိုးယူရောင်းချထားကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

စစ်ဆေးပေါ်ပေါက်ချက်များအရ အောင်မျိုးဝင်းပါ ခြောက်ဦးတို့အား သက်ဆိုင်ရာမြို့မရဲစခန်းများတွင် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိပြီး ခိုးယူရရှိသောပစ္စည်းများကို ဝယ်ယူသူ မြင့်နိုင်(၄၃ နှစ်)ကိုလည်း အမှုဖွင့်ထားကြောင်း သိရသည်။ **ကိုရဲ**

# ရသေ့တောင်မြို့နယ်၌ နွေရာသီ အခြေခံအားကစား သင်တန်းများဖွင့်လှစ်

**ရသေ့တောင် မတ် ၁၀**

ရသေ့တောင်မြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် ၂၀၁၈ ခုနှစ် နွေရာသီ အခြေခံအားကစားသင်တန်းများကို မတ် ၁ ရက်မှ စတင်ဖွင့်လှစ်ခဲ့ရာ ဧပြီ ၁ ရက်အထိ ဖွင့်လှစ်သင်ကြားမည် ဖြစ်ကြောင်း၊ သင်တန်းတွင် သင်တန်းသား သင်တန်းသူ ၁၃၅ ဦး တက်ရောက် သင်ကြားလျက်ရှိကြောင်းနှင့် မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများက နည်းပြဆရာအဖြစ် သင်ကြားပို့ချလျက်ရှိကြောင်း သိရသည်။



ရသေ့တောင်မြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သင်ကြားပို့ချသော သင်တန်းအမျိုးအစားမှာ ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ကရာတေးဒို၊ စားပွဲတင်တင်းနစ်နှင့် ပြေးခုန်ပစ်အားကစားနည်း သင်တန်းများဖြစ်ကြောင်း သိရသည်။

အဆိုပါ သင်တန်းသား၊ သင်တန်းသူများအတွက် လိုအပ်သော သင်ထောက်ကူ ပစ္စည်းများကိုလည်း ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ထောက်ပံ့ပေး အပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

# ကေအိုင်အေအဖွဲ့ ထောင်ထားသည့်မိုင်းပေါက်ကွဲရာမှ တစ်ဦးဒဏ်ရာရ

**နေပြည်တော် မတ် ၁၀**

ကချင်ပြည်နယ် တနိုင်းမြို့တွင် မတ် ၉ ရက် နံနက် ၇ နာရီခွဲက မိုင်းပေါက်ကွဲမှုဖြစ်ပွား၍ လူတစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပုန်ခုန်းရပ်ကွက်နေ အောင်အောင်(၂၅ နှစ်)သည် မိုင်းခွန်ပယင်းမှော်ဈေးတန်းအနီးရှိတဲမှ ပယင်းရှာဖွေရန် ထွက်ခွာလာစဉ် ၎င်းနေထိုင်သည့်တဲနှင့် နှစ်မိုင်ခန့်အကွာအရောက်တွင် ကေအိုင်အေလက်နက်ကိုင်အဖွဲ့ထောင်ထားသည့် မိုင်းအားတိုက်မိပေါက်ကွဲခဲ့ရာမှ အောင်အောင်တွင် မိုင်းစထိမှန် ဒဏ်ရာများရရှိခဲ့သဖြင့် တနိုင်းပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

**ကိုရဲ**

❖ *ကျောဖုံးမှ*

သံကူကွန်ကရစ်ဖြစ်ကာ တံတားအပေါ်ထည်မှာ သံမဏိသံပေါင်၊ Plate Girder သံကူကွန်ကရစ်ရက်မနှင့် သံကူကွန်ကရစ်ကြမ်းခင်းဖြစ်ကြောင်း သိရသည်။

ကြပ်စင် မြစ်ကူးတံတားသည် ရေလမ်းကင်းလွတ်အကျယ် ၂၁၅ ပေ (၆၅.၅၃မီတာ)၊ ရေလမ်းကင်းလွတ်အမြင့် ၃၉ ပေ ၄ လက်မဖြစ်ကာ တံတားခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း၏ ၇၅ တန်ဖြစ်သည်။ တံတားတစ်စင်းလုံး၏ ခန့်မှန်းစီမံကိန်းကုန်ကျတန်ဖိုး ငွေကျပ်သန်းပေါင်း ၁၁၁၄၅ သန်း ဖြစ်သည်။

ယခုအခါ မင်းပြားမြို့မှ မြေပုံမြို့သို့ သွားမည်ဆိုပါက ယင်းကြပ်စင်မြစ်ကို ဇက်ရေယာဉ်နှင့် လှေငယ်များ အသုံးပြု၍ သွားလာလျက်ရှိပြီး ညပိုင်းအချိန်များတွင် သွားလာရခက်ခဲကြောင်း သိရသည်။

**ဟန်လင်းနိုင်(စစ်တွေ-ကိုယ်ပွား)**

# ချမ်းမြသာစည်မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၂၈ သိန်းကျော်နှင့် ဘိန်းဖြူများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၀**

မတ် ၉ ရက် နံနက် ၁၀ နာရီခွဲက မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ချမ်းမြသာစည်မြို့နယ် မြို့သစ်-၂ ရပ်ကွက် ၇၃ လမ်း ခိုင်ရွှေဝါလမ်းနှင့် ဇလပ်ဝါလမ်းကြားတွင် မော်တော်ယာဉ်တစ်စီး ရပ်တန့်ထားကြောင်း သတင်းအရ သွားရောက်စစ်ဆေးရာ မော်တော်ယာဉ်ပေါ်ရှိ ဆာလာအိတ် ၁၄ အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၂၁၀၀၀၊ ဘိန်းဖြူဆပ်ပြာခွက် ၂၂၀ (ဘိန်းဖြူ အလေးချိန် ၂ ဒသမ ၂၀ ကီလို)၊ ဘိန်းဖြူမှုန့် ခြောက်အိတ် (ဘိန်းဖြူအလေးချိန် ၁ ဒသမ ၈ ကီလို)၊ ဘိန်းဖြူ ဘလောက်တုံး ခုနစ်ဂရမ်၊ အိုက်စ်တစ်ကီလို၊ ဆူဒိုအက်ဖီဒရင်းဆေးမှုန့် ၁၀၀ ဂရမ်၊ Sodium hydroxide ၁၅၀ ဂရမ်တို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ည ၈ နာရီခန့်က မူးယစ်တပ်ဖွဲ့စု-၂ မြစ်ကြီးနားမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဝိုင်းမော်မြို့နယ် ဗလမင်းထင်ဌာနဆိုင်ရာ ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် သောင်းဇူမောင်းနှင်ပြီး သောင်းစီးနှင့် သောင်းဝူတို့လိုက်ပါလာသည့် မော်တော်ယာဉ် ရောက်ရှိလာ၍ရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက် ၂၂၀ (ဘိန်းဖြူ အလေးချိန် ၂ ဒသမ ၄၂ ကီလို)၊ အဆင့်နိမ့်ဘိန်း(ခပ်ပုံ) ၆၀၀ ဂရမ်နှင့် လက်ကိုင်ဖုန်းသုံးလုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မတ် ၁၀ ရက် နံနက် ၁၀ နာရီတွင် မြစ်ကြီးနားမြို့ စီတာပူရပ်ကွက် မနောမြေတည်းခိုခန်းအနီး၌ လွယ်ဂျယ်မြို့နယ်နေ မူးယစ်ဆေးဝါးများပိုင်ရှင် မရန်ဘရန်ဂျာအား မော်တော်ယာဉ် တစ်စီး၊ လက်ကိုင်ဖုန်းနှစ်လုံးနှင့်အတူ ထပ်မံ ဖမ်းဆီးရမိခဲ့သည်။

ထို့အတူ ယင်းနေ့ နံနက် ၁၀ နာရီခွဲတွင် တီကျစ်ရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်တရားမြို့ နန်းချဉ်ကျေးရွာ ပင်လောင်း-အောင်ပန်းသွား ကားလမ်းတွင် ထွန်းငွေအား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၈၂ ပြား နှင့်ဘိန်းဆီခဲ ၄၈ ဒသမ ၉၉ ဂရမ် တို့ကို လည်းကောင်း။

ည ၁၁ နာရီတွင် မူးယစ်တပ်ဖွဲ့စု-၇ တမူးမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တမူးမြို့ ၄ မိုင် ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ကလေးမြို့ဘက်မှ တမူးမြို့ဘက်သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်ကိုစစ်ဆေးရန် ရပ်တန့်စေရာ ယာဉ်မောင်း အမျိုးသားမှာ မော်တော်ယာဉ်ပေါ်မှ ခုန်ချထွက်ပြေးသွားပြီး ယာဉ်၏ နောက်ခန်းအတွင်းမှ ဘိန်းဖြူဆပ်ပြာခွက် ၆၆ ခွက် (ဘိန်း ဖြူ အလေးချိန် ၅၉၄ ဂရမ်) ကို လည်းကောင်း။

ထို့အတူ မတ် ၉ ရက် နံနက် ၁၁ နာရီတွင် မူးယစ်တပ်ဖွဲ့စု-၃၀ တာချီလိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် မိုင်းကိုးကျေးရွာအုပ်စု ရန်ကုန်ကျေးရွာနေ ပီဒီနှင့် မနာမီတို့၏ နေအိမ်ကိုရှာဖွေရန်ဝင်ရောက်စဉ် ၎င်းတို့နှင့်အတူ အေလီဆန်အားတွေ့ရှိပြီး ပီဒီက ခေါင်းကိုင်၍ သေနတ်အတိုဖြင့်ပစ်ခတ်ကာ ထွက်ပြေးသွား၍ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၅၀၊ တစ်လုံးထိုးပြောင်းချော သေနတ်အတို တစ်လက်၊ ပွိုင့် ၄၅ ကျည် သုံးတောင့်၊ ပွိုင့် ၄၅ ကျည်ခွံ တစ်ခု၊ ခေါင်းဦးချွန်တစ်ချောင်း၊ တူမီး သေနတ် နှစ်လက်နှင့် ဆိုင်ကယ်သုံးစီးတို့ကို လည်းကောင်း။

ယင်းနေ့ ညနေ ၄ နာရီတွင် မူးယစ်တပ်ဖွဲ့စု-၂၄ လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့အဝင် မူဆယ်-မန္တလေးသွားကားလမ်း မိုင်တိုင်အမှတ် ၈၀/၄ အနီးတွင် အောင်မျိုးသူ မောင်းနှင်ပြီး ဆောင်းနိုင်ထူး(ခ)ဝါဟစ် လိုက်ပါလာသည့်ဆိုင်ကယ် ရောက်ရှိလာ၍ ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၂၀၀၊ ဘိန်းဖြူ ၂၀ ဒသမ ၇ ဂရမ်နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

နံနက် ၁၀ နာရီခွဲတွင် နမ့်ပန်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ညောင်ရွှေမြို့နယ် ကျေးပေါ်ခုံကျေးရွာအုပ်စု ကျားတွန်- ၈ ရပ်ကွက် ကျားတွန်-အင်းတိန်သွားကားလမ်း၌ အယ်ဖြိုးမောင်းနှင်ပြီး ဝင်းလှိုင်လိုက်ပါလာသည့် ဆိုင်ကယ်ရောက်ရှိလာ၍ ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၂၃ ပြား သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**



# မူဆယ်မြို့နယ်၌ ယာဉ်သုံးစီးဆင့်တိုက်မှုဖြစ်ပွား၍ တစ်ဦးသေဆုံး

**မူဆယ် မတ် ၁၀**

ရှမ်းပြည်နယ် မြောက်ပိုင်း မူဆယ်မြို့နယ် မိုင်တိုင်အမှတ် ၂၇၉/၃ နှင့် ၂၇၉/၄ အကြား၌ မတ် ၁၀ ရက် နံနက် ၁၁ နာရီခွဲက ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသမီးတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။



ဖြစ်စဉ်မှာ မတ် ၁၀ ရက် နံနက် ၁၁ နာရီခွဲခန့်က မူဆယ်မြို့နယ် တုန်ခန်ကျေးရွာ ပြည်ထောင်စုကားလမ်းမကြီး မိုင်တိုင်အမှတ် ၂၇၉/၃ နှင့် ၂၇၉/၄ အကြားတွင် (၁၀၅)မိုင်မှ မူဆယ်မြို့တွင်းသို့ ယာဉ်မောင်း ပြုံးချို(၃၈ နှစ်)နမ့်ဟွယ်ကျေးရွာ မူဆယ်မြို့နယ်နေသူ မောင်းနှင်လာသည့် CNHTC ၁၀ ဘီး မြေသယ်ယာဉ် MDY/5D -----လိုင်စင် စိစစ်ဆဲ ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ ရှေ့မှ လားရာတူ မပိုးအိဖြူ (၂၄ နှစ်) မိုင်းယု (၁၀၅) မိုင်ကျေးရွာ မူဆယ်မြို့နယ်နေသူ မောင်းနှင်နေသည့် ဆိုင်ကယ် (လိုင်စင်စိစစ်ဆဲ)ကို ဝင်ရောက်တိုက်မိခဲ့သည်။

ဆက်လက်၍ ယာဉ်မောင်း သန့်ဇင်ထွန်း (၂၅ နှစ်) ဈေးရပ်ကွက် မူဆယ်မြို့နေသူ၏ MDY/DD----- AD Van လိုင်စင် စိစစ်ဆဲယာဉ်၊ ယာဉ်မောင်း ဇေယျာဖြိုး (၃၀နှစ်) ဟိုမွန်ရပ်ကွက် မူဆယ်မြို့နေသူ မောင်းနှင်လာသည့် YGN/ 6J- ---- Toyota Noax ယာဉ်တို့ကို ဆင့်ကဲတိုက်မိခဲ့သည်။

ဖြစ်စဉ်ကြောင့် ဆိုင်ကယ်စီးနင်းလာသူ မပိုးအိဖြူသည် ဒဏ်ရာများဖြင့် အခင်းဖြစ်ပွားရာနေရာ၌ သေဆုံးသွားပြီး ကျန်ယာဉ်ပေါ်ပါသူများ ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်း မရှိကြောင်း သိရသည်။ အခင်းဖြစ်ပွားရာနေရာသို့ မူဆယ်မြို့ အမှတ်-၁၂၂ ယာဉ်ထိန်းတပ်ဖွဲ့စုနှင့် နယ်မြေခံတပ်မတော်သားများ၊ ပါရမီလူမှုကူညီရေးအသင်းတို့က သေဆုံးသူအား မူဆယ်ခရိုင် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ အမှတ် - ၁၂၂ ယာဉ်ထိန်းတပ်ဖွဲ့စု (မူဆယ်)မှ ယာဉ်မောင်း ပြုံးချိုအား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**သန့်ဇင်(မူဆယ်)**

# ဝမ်းတွင်းမြို့နယ်၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**ဝမ်းတွင်း မတ် ၁၀**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် မြို့မရဲတပ်ဖွဲ့စခန်းမှ နယ်ထိန်းအဖွဲ့ခေါင်းဆောင် ဒုတိယရဲအုပ် ဇေယျာမိုးမြင့်နှင့် နယ်ထိန်းတပ်ဖွဲ့ဝင်များသည် နယ်မြေအတွင်း မှုခင်းကျဆင်းရေးအတွက် လှည့်ကင်းဆောင်ရွက်နေစဉ် မတ် ၈ ရက် ည ၁၁ နာရီခွဲက ဝမ်းတွင်း-သဲတော ဒုတိယလမ်းမ စည်တော်ကြီးစားသောက်ဆိုင် ဆိုင်းဘုတ်အနီး လမ်းဘေးအုတ်ခုံပေါ်၌ မသင်္ကာဖွယ် လူငယ်တစ်ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၄၅ ပြားနှင့် မူးယစ်ဆေးဝါးရောင်းချထားသည့် ငွေကျပ် ၁၄၆၀၀ တို့ကို ရှာဖွေတွေ့ရှိခဲ့သည်။

သို့ဖြစ်၍ မူးယစ်ဆေးဝါးများ လက်ဝယ်တွေ့ရှိသူ ကိုကိုမောင် (၃၂ နှစ်) နဘဲကန်ကျေးရွာ ဝမ်းတွင်းမြို့နယ်နေသူကို ဝမ်းတွင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မောင်ကို(သာစည်)**

# မိုးကုတ်မြို့နယ်၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**မိုးကုတ် မတ် ၁၀**

မိုးကုတ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မတ် ၉ ရက် ညနေ ၄ နာရီ မိနစ် ၅၀ ခန့်က မူးယစ်သတင်းအရ မိုးကုတ်မြို့နယ် လယ်ကြီးရဲကင်းရှေ့၌ ပိတ်ဆို့ရှာဖွေမှုများဆောင်ရွက်နေစဉ် မိုင်းလုံဘက်မှ မိုးကုတ်ဘက်သို့ ယာဉ်မောင်း အိုက်လူ (၂၀ နှစ်) ကုန်းကျောင်းကျေးရွာ တန့်ယန်းမြို့နယ်နေသူ မောင်းနှင်ပြီး ဖခင်ဖြစ်သူ စိုင်းအိုက်မိန်း (၅၀ နှစ်) နှင့် တစ်ရွာတည်းနေ စိုင်းဆော (၃၀ နှစ်)တို့လိုက်ပါလာသည့် MDY 5J/----Surf ယာဉ်အား ရပ်တန့်စစ်ဆေးရာ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့သည်။

ပူးပေါင်းအဖွဲ့များစစ်ဆေးစဉ် အဆိုပါယာဉ်ပေါ်မှ ဘိန်းမည်း ၃ ဒသမ ၅ ကီလိုဂရမ်ခန့် တွေ့ရှိသိမ်းဆည်းရမိသဖြင့် အိုက်လူ၊ စိုင်းအိုက်မိန်းနှင့် စိုင်းဆောတို့အား မိုးကုတ်မြို့မရဲစခန်းတွင် ဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**အောင်စံမောင်**

# ဇာတ်အဖွဲ့သားများ လိုက်ပါလာသော ယာဉ်တိမ်းမှောက် ခြောက်ဦးသေ၊ ၂၁ ဦး ဒဏ်ရာရ

**နေပြည်တော် မတ် ၁၀**

ရှမ်းပြည်နယ် နောင်ချိုမြို့နယ်၌ မတ် ၉ ရက် ညနေ ၆ နာရီက ရပ်စောက်- နောင်ချို ကားလမ်းအတိုင်း မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် စိန်ပန်းကုန်းမြို့သစ်နေ ကျော်နိုင်ဦး (၄၆ နှစ်)မောင်းနှင်ပြီး "မင်းမင်းဦး"ဇာတ်အဖွဲ့သားများ လိုက်ပါလာသည့် ယာဉ်တိမ်းမှောက်မှုကြောင့် ခြောက်ဦးသေ၊ ၂၁ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၉ ရက် ညနေပိုင်းက မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် စိန်ပန်းကုန်းမြို့သစ်နေ ကျော်နိုင်ဦး (၄၆နှစ်)မောင်းနှင်ပြီး ဇာတ်အဖွဲ့သားများ လိုက်ပါလာသည့် 3B/---- Nissan ၁၀ ဘီးယာဉ်သည် မိုင်တိုင်အမှတ် ၁၈၁/၁၈၂ ကြားအရောက် လမ်းအဆင်း၌ ဘရိတ်ပေါက်ပြီး အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးရှိ မြေသားနံရံအား ဝင်ရောက်တိုက်မိ တိမ်းမှောက်ခဲ့သဖြင့် ဦးသန်းလွင်(၃၀နှစ်)ပါ ခြောက်ဦးတို့တွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ပင် သေဆုံးသွားခဲ့သည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် အင်းကုန်းကျေးရွာနေ ဦးမင်းဝေ (၃၂နှစ်)ပါ ၂၁ ဦးတို့တွင် ဒဏ်ရာများရရှိခဲ့သောကြောင့် လူမှုကူညီရေးအသင်းများမှ ယာဉ်ဆယ်စီးဖြင့် ဒဏ်ရာရလူနာများအား နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီးတွင် ပို့ဆောင်ပေးခဲ့ပြီး ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း ကျော်နိုင်ဦးအား ကျောက်ဂူနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**

# ပုသိမ်မြစ်အတွင်း စက်လှေနှင့်သင်္ဘောတိုက်မိ

**ပုသိမ် မတ် ၁၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြစ်အတွင်း မတ် ၉ ရက် ည ၈နာရီက စက်လှေနှင့် သင်္ဘောတိုက်မိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယမန်နေ့ ည ၈ နာရီက အသည်ကြီးကူးတို့ဆိပ်မှ တစ်ဖက်ကမ်းရှိ ကြက်ကန်းကူးတို့ဆိပ်သို့ ဆိုင်ကယ်လေးစီးနှင့် ခရီးသည် ၁၃ ဦးတင်ဆောင်၍ အမှတ်-၁၀ ရပ်ကွက် မရမ်းချောင်းနေ ကိုအုန်းဝင်း မောင်းနှင်လာသည့် ကူးတို့စက်လှေသည် ပုသိမ်မြစ်အတွင်း ဖြတ်သန်းလာစဉ် ပုသိမ်ဆိပ်ကမ်း အမှတ်-၁ ဇေတံတားမှ ပြင်ခရိုင်သို့ ခရီးသည် ၆၀ နှင့် ကုန်ပစ္စည်းများတင်ဆောင်ကာ အမှတ်- ၁၀ ရပ်ကွက် မကျီးတန်းရပ်နေ ဦးမြင့်ဆွေ(၆၂ နှစ်)မောင်းနှင်လာသည့် ရန်နိုင်အောင်ကြီး သင်္ဘောနှင့် ဝင်ရောက်တိုက်မိခဲ့ကာ ကူးတို့စက်လှေတိမ်းမှောက်သွားခဲ့သည်။

အခင်းဖြစ်နေရာသို့ ပုသိမ်ရေကြောင်းရဲတပ်ဖွဲ့ ခေတ္တတပ်ဖွဲ့စုမှူး ဒုရဲမှူး ခင်ဇော်ဝင်းနှင့် တပ်ဖွဲ့ဝင်များ၊ အရေးပေါ်ကယ်ဆယ်ရေးစခန်းမှ တပ်ဖွဲ့ဝင်များက အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်မှုကြောင့် ဆိုင်ကယ်လေးစီး ပျောက်ဆုံးခဲ့ပြီး အမျိုးသမီးတစ်ဦးသာ အနည်းငယ်ထိခိုက်ဒဏ်ရာရရှိခဲ့သဖြင့် ပုသိမ်ဆေးရုံကြီးသို့ ပို့ဆောင်ဆေးကုသမှု ခံယူခဲ့ရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ပုသိမ်မြို့နယ် သင်္ဘောကျင်းရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ပုသိမ်-လှကြည်**

# မန္တလေးသွားမည့်ယာဉ်များအား စစ်ဆေးရှာဖွေရာ အထောက်အထားမတင်ပြနိုင်သည့် လူသုံးကုန်ပစ္စည်းများဖမ်းမိ

**နေပြည်တော် မတ် ၁၀**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေး စခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မတ် ၉ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၂၉၅ စီး ၊ သွင်းကုန် ၈၃၂ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၃၀ ၊ သွင်းကုန် ၉၄ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မတ် ၉ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု ငါးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၆ ဒသမ ၃၅ သန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု တစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၉ သန်းခန့် စုစုပေါင်းတားဆီးမှု ခြောက်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၈ ဒသမ ၂၅ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မတ် ၉ ရက်တွင် မန္တလေးမြို့နှင့် မူဆယ်မြို့များသို့ သွားရောက်မည့်ယာဉ်များအား ရေပူအမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် မန္တလေးသို့ သွားရောက်မည့် Hiace ယာဉ်နှစ်စီး၊ Van ယာဉ်ငယ်နှစ်စီးနှင့် Hyundai ယာဉ်တစ်စီးအား စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အဝတ်အထည်အပါအဝင် လူသုံးကုန်ပစ္စည်း ၁၄ မျိုး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၆ ဒသမ ၃၅ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာ့ရုပ်မြင်သံကြား

၁၁ -၃-၂၀၁၈ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၈း၃၅ - **ရခိုင်ပြည်နယ်ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှဆောင်ရွက်ချက်များ(၃၆)**
၉း၃၀ - **လျှင်ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် သဏ္ဍာန်တူဇာတ်တိုက်လေ့ကျင့်ခြင်း**
၁၀း၀၀ - Sunday Talk
၁၁း၁၅ - လှပစုံလင်အာဆီယံတစ်ခွင်
၁၂း၃၀ - This Week's Special Interest
၁၂း၄၅ - မြန်မာ့ဂန္တဝင်ရုပ်ရှင် **ပျဉ်းမငုတ်တို** ကောလိပ်ဂျင်နေဝင်း၊ ကျော်ဟိန်း၊ နွဲ့နွဲ့မူ၊ ယဉ်ယဉ်အေး၊ ဒါရိုက်တာ-အေဝမ်းမောင်လှမျိုး

**ညပိုင်း**

၁၆း၃၅ - Blast the Ball (အပိုင်း -၂)
၁၆း၄၅ - **မတ် ၂၀၁၈၊ လပတ်မိုးလေဝသအစီအစဉ်**
၁၇း၃၅ - မျှော်လင့်ချက်အလင်းရောင် **လူထုဗဟိုပြု စီမံကိန်းကြောင့် အမျိုးသား၊ အမျိုးသမီး တန်းတူလုပ်အားရရှိလာမှုအကြောင်း**
၁၇း၅၀ - **The Elephant Whispers**
၁၈း၃၅ - SEAPJ (အရှေ့တောင်အာရှနိုင်ငံ ကလေးသူငယ်များ ဆိုင်ရာရုပ်ရှင်ပွဲတော်) **The School Uniform**
၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ **မြွေပျိုမယ်ရဲ့မှာယာလှည့်ကွက်** (အပိုင်း-၇၃)
၂၀း၀၀ - ပြည်တွင်းသတင်း၊နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ - **In & Out** (12) (လေးဖြူ(မြိတ်မြို့ခရီးစဉ်) (အပိုင်း ၁-၄)
- ပြည်သူ့နီတိ **ကျေးဇူး** (အိန္ဒြာမိုးမြင့်၊ အောင်မိုး၊ နိုင်ဝင်း၊ စံပေါ်၊ အိမ့်ကြာဖြူ၊ မြတ်ကို) (ဒါရိုက်တာ-မိုးဇော်ကို)
- **Myanmar National Symphone Orchestra (Nay Pyi Taw)**

# ရန်ကုန်နှင့် ပဲခူးတိုင်းဒေသကြီး၌ မြို့နယ် ဘောလုံးအဖွဲ့ချုပ်များ ထပ်မံဖွဲ့စည်း

**ရန်ကုန် မတ် ၁၀**

မြန်မာ့ဘောလုံး အဆင့်အတန်းတိုးတက်မြင့်မားရန်နှင့် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဘောလုံးအားကစားနည်းအပေါ် စိတ်ဝင်စားလာစေရန် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် မြို့နယ်ဘောလုံးအဖွဲ့ချုပ်များ ဖွဲ့စည်းနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ရန်ကုန်နှင့် ပဲခူးတိုင်းဒေသကြီး၌ မြို့နယ်ဘောလုံးအဖွဲ့ချုပ် ထပ်မံဖွဲ့စည်းခဲ့သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ မြို့နယ်ဘောလုံးအဖွဲ့ချုပ် ဖွဲ့စည်းရေးဥက္ကဋ္ဌ ဦးဘန်နီတင်အောင်၊ ရွှေခေတ်ဘောလုံးသမားဟောင်း ဦးရဲညွန့်၊ ငွေခေတ်ဘောလုံးသမားဟောင်း ဦးဟန်လင်းတို့ ဦးဆောင်သည့်အဖွဲ့သည် မတ် ၁၀ ရက်က ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် အစိုးရအဖွဲ့ဝင်များ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ မြို့မိမြို့ဖများနှင့် တွေ့ဆုံကာ မြို့နယ်ဘောလုံး အဖွဲ့ချုပ်ဖွဲ့စည်းရေး ကိစ္စရပ်များကို ရှင်းလင်းတင်ပြခဲ့ပြီးနောက် ပဲခူးမြို့နယ်ဘောလုံးအဖွဲ့ချုပ်ကို ဖွဲ့စည်းခဲ့သည်။ ထို့ပြင် ယမန်နေ့ကလည်း မြို့နယ်ဘောလုံးအဖွဲ့ချုပ် ဖွဲ့စည်းရေး ဥက္ကဋ္ဌ ဦးဘန်နီတင်အောင် ဦးဆောင်သည့်အဖွဲ့သည် သာယာဝတီမြို့သို့ သွားရောက်၍ သာယာဝတီမြို့နယ်ဘောလုံးအဖွဲ့ချုပ်အား ဖွဲ့စည်းပေးခဲ့သည်။ ရန်ကုန်တိုင်းဒေသကြီးတွင်လည်း မြို့နယ်ဘောလုံးအဖွဲ့ချုပ်များ ထပ်မံထွက်ပေါ်လာခဲ့ပြီး သာကေတမြို့နယ် ဘောလုံးအဖွဲ့ချုပ်ကို ဖွဲ့စည်းနိုင်ခဲ့သည်။ သာကေတမြို့နယ်ဘောလုံးအဖွဲ့ချုပ်တွင် လက်ရွေးစင်ကစားသမားများ ပါဝင်လာသည်။

**သတင်း-ဖိုးသော်ဇင်**
**ဓာတ်ပုံ- MFF**




# ရက်ချ်ဖို့ဒ်၏ သွင်းဂိုးများဖြင့် မန်ယူတို့လီဗာပူးကို အနိုင်ယူ

အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ် ၃၀ စနေနေ့ည အစောဆုံးပွဲစဉ်အဖြစ် မန်ယူနှင့် လီဗာပူးတို့ အိုးထရက်ဖို့ဒ်ကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့ရာ အိမ်ရှင်မန်ယူအသင်း နှစ်ဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့သည်။

ယင်းပွဲတွင် မန်ယူသည် ၄-၂-၃-၁ ပုံစံဖြင့် လူကာကူကို အထောင်ထားခဲ့ပြီး ဧည့်သည်လီဗာပူးသည် ၄-၃-၃ ကစားကွက်ဖြင့် တိုက်စစ်ပိုင်းတွင် ဖာမီနို၊ ဆာလက်၊ မာနေးတို့ ပွဲထွက်လာသည်။ ပထမပိုင်း ၁၄ မိနစ်တွင် လူကာကူ၏ ဖန်တီးပေးမှုမှတစ်ဆင့် ရက်ချ်ဖို့ဒ်က လီဗာပူးနောက်တန်းကို ကျော်ဖြတ်ကာ မန်ယူအတွက် ဦးဆောင်ဂိုး သွင်းယူခဲ့သည်။ ပွဲချိန် ၂၄ မိနစ်တွင် ရက်ချ်ဖို့ဒ်က မန်ယူအတွက် ဒုတိယဂိုးထပ်မံသွင်းယူခဲ့ပြီး ပထမပိုင်းအပြီးတွင် နှစ်ဂိုးအသာဖြင့် ဦးဆောင်ခဲ့သည်။ ဒုတိယပိုင်း ၆၆ မိနစ်တွင် လီဗာပူးအသင်း၏ ဖြတ်တင်ဘောကို မန်ယူနောက်တန်းကစားသမား ဘိုင်လီဖျက်ထုတ်ရာမှ ဂိုးဝင်ခဲ့၍ လီဗာပူးတို့ချေပဂိုး တစ်ဂိုးရရှိခဲ့သည်။ ပွဲပြီးချိန်တွင် မန်ယူအသင်း နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ယနေ့ပွဲတွင် ဧည့်သည် လီဗာပူးအသင်း ဘောလုံးပိုင်ဆိုင်မှု အသာစီးရရှိခဲ့ပြီး ဂိုးကန်သွင်း ခွင့် ၁၀ ကြိမ်အနက် နှစ်ကြိမ်သာ ဂိုးပေါက်တည့်ခဲ့သည်။ မန်ယူအသင်းသည် ဂိုးကန်သွင်းခွင့် လေးကြိမ်ရရှိခဲ့ပြီး သုံးကြိမ်ဂိုးပေါက်တည့်ခဲ့သည်။ ယင်းနှစ်သင်းနောက်ဆုံးတွေ့ဆုံမှု လေးကြိမ်အနိုင်အရှုံးမပေါ်ဘဲ ယနေ့ပွဲ မန်ယူတို့ အနိုင်ရခဲ့သည်။ အခြားပွဲစဉ်များတွင် အဲဗာတန်က ဘရိုက်တန်ကို နှစ်ဂိုး-ဂိုးမရှိ၊ နယူးကာဆယ်က ဆောက်သမ်တန်ကို သုံးဂိုး-ဂိုးမရှိ၊ လက်စတာက ဝက်စ်ဘရွန်းကို လေးဂိုး- တစ်ဂိုး၊ ဘန်လေက ဝက်စ်ဟမ်းကို သုံးဂိုး - ဂိုးမရှိဖြင့် အနိုင်ရပြီး ဟက်ဒါဖီးလ်နှင့် ဆွမ်ဆီး ဂိုးမရှိသရေဖြစ်ခဲ့သည်။

**သီဟ**


# စုလျားရစ်ပတ် ထိမ်းမြားမင်္ဂလာ ကျေးဇူးတင်လွှာ

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်နေ
ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်တင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)-ဒေါ်သန်းသန်းအေးတို့၏တစ်ဦးတည်းသောသား

**ဗိုလ်ကြီးကျော်ထက်အောင်**

**B.E Electronics,(DSTA)**

**တပ်မတော်(ရေ)**

နှင့်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်နေ
ဦးသန့်လွင်ဦး-ဒေါ်သင်းသင်းအောင် (ခေတ်ဆန်းနာရီဆိုင်၊ ရွှေမင်္ဂလာဈေး)တို့၏တစ်ဦးတည်းသောသမီး

**မဆုသင်္ကြန်ဦး**

**B.A(Korean)YUFL,**
**Diploma in English(Seameo Chat),**
**Diploma in Tourism Studies and Management,**
**Diploma in Business Management(STI University)**

တို့၏ ၈-၂-၂၀၁၈ရက်(ကြာသပတေးနေ့)တွင် ရန်ကုန်မြို့ Summit Parkview Hotel၌ ကျင်းပပြုလုပ်သည့် မင်္ဂလာမော်ကွန်းတင်အခမ်းအနားတွင် လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်တိုင်းဒေသကြီး၊ တရားဥပဒေရုံးမှ တိုင်းဒေသကြီးဥပဒေအရာရှိ ဦးသိန်းဇော်အားလည်းကောင်း၊ ၁၀-၃-၂၀၁၈ရက်(စနေနေ့)ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ ဇေယျာသီရိဗိမာန်၌ ကျင်းပပြုလုပ်သည့် စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် စုလျားရစ်ပတ်လက်ထပ်ပေးပါသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့အားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ်တို့ကို ချီးမြှင့်ပေးပါသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ(ငြိမ်း)သရေစည်သူ ဦးဉာဏ်ထွန်းနှင့်ဇနီးဒေါ်ခင်အေးမြင့်တို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ တက်ရောက်ချီးမြှင့်ပေးပါသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဒုတိယသမ္မတသရေစည်သူ ဦးမြင့်ဆွေ၏ဇနီး ဒေါ်ခင်သက်ဌေးအားလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများအားလည်းကောင်း၊ အငြိမ်းစားတပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ စစ်ဘက်၊ နယ်ဘက်မှ ဌာနဆိုင်ရာအကြီးအကဲများနှင့်ဇနီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ မလာရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များပေးပို့ချီးမြှင့်ကြပါသော ဂုဏ်သရေရှိ လူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာဘိသေကအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးဘိုမြင့်သန်း၊ မင်္ဂလာအခါတော်တေးသီချင်း သီဆိုပေးပါသော ဒေါ်ရီရီသန့်၊ မင်္ဂလာတေးသံသာများအား ဖျော်ဖြေပေးပါသော ရီရီသန့်-နှင်းရီသန့် မြန်မာမှုတေးဂီတအဖွဲ့၊ မင်္ဂလာပန်းကြဲပေးပါသော မနွေးနွေးဇော်ခိုင်နှင့် မပိုးသဇ္ဇာအောင်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးဗန်း ကိုင်ဆောင်ပေးပါသော မဖြူဖြူခိုင်၊ မင်္ဂလာလက်ထပ်လက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော မဇင်မေမြင့်၊ မင်္ဂလာသတို့သားအရံ ဗိုလ်ကြီးနိုင်ထက်အောင်နှင့် ဗိုလ်ကြီးထက်နိုင်အောင်၊ မင်္ဂလာသတို့သမီးအရံ မခိုင်ကေဇင်နှင့် မမေသုခနိုင်၊ မင်္ဂလာသတို့သမီးအတွက် ဝတ်စုံစီစဉ်ပေးပါသော ဒီဇိုင်နာ မင်းသက်စံ (Sweet & Smart)၊ မင်္ဂလာသတို့သမီးအရံများအတွက် ဝတ်စုံစီစဉ်ပေးပါသော ဒီဇိုင်နာ မနီလာ(Sapphire)၊ အကျွေးအမွေးများ စီစဉ်ပေးပါသော ဦးစိန်ဝင်း(ထူးထက်စံကုမ္ပဏီ)၊ လက်ဝတ်ရတနာများ ဆင်မြန်းပေးပါသော ရွှေရတီ(ဗိုလ်ချုပ်ဈေး)၊ မိတ်ကပ်ဆံပင်အလှပြင်ဆင်ပေးပါသော ဒီဇင်ဘာနှင်း၊ ပန်းအလှဆင်ပေးပါသော မာမီကျော်(မလေးရှား)၊ ၁၀-၃-၂၀၁၈ ရက် ညနေပိုင်းတွင် ရန်ကုန်ရွက်လှေအသင်း၌ ကျင်းပပြုလုပ်သည့် မင်္ဂလာညစာစားပွဲအတွက် အစစအရာရာ ကူညီဆောင်ရွက်ပေးပါသော မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ရန်ကုန်ရွက်လှေအသင်းမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အစားအသောက်နှင့် အစစအရာရာကူညီပံ့ပိုးပေးပါသော Novotel Hotelမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဝန်ထမ်းများအားလည်းကောင်း၊ ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းတင်ရိုက်ကူးပေးပါသော ကိုဝဏ္ဏခွာနီး(Focus Daily)၊ မင်္ဂလာဖိတ်စာရိုက်နှိပ်ပေးပါသော Dagon ပုံနှိပ်တိုက်အားလည်းကောင်း၊ ဤမင်္ဂလာပွဲအား အစစအရာရာအဆင်ပြေချောမွေ့အောင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့ကြသူများ၊ နှစ်ဖက်သောဆွေမျိုးမိတ်ဆွေသင်္ဂဟများ၊ သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သည့် ပုဂ္ဂိုလ်များအားလုံးကို ကျွန်တော်/ကျွန်မတို့မှ လှိုက်လှိုက်လှဲလှဲ ကျေးဇူးဥပကာရ အထူးတင်ရှိပါသည်။

**နှစ်ဖက်သောမိဘများနှင့်**
**ဗိုလ်ကြီးကျော်ထက်အောင်-မဆုသင်္ကြန်ဦး**



## ပြင်ဆင်ဖတ်ရှုပါရန်

၁၂-၂-၂၀၁၈ရက်တွင် Weekly Headline News Journal Vol(3) No(58)တွင် ကြော်ငြာခဲ့သော ဦးတင်ထွန်း၊ အိမ်ခြံမြေ အကျိုးဆောင်၏ လိပ်စာ(အခန်း ၃၀၅၊ တိုက် B2၊ နှင်းဆီလမ်း၊ ကံဘဲ့စည်ပင်ဝင်း၊ ရန်ကင်းမြို့နယ်)မှာ မှားယွင်းနေပါ၍ လိပ်စာအမှန်မှာ အမှတ်-၇၊ မြေညီ၊ (၁၆၁)လမ်း၊ တာမွေမြို့နယ်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးတင်ထွန်း**
**အိမ်ခြံမြေ အကျိုးဆောင်**



## ဖခင်အမည်မှန်

ဦးစိုးမိုး၏သား သံဖြူဇရပ်မြို့နယ်၊ ကျုံကဒတ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှ သတ္တမတန်းဖြေဆိုပြီးသူ မောင်စိုးမင်းထက်၏ ဖခင်အမည်မှန်မှာ ဦးအောင်စိုးမိုး ၁၀/သဖရ(နိုင်)၀၉၈၂၅၄ ဖြစ်ပါကြောင်း။



## ဖမ်းဆီးရမိသည့် ပုံစံ(၈)ဝင် အခြားသားသစ်များအား ရောင်းချရန် လေလံကြော်ငြာခြင်း

**လေလံအမှတ်စဉ်(၂/၂၀၁၇-၁၈)**

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်အတွင်းရှိ ဖမ်းဆီးရမိသော အောက်ဖော်ပြပါ ပုံစံ(၈)ဝင် အခြားသစ်များအား "တိုင်းကျော်သယ်ယူခွင့်မပြုကြောင်း" စည်းကမ်းသတ်မှတ်ချက်ဖြင့် ပုသိမ်ခရိုင်၊ သစ်တောဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံးတွင် ၁၆-၃-၂၀၁၈ ရက် (သောကြာနေ့) နံနက် ၁၀နာရီတွင် လက်ရှိမျက်မြင် အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချသွားမည်ဖြစ်ပါကြောင်း ကြော်ငြာအပ်ပါသည်။

| | | |
|---|---|---|
| ၁။ ပုသိမ်မြို့နယ် (အခြားသစ်)၊ | | |
| ခွဲသား၊ (၃)ပေအောက် အခြားသစ်လုံး | ၁၅၉.၂၈၂၅ တန် | မျော ၁၈၇ လုံး |
| ၂။ သာပေါင်း အခြားသစ်၊ | | |
| (၃)ပေအောက်အခြားသစ်လုံး | ၂၇.၂၇၉၄ တန် | မျော ၁၀၁၆ လုံး |
| ၃။ ငပုတော အခြားသစ်လုံး၊ခွဲသား၊ | | |
| (၃)ပေအောက်အခြားသစ်လုံး | ၃၉၂.၉၉၈၉ တန် | မျော ၂၅၅ လုံး |
| ၄။ ညောင်တုန်း အခြားသစ်လုံး၊ ခွဲသား | ၁၂.၇၀၀၈ တန် | |
| ၅။ မအူပင် အခြားသစ်လုံး၊ခွဲသား | ၁၂.၅၆၁၈ တန် | |
| **စုစုပေါင်း** | **၆၀၄.၈၂၃၄ တန်** | **မျော ၁၄၅၈ လုံး** |

၂။ လေလံတင်ရောင်းချမည့် ပုံစံ(၈)ဝင် ပစ္စည်းများအား သက်ဆိုင်ရာမြို့နယ်သစ်တောဦးစီးဌာနတွင် သွားရောက်၍ ၁၂-၃-၂၀၁၈ ရက်မှ ၁၅-၃-၂၀၁၈ ရက်အထိ သွားရောက်ကြည့်ရှုနိုင်ပါသည်။

၃။ လေလံလျှောက်လွှာများကို ပုသိမ်ခရိုင်၊သစ်တောဦးစီးဌာနတို့တွင် တစ်စောင်လျှင် ၅၀၀ိ/နှုန်းဖြင့် ၁၂-၃-၂၀၁၈ရက်မှ ၁၄-၃-၂၀၁၈ရက် မွန်းတည့် ၁၂ နာရီအထိ ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

**လေလံတင်ရောင်းချရေးကော်မတီ**



# သတိပေးနှိုးဆော်ချက်

ရန်ကုန်မြို့တော်အတွင်း မောင်းနှင်သွားလာလျက်ရှိသော မော်တော် ယာဉ်မောင်းနှင်သူများမှာ နေ့စဉ်စည်းကမ်းချိုးဖောက်မှုများကြောင့် ယာဉ်ကြောကြပ်တည်းပိတ်ဆို့မှုများ၊ ယာဉ်မတော်တဆမှုများ ဖြစ်ပေါ်လျက်ရှိသည်ကို စိစစ်တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ယာဉ်မရပ်နေရာ၌ ရပ်တန့်ထားသော ယာဉ်များ၊ ယာဉ်နှစ်ထပ်ရပ်တန့်ထားသော ယာဉ်များ၊ ဖြူနီကျား ရေးဆွဲထားသည့်နေရာတွင် ရပ်ထားသော ယာဉ်များ၊ အချက်ပြမီးပွိုင့်ဧရိယာအတွင်း ရပ်တန့်ထားသော ယာဉ်များအား မော်တော်ယာဉ်ဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး**
**ယာဉ်စည်းကမ်းထိန်းသိမ်းရေး**
**ကြီးကြပ်မှုကော်မတီ**



## ပျောက်ဆုံးကြောင်း

ကျွန်တော်၏ ပြည်ပ တင်သွင်းယာဉ်၏ သွင်းကုန်လိုင်စင်အမှတ် ILV 12-13 2124(30-11-2012) ပါမစ်မူရင်းနှင့် သွင်းကုန် ကြေညာလွှာ IDအမှတ် 749922(3-12-2012) မူရင်းတို့မှာ ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၃၁၂၃၉၈၂**



## တိုက်ခန်းကျယ် ရောင်းမည်

လမ်းမတော်(၁)လမ်း
(ပေ၃၀×ပေ၆၀)
လေးလွှာ

**ဖုန်း-၀၉-၅၁၃၈၁၄၄**
**၀၉-၄၃၀၄၁၃၂၀**



## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 3E/7272 Toyota Crown GRS182, S/L (4×2)R ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးဇော်လတ် ၁၂/တမန(နိုင်)၀၉၇၁၁၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အရှေ့ပိုင်း) ရန်ကုန်မြို့**



## အမြန်ဆက်သွယ်ပါ



ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ကွမ်ကသောင်ကျေးရွာအုပ်စု၊ ဖာကလယ်ကျေးရွာနေ ဦးကိုဝင်း-ဒေါ်တင်နုတို့၏သား၊ မောင်လွမ်းဝေသည် ၂၆-၂-၂၀၁၈ ရက်တွင် အိမ်မှထွက်သွားပါသဖြင့် မိဘများ စိတ်ပူနေပါသဖြင့် အမြန်ဆုံးဆက်သွယ်ပါရန် အကြောင်းကြားပါသည်။

**ဖခင်-ဦးကိုဝင်း**
**ဖုန်း-၀၉-၇၆၁၉၄၇၀၂၈**
**မိခင်-ဒေါ်တင်နု**
**ဖုန်း-၀၉-၂၆၂၂၈၈၂၈၇**

# လွှတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက် ၂၀၁၉ ၌ အကောင်အထည်ပေါ်ရန် ဂျပန်ဆောင်ရွက်မည်

**တိုကျို မတ် ၁၀**

ဂျပန်အစိုးရသည် နိုင်ငံပေါင်း ၁၁ နိုင်ငံပါဝင်သော ပစိဖိတ်ဖြတ်ကျော် ပူးပေါင်းဆောင်ရွက်မှုအဖွဲ့၏ လွှတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက်ကို လာမည့်နှစ်တွင် စောနိုင်သမျှစောစွာ အကောင်အထည်ပေါ်လာရေး ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

သဘောတူညီချက်လက်မှတ်ရေးထိုးပွဲအခမ်းအနားကို မတ် ၈ ရက်က ချီလီတွင် ကျင်းပခဲ့သည်။ အဆိုပါလက်မှတ်ရေးထိုးပွဲသို့ အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများ တက်ရောက်ခဲ့ကြောင်းသိရသည်။

လွှတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက်ကို အဖွဲ့ဝင်ခြောက်နိုင်ငံက လက်မှတ်ရေးထိုးလိုက်သည်နှင့် တစ်ပြိုင်နက်တည်း နောက်ထပ်ရက်ပေါင်း ၆၀ အတွင်း အဆိုပါ လွှတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက်သည် စတင်အာဏာသက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

သက်ဆိုင်ရာ ဝန်ကြီးများနှင့် အခြားအဆင့်မြင့်ခေါင်းဆောင်ကြီးများသည် အစည်းအဝေး၌ အဆိုပါလုပ်ငန်းစဉ်နှင့်ပတ်သက်ပြီး အရှိန်မြှင့်တင်လုပ်ဆောင်ရန် သဘောတူခဲ့ကြကြောင်းသိရသည်။

ဂျပန်နိုင်ငံအနေဖြင့် လွှတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက် အသက်ဝင်လာရန်အတွက် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသလို အဆိုပါလွှတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက်ကို ဂျပန်လွှတ်တော်မှ သဘောတူခွင့်ပြုချက်ရပြီး အလျင်အမြန်အကောင်အထည်ပေါ်လာရေး ကြိုးစားဆောင်ရွက်ရင်း တစ်ဖက်ကလည်း ဒေသတွင်းနိုင်ငံများအတွက် လိုအပ်သော ဆောင်ရွက်ချက်များကို အကောင်အထည်ဖော်နိုင်ရန် ပံ့ပိုးမှုများပေးရေးအတွက် ရှေ့လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လွှတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက်ကို စိတ်ဝင်စားသော အခြားသောနိုင်ငံများကိုလည်း လက်ရှိဖြစ်ပေါ်တိုးတက်နေသော သတင်းအချက်အလက်များကို ဝေမျှရင်း ပစိဖိတ်ဖြတ်ကျော်ပူးပေါင်းဆောင်ရွက်မှု အဖွဲ့ဝင်နိုင်ငံများတိုးပွားလာရေးတွင်လည်း ဂျပန်နိုင်ငံအနေဖြင့် အဓိကကျသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း သိရသည်။

အမေရိကန်ပြည်ထောင်စုသည် ယခင်ပစိဖိတ်ဖြတ်ကျော်ပူးပေါင်းဆောင်ရွက်မှု အဖွဲ့ဝင်နိုင်ငံများစာရင်းမှ စောစောစီးစီးထွက်ခွာသွားခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**




# မြောက်ကိုရီးယားနှင့် နျူကလီးယားကင်းစင်ရေး သဘောတူညီချက် အကောင်အထည်ပေါ်ခဲ့ပါက ကမ္ဘာကြီးအတွက် ကောင်းမွန်လာမည်ဟု ထရန့်ပြော




**ဝါရှင်တန် မတ် ၁၀**

အမေရိကန် သမ္မတ ဒေါ်နယ်ထရန့်က ၎င်းအနေဖြင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းနှင့် နျူကလီးယားကင်းစင်ရေးကိစ္စနှင့်ပတ်သက်ပြီး သဘောတူညီချက်တစ်ရပ် ရရှိတော့မည်ဟု မျှော်လင့်ကြောင်း ပြောကြားခဲ့သည်။

မြောက်ကိုရီးယားနှင့် သဘောတူညီချက်မှာ အမှန်တကယ်ကို အကျိုးရှိကြောင်း၊ အကယ်၍အောင်မြင်စွာ ပြီးဆုံးခဲ့မည်ဆိုပါက ကမ္ဘာကြီးအတွက် ကောင်းမွန်သည့်ကိစ္စတစ်ခုဖြစ်လာမည်ဖြစ်ကြောင်း မတ် ၉ ရက်က လူမှုကွန်ရက်စာမျက်နှာဖြစ်သော တွစ်တာတွင် ထရန့်က ဖော်ပြခဲ့သည်။

နှစ်နိုင်ငံသဘောတူညီချက်ရရှိရေး ဆွေးနွေးမည့် အချိန်နှင့်နေရာကို ထပ်မံဖော်ပြပေးသွားမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က လူမှုကွန်ရက်စာမျက်နှာဖြစ်သော တွစ်တာတွင် ဆက်လက်ဖော်ပြခဲ့သည်။

အမေရိကန် သမ္မတဒေါ်နယ်ထရန့်က မြောက်ကိုရီးယားခေါင်းဆောင်နှင့် မေလတွင် တွေ့ဆုံမည့် အဆိုပြုချက်ကို ယမန်နေ့က လက်ခံခဲ့သည်။

အဆိုပါတွေ့ဆုံမည့် အဆိုပြုချက်ကို မြောက်ကိုရီးယားခေါင်းဆောင်နှင့် တွေ့ဆုံခဲ့သည့် တောင်ကိုရီးယားအဆင့်မြင့်အရာရှိတစ်ဦးက အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်အား ပြောကြားခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

အမေရိကန်အမျိုးသားလုံခြုံရေးအကြံပေး အိတ်ချ်အာရ်မက်မာစတာက လာမည့် မတ်လ ၁၂ ရက်တွင် ကျင်းပမည့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီအစည်းအဝေးတစ်ရပ်တွင် မြောက်ကိုရီးယားအရေး တင်ပြမည်ဟု ခန့်မှန်းရသည်။

အမေရိကန် သမ္မတဒေါ်နယ်ထရန့်ဦးဆောင်သည့် အစိုးရအဖွဲ့သည် မြောက်ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ရေးအတွက် အရေးယူပိတ်ဆို့မှုများကို ပြုလုပ်ခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# အာဖဂန်နစ္စတန်မြို့တော် ကဘူးလ်၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ သုံးဦးသေဆုံး

**ကဘူးလ် မတ် ၁၀**

အာဖဂန်နစ္စတန်နိုင်ငံ၏ မြို့တော် ကဘူးလ်အနောက်ဘက်စွန်းပိုင်း နိုင်ငံရေးအင်အားစုများစုရုံးနေသော နေရာအနီး ဗုံးပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ရာ လူ သုံးဦးထက်မနည်း သေဆုံးခဲ့ပြီး ၁၃ ဦးဒဏ်ရာရရှိခဲ့ကြောင်း အာဖဂန်ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနမှ သက်ဆိုင်ရာ တာဝန်ရှိသူများက မကြာသေးမီက အတည်ပြုပြောကြားခဲ့သည်။

အာဖဂန်ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာန၏ သတင်းရင်းမြစ်အရ သေဆုံးသူ သုံးဦးနှင့် ဒဏ်ရာရရှိသူ ၁၃ ဦးတို့ကို ကဘူးလ်မြို့ရှိ ဆေးရုံများသို့ ခေါ်ဆောင်သွားခဲ့ကြောင်း သိရသည်။

ဗုံးပေါက်ကွဲမှုသည် ဒါရယ်အာမန်လမ်းပေါ်ရှိ နိုင်ငံရေးအင်အားစုများ စုရုံးနေသည့်နေရာ၌ နံနက် ၁၁ နာရီ ၄၅ မိနစ် ဝန်းကျင်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

သက်ဆိုင်ရာတာဝန်ကျရဲများက အဆိုပါဗုံးပေါက်ကွဲမှုဖြစ်ပွားသည့်နေရာကို ရှင်းလင်းမှုများလုပ်ဆောင်ခဲ့ပြီး သတင်းထောက်များကို သတင်းရယူခြင်းမှ တားမြစ်လိုက်ကြောင်း သိရသည်။ မျက်မြင်သက်သေတစ်ဦး၏ပြောကြားချက်အရ ဗုံးပေါက်ကွဲမှုကြောင့် သေဆုံးသူများသည် တရားဝင်စာရင်းဖော်ပြမှုထက် ပိုမိုများပြားနိုင်ကြောင်း ပြောခဲ့သည်။

ဗုံးဖောက်ကွဲမှုကို မည်သည့်အဖွဲ့က ပြုလုပ်ခဲ့သလဲဆိုသည်ကို မသိရသေးသောကြောင့် သက်ဆိုင်ရာတာဝန်ရှိသူတို့က စုံစမ်းစစ်ဆေးမှုများ ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**



# တရုတ်နှင့်အမေရိကန်သမ္မတတို့ စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ဆွေးနွေး

**ပေကျင်း မတ် ၁၀**

တရုတ်နိုင်ငံသမ္မတ ရှီကျင့်ဖျင်နှင့် အမေရိကန်သမ္မတဒေါ်နယ်ထရန့်တို့သည် ကိုရီးယားကျွန်းဆွယ်အရေး တစ်နိုင်ငံနှင့်တစ်နိုင်ငံ ဖုန်းဖြင့် ယမန်နေ့က ဆက်သွယ်ပြောဆိုခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။ ကိုရီးယားကျွန်းဆွယ်အရေး နိုင်ငံရေးအရ အဖြေရှာခဲ့သည့်အတွက် ကျေးဇူးတင်ကြောင်း၊ အမေရိကန်နိုင်ငံနှင့် မြောက်ကိုရီးယားနိုင်ငံတို့အကြား ဆွေးနွေးပွဲကို မြန်နိုင်သမျှမြန်အောင် စတင်နိုင်ရန်နှင့် အပြုသဘောဆောင်သော ရလဒ်များ ရရှိရေးကြိုးပမ်းသွားမည်ဟု မျှော်လင့်ပါကြောင်း တရုတ်နိုင်ငံသမ္မတရှီက အမေရိကန်သမ္မတဒေါ်နယ်ထရန့်အား ပြောကြားခဲ့သည်။

ထို့အပြင် အခြားသက်ဆိုင်ရာနိုင်ငံများအနေဖြင့်လည်း ကိုရီးယားကျွန်းဆွယ်အရေး တိုးတက်မှုအခြေအနေများကို ဝင်ရောက်စွက်ဖက်မှု သို့မဟုတ် ယင်းအပေါ်သက်ရောက်မှုရှိနိုင်သည့် ကိစ္စရပ်များကို ရှောင်ရှားကြရန်လိုအပ်ကြောင်း ရှီက ဆက်လက်ပြောကြားခဲ့သည်။ ကိုရီးယားကျွန်းဆွယ်အရေး ရှိရင်းစွဲဖြစ်ပေါ်တိုးတက်နေသည့် အခြေအနေများကိုလည်း ဆက်လက်ထိန်းသိမ်းထားရန်လိုအပ်ကြောင်း ၎င်းက ထပ်မံပြောကြားခဲ့သည်။

ထို့အပြင် တရုတ်သမ္မတရှီကျင့်ဖျင်က တရုတ်နိုင်ငံနှင့် အမေရိကန်နှစ်နိုင်ငံအကြား အကျိုးရှိစေမည့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သင့်ကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ကောင်းမွန်လာရေးအတွက်လည်း အရှိန်မြှင့်တင်ဆောင်ရွက်သွားသင့်ကြောင်း ပြောကြားခဲ့သည်။

**ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### သက်ကြီးလူဦးရေ များပြားလာခြင်းအပေါ် ဂျာမန်များစိုးရိမ်

ဘာလင် မတ် ၁၀

ဂျာမန်အတော်များများ သက်ကြီးလူဦးရေများပြားလာခြင်းအပေါ် စိုးရိမ်မှုများဖြစ်ပေါ်နေကြောင်း မတ် ၈ ရက်က ထုတ်ပြန်ခဲ့သည့် ဉာဏ်ကြီးရှင်အဖွဲ့တစ်ဖွဲ့၏ လေ့လာမှုပြုခဲ့သော စစ်တမ်းတစ်ခုက ဖော်ပြခဲ့သည်။

ဂျာမန်သုံးပုံပုံ နှစ်ပုံ (၆၅ ရာခိုင်နှုန်း) နီးပါး ငယ်ရွယ်သည်မှ အိုမင်းရင့်ရော်မှုနှင့် သက်ဆိုင်သော လူဦးရေစာရင်းပြောင်းလဲမှုပြဿနာနှင့် ကြုံတွေ့ရလေ့ရှိကြောင်း၊ ဥပမာ- အသက်ကြီးပိုင်း ဆင်းရဲခြင်း၊ အလုပ်ချိန်ကြာရှည်စွာလုပ်ရခြင်း၊ ပင်စင်လစာများများပေးဖို့ လိုအပ်ခြင်းစသည်တို့ကို လေ့လာတွေ့ရှိခဲ့သည်။

အဆိုပါတွေ့ရှိမှုများသည် အသက် ၁၆ နှစ်အထက် ဂျာမန် ၁၄၅၄ ဦးကို လေ့လာမှုပြုထားခြင်းမှ ရရှိခဲ့သည့် တွေ့ရှိမှုများပင်ဖြစ်ကြောင်း သိရသည်။ ဂျာမနီနိုင်ငံတွင် ငယ်ရွယ်သည်မှ အိုမင်းရင့်ရော်မှုနှင့် သက်ဆိုင်သော လူဦးရေစာရင်းပြောင်းလဲမှုပြဿနာသည် သိသာထင်ရှားစွာမြင့်တက်လာသည့် ပြဿနာတစ်ခုဖြစ်ကြောင်း သိရသည်။

အဆိုပါ ပြဿနာသည် ဂျာမနီအနာဂတ်အတွက် စိုးရိမ်စရာကောင်းသော ပြဿနာတစ်ခုပင်ဖြစ်ကြောင်း လေ့လာမှုစစ်တမ်းပညာရှင် အန်ဒရီချာလီတာက ပြောခဲ့သည်။ အဆိုပါပြဿနာကို အချိန်မီကိုင်တွယ်မဖြေရှင်းနိုင်ပါက ဂျာမနီတွင် လူနေမှုဘဝမညီမျှမှုများဖြစ်ပေါ်လာနိုင်ကြောင်း ၎င်းက ဖော်ပြထားသည်။ **ဆင်ဟွာ**

### လက်ဘနွန်ချမှတ်ခဲ့သော ခရီးသွားလာခွင့်ပိတ်ပင်မှုများကို ပင်လယ်ကွေ့နိုင်ငံများ ဖယ်ရှားမည်

ဘေရွတ် မတ် ၁၀

မကြာသေးမီက လက်ဘနွန်နိုင်ငံအပေါ် ချမှတ်ခဲ့သော ခရီးသွားလာခွင့်ပိတ်ပင်မှုများကို ပင်လယ်ကွေ့နိုင်ငံများအနေဖြင့် မကြာမီ ဖယ်ရှားပေးတော့မည်ဖြစ်ကြောင်း လက်ဘနွန်ဝန်ကြီးချုပ် ဆက်ဒ်ဟာရီရီက ပြောခဲ့သည်။

ပင်လယ်ကွေ့နိုင်ငံများက သူတို့ရဲ့နိုင်ငံသားများကို လက်ဘနွန်သို့ လာရောက်လည်ပတ်နိုင်ရန် ပြန်လည်ခွင့်ပြုခဲ့ပြီဖြစ်ကြောင်း၊ ဟာရီရီ၏ပြောကြားချက်ကို ကိုးကားကာ အန်နဟာ နေ့စဉ်သတင်းကဖော်ပြခဲ့သည်။

ယခုကဲ့သို့ ခရီးသွားလာခွင့်ပိတ်ဆို့မှုကို ပြန်လည်ဖွင့်လှစ်ပေးလိုက်ခြင်းအားဖြင့် ခရီးသွားလာမှုကဏ္ဍနှင့် စီးပွားရေးကဏ္ဍများတွင် အပြုသဘောဆောင်တိုးတက်မှုများပေါ်ပေါက်လာနိုင်ကြောင်း ဝန်ကြီးချုပ်က ဆက်လက်ပြောကြားသည်။ ဆော်ဒီအာရေဗျ၊ အာရပ်စော်ဘွားများပြည်ထောင်စု၊ ဘာရိန်း၊ ကူဝိတ်နိုင်ငံတို့သည် လွန်ခဲ့သော နိုဝင်ဘာလ လက်ဘနွန်-ဆော်ဒီပဋိပက္ခများဖြစ်ပွားနေချိန် ၎င်းတို့၏ နိုင်ငံသားများကို လက်ဘနွန်နိုင်ငံသို့ မသွားရောက်ရေး ခရီးသွားလာခွင့်များ ပိတ်ပင်ခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

# ပြောင်းလဲပြင်ဆင်မှုတွေနဲ့ ဆန်းသစ်လာတဲ့ ကုန်သွယ်ရေးသဘောတူညီချက်သစ် (စီပီတီပီပီ)

*တင်လင်းအောင်*




အခွန်အကောက်တွေလျှော့ချလိုက်တဲ့ ကုန်သွယ်ရေးသဘောတူညီချက်ကို မတ်လ ၈ ရက်မှာ နိုင်ငံပေါင်း ၁၁ နိုင်ငံက လက်မှတ်ရေးထိုးခဲ့ကြပါတယ်။ ထို့အတူ ကုန်သွယ်ရေးသဘောတူညီချက်မှ လွန်ခဲ့တဲ့နှစ်က နှုတ်ဆက်ထွက်ခွာသွားတဲ့ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ကလည်း သူတို့ကို ထောက်ခံမှုတွေလုပ်ခဲ့ပါတယ်။

ပစိဖိတ်ဖြတ်ကျော် ပူးပေါင်းဆောင်ရွက်မှု အကောင်အထည်မပေါ်သေးခင် သို့မဟုတ် ရုပ်လုံးမပေါ်လာသေးခင် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်အနေနဲ့ အမေရိကန်သည်သာ ပထမဆိုတဲ့မူဝါဒကို ကိုင်စွဲလိုက်တဲ့အတွက် ကမ္ဘာ့စီးပွားရေးရဲ့ ၄၀ ရာခိုင်နှုန်းကို ကိုယ်စားပြုတဲ့ ဒီပစိဖိတ်ဖြတ်ကျော် ပူးပေါင်းဆောင်ရွက်မှု (တီပီပီ) ဟာ ခက်ခဲတဲ့အခြေအနေတွေနဲ့ ကျန်ရစ်ခဲ့ပါတယ်။

ပြန်လည်ပြောင်းလဲမှုတွေ၊ ပြင်ဆင်မှုတွေနဲ့ အသက်ဝင်လာတဲ့ ဒီပစိဖိတ်ဖြတ်ကျော်ပူးပေါင်းဆောင်ရွက်မှု (တီပီပီ) ကို အခုတော့ အလုံးစုံပြည့်စုံတဲ့ ပစိဖိတ်ဖြတ်ကျော်ပူးပေါင်းဆောင်ရွက်မှု (စီပီတီပီပီ) လို့ ခေါ်နေကြပြီး ပွင့်လင်းမြင်သာမှုရှိတဲ့ ဒီအလုံးစုံပြည့်စုံတဲ့ ပစိဖိတ်ဖြတ်ကျော်ပူးပေါင်းဆောင်ရွက်မှု (စီပီတီပီပီ)ဟာ သိသာထင်ရှားတဲ့ အောင်မြင်မှုတစ်ခုလို့ဆိုကြပါတယ်။ ဒီ ပစိဖိတ်ဖြတ်ကျော်ပူးပေါင်းဆောင်ရွက်မှု (စီပီတီပီပီ)ကို ထောက်ခံတဲ့ ထောက်ခံသူတွေဟာ ချီလီနိုင်ငံ ဆန်တီယာဂိုမှာ လက်မှတ်ရေးထိုးပွဲမကျင်းပမီ ဘာပြောသလဲဆိုရင်အလုံးစုံပြည့်စုံတဲ့ ပစိဖိတ်ဖြတ်ကျော် ပူးပေါင်းဆောင်ရွက်မှု (စီပီတီပီပီ) ဟာ အခုတော့ အတော့်ကို ထင်သာမြင်သာရှိလာပြီး ပွင့်ပွင့်လင်းလင်းရှိလာတယ်လို့ ပြောခဲ့ပါတယ်။

အလုံးစုံပြည့်စုံတဲ့ ပစိဖိတ်ဖြတ်ကျော်ပူးပေါင်းဆောင်ရွက်မှု (စီပီတီပီပီ) ဝါ ကုန်သွယ်ရေးသဘောတူညီချက် လက်မှတ်ရေးထိုးပွဲမှာပါဝင်ခဲ့တဲ့ နိုင်ငံတွေကတော့ ဩစတြေးလျ၊ ကနေဒါ၊ ဘရူနိုင်း၊ ချီလီ၊ ဂျပန်၊ မလေးရှား၊ မက္ကဆီကို၊ နယူးဇီလန်၊ ပီရူး၊ စင်ကာပူနဲ့ ဗီယက်နမ်နိုင်ငံတို့ဖြစ်ပြီး အဲဒီနိုင်ငံတွေအားလုံးပေါင်းဟာ ကမ္ဘာ့ထွက်ကုန် စုစုပေါင်းရဲ့ ၁၃ ဒသမ ၅ ရာခိုင်နှုန်းလောက်ရှိပါတယ်။

နိုင်ငံပေါင်း ၁၁ နိုင်ငံပေါင်းစုပြီး သန်း ၅၀၀ သော ပြည်သူတွေအတွက် ဈေးကွက်တစ်ခုဖန်တီးပေါ်ပေါက်လာမှုဟာ ဥရောပသမဂ္ဂရဲ့ ဈေးကွက်တစ်ခုချင်းထက်အင်အား ပိုလို့တောင်ကြီးနေပါသေးတယ်။

အခွန်အကောက်တွေဟာ သတ်မှတ်ထားတဲ့ ထုတ်ကုန်အပေါ်ကိုသာ ကောက်ခံတော့မယ့်အချိန်မှာ ကုန်သွယ်ရေးစစ်ပွဲခြိမ်းခြောက်မှုတစ်ခုလည်းဖြစ်ပေါ်လာနိုင်ပါတယ်။ ဒီအပေါ်ပွင့်လင်းမြင်သာမှုတွေရှိဖို့လိုပါတယ်လို့ ချီလီနိုင်ငံခြားရေးဝန်ကြီးဟာရာဒိုမူနော့ဇ်က ဆိုပါတယ်။

အလုံးစုံပြည့်စုံတဲ့ ပစိဖိတ်ဖြတ်ကျော်ပူးပေါင်းဆောင်ရွက်မှု (စီပီတီ ပီပီ) ဝါ ကုန်သွယ်ရေးသဘောတူညီချက်ဟာ အရေးကြီးဆုံး ကုန်သွယ်ရေးသဘောတူညီချက် လွတ်လပ်ခွင့်တစ်ခုဖြစ်ပြီး ယနေ့ချိန်အထိ ခိုင်မာတိကျမှုရှိ အောင်လက်မှတ်ရေးထိုးခဲ့တဲ့ တစ်ခုတည်းသော ကုန်သွယ်ရေးသဘောတူညီချက်လည်းဖြစ်ပါတယ်။

အမေရိကန် သမ္မတဒေါ်နယ်ထရန့်ဟာ စတီးနဲ့အလူမီနီယမ်တင်သွင်းမှုအပေါ် အခွန်ကောက်တဲ့စနစ်တစ်ခုကို စတင်အစပျိုးလုပ်ဆောင်ဖို့ ဆုံးဖြတ်ခဲ့တဲ့ သူ့ရဲ့ဆုံးဖြတ်ချက်နဲ့ ပတ်သက်ပြီး ကမ္ဘာ့ကုန်သွယ်ရေးစစ်ပွဲပေါ်ပေါက်လာနိုင်တဲ့ အခြေအနေနဲ့ ရင်ဆိုင်နေရတဲ့ အချိန်နဲ့ အလုံးစုံပြည့်စုံတဲ့ ပစိဖိတ်ဖြတ်ကျော်ပူးပေါင်းဆောင်ရွက်မှု (စီပီတီပီပီ) ဝါ ကုန်သွယ်ရေးသဘောတူညီချက် အပြီးသတ်ခဲ့တဲ့ အချိန်ဟာ တိုက်တိုက်ဆိုင်ဆိုင်ဆိုသလို တစ်ထပ်တည်းသွားကျနေခဲ့ပါတယ်။

အမေရိကန် သမ္မတဟောင်း ဘားရက်အိုဘားမားအစိုးရလက်ထက်ကတော့ ပစိဖိတ်ဖြတ်ကျော်ပူးပေါင်းဆောင်ရွက်မှု (တီပီပီ)ကို တရုတ်နိုင်ငံရဲ့ကြီးထွားလာတဲ့ စီးပွားရေးအင်အားကို ဟန်ချက်ညီထိန်းသိမ်းဖို့ ရှေ့တိုးလုပ်ဆောင်စေခဲ့ပါတယ်။ ဒီအလုံးစုံပြည့်စုံတဲ့ ပစိဖိတ်ဖြတ်ကျော်ပူးပေါင်းဆောင်ရွက်မှု (စီပီတီပီပီ) ဟာ အခွန်တွေကို လျှော့ချလိုက်ရုံတင်မကဘဲ အလုပ်သမားဥပဒေ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကာကွယ်ရေးစတဲ့ကဏ္ဍတွေမှာ သူ့နိုင်ငံသူ့အစိုးရနဲ့ ကိုက်ညီတဲ့ စည်းမျဉ်း၊ စည်းကမ်းများအတိုင်း လိုက်ပါကျင့်သုံးဖို့ကိုလည်း အားပေးလုပ်ဆောင်စေမှာဖြစ်ပါတယ်။

> “ကမ္ဘာ့ကုန်သွယ်ရေးစစ်ပွဲပေါ်ပေါက်လာနိုင်တဲ့ အခြေအနေနဲ့ ရင်ဆိုင်နေရတဲ့ အချိန်နဲ့ အလုံးစုံပြည့်စုံတဲ့ ပစိဖိတ်ဖြတ်ကျော်ပူးပေါင်းဆောင်ရွက်မှု (စီပီတီပီပီ) ဝါ ကုန်သွယ်ရေးသဘောတူညီချက် အပြီးသတ်ခဲ့တဲ့ အချိန်ဟာတိုက်တိုက်ဆိုင်ဆိုင် ဆိုသလို တစ်ထပ်တည်းသွားကျနေခဲ့”

ချီလီနိုင်ငံ ဆန်တီယာဂို တက္ကသိုလ်မှ တာဝန်ရှိသူတစ်ဦးဖြစ်သူ ဖာနန်ဒိုအက်စတန်စောရိုးက အခုလို ပြန်လည်ပြောင်းလဲမှုတွေ၊ ပြင်ဆင်မှုတွေနဲ့ အသက်ဝင်လာတဲ့ အလုံးစုံပြည့်စုံတဲ့ ပစိဖိတ်ဖြတ်ကျော်ပူးပေါင်းဆောင်ရွက်မှု (စီပီတီပီပီ) ဝါ ကုန်သွယ်ရေးသဘောတူညီချက်ဟာ အမေရိကန်ပြည်ထောင်စုအတွက်တော့ ကိုယ့်ကိုယ်ကိုယ် ယူကျုံးမရမှုတွေဖြစ်စေမယ့် ပုံစံတစ်ခုဖြစ်လာမှာ ဖြစ်ပါတယ်လို့ ပြောခဲ့ပါတယ်။

ကုန်သွယ်ရေးသဘောတူညီချက်မှာ အမေရိကန်မပါဝင်မှုဟာ တရုတ်နိုင်ငံအတွက်တော့ လမ်းကြောင်းတစ်ခု၊ အခွင့်အရေးတစ်ခု ဖန်တီးပေးလိုက်သလိုပါပဲ။ ယခင် အမေရိကန်သမ္မတ ဘားရက်အိုဘားမားအစိုးရဟာ ဒီအချက်ကိုသိတဲ့အတွက် ပစိဖိတ်ဖြတ်ကျော်ပူးပေါင်းဆောင်ရွက်မှု (တီပီပီ)ကို တရုတ်နိုင်ငံရဲ့ ကြီးထွားလာတဲ့ စီးပွားရေးအင်အားကို ဟန်ချက်ညီထိန်းသိမ်းဖို့အတွက် ရှေ့တိုးလုပ်ဆောင်စေခဲ့တာပဲဖြစ်ပါတယ်။

အလုံးစုံပြည့်စုံတဲ့ ပစိဖိတ်ဖြတ်ကျော်ပူးပေါင်းဆောင်ရွက်မှု (စီပီတီပီပီ) ဝါ ကုန်သွယ်ရေးသဘောတူညီချက်ရဲ့ အဓိကရည်ရွယ်ချက်ကဘာလဲဆိုရင် အဖွဲ့ဝင် ၁၁ နိုင်ငံကြားမှာ အခွန်အကောက်တွေကို လျှော့ချဖို့နဲ့ ကုန်သွယ်မှုတိုးမြင့်လာဖို့အတွက်ပဲ ဖြစ်ပါတယ်။

ချီလီနိုင်ငံရဲ့ထိပ်တန်းကုန်သွယ်ရေးညှိနှိုင်းရေးမှူး ဖီးလစ်လိုပီယန် ဒီယာကဘာပြောသလဲဆိုရင် အလုံးစုံပြည့်စုံတဲ့ ပစိဖိတ်ဖြတ်ကျော်ပူးပေါင်းဆောင်ရွက်မှု (စီပီတီပီပီ) ဝါ ကုန်သွယ်ရေးသဘောတူညီချက်ဟာ ကမ္ဘာကြီးနဲ့ အမေရိကန်နိုင်ငံတို့ကို နိုင်ငံရေးဆိုင်ရာ အချက်ပြမှုတွေ ပေးပို့လိုက်တာပဲလို့ ပြောခဲ့ပါတယ်။ ထို့အပြင် ဒါဟာ ကမ္ဘာလုံးဆိုင်ရာ သဘောတူညီချက်ပဲဖြစ်ပါတယ်လို့ သူက ဆက်ပြောခဲ့ပါသေးတယ်။

အလုံးစုံပြည့်စုံတဲ့ ပစိဖိတ်ဖြတ်ကျော်ပူးပေါင်းဆောင်ရွက်မှု (စီပီတီပီပီ) ဝါ ကုန်သွယ်ရေးသဘောတူညီချက်ဟာ သိသာထင်ရှားတဲ့ ပြောင်းလဲမှုတစ်ခုပဲဖြစ်ပါတယ်လို့ ဥရုဂွေးစီးပွားရေး တက္ကသိုလ်မှ တာဝန်ရှိသူ အစ်နာဆီယို ဘာတီဆာဂီက ဆိုပါတယ်။ အခုလိုနိုင်ငံတွေအတော်များများပါဝင်တဲ့ ကုန်သွယ်ရေးသဘောတူညီချက်ကို မတွေ့ဖူးသေးဘူး၊ အဲဒီမှာ အခန်းပေါင်း ၃၀ ပါဝင်ပြီး အဲဒါတွေဟာ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဆိုင်ရာ ခေတ်အမီဆုံးခေါင်းစဉ်များသာဖြစ်တယ်လို့ ဥရုဂွေးစီးပွားရေးတက္ကသိုလ်မှ တာဝန်ရှိသူ အစ်နာဆီယို ဘာတီဆာဂီက ဆက်လက်ပြောခဲ့ပါတယ်။


အလုံးစုံပြည့်စုံတဲ့ ပစိဖိတ်ဖြတ်ကျော်ပူးပေါင်းဆောင်ရွက်မှု (စီပီတီပီပီ) ဝါ ကုန်သွယ်ရေးသဘောတူညီချက်ကို အခြားဒေသတွင်းစီးပွားရေးပေါင်းစည်းမှုသဘောတူညီမှုများရဲ့စံသတ်မှတ်ချက်တစ်ခုအဖြစ် အခြေတကျဖြစ်အောင် တည်ထောင်မှာဖြစ်ပါတယ်။ ထို့အတူ ရှေ့အနာဂတ်မှာ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို) နဲ့ အေပက် (အာရှ-ပစိဖိတ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု) အဖွဲ့တွေနဲ့ တွေ့ဆုံညှိနှိုင်းဖို့ထိ လုပ်ဆောင် သွားမှာဖြစ်ပါတယ်လို့ မတ်လ ၈ ရက် ကုန်သွယ်ရေးဆိုင်ရာ သဘောတူညီမှု အစည်းအဝေးကို လက်ခံကျင်းပခဲ့တဲ့ ချီလီနိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောခဲ့ပါတယ်။


ကုန်သွယ်ရေးသဘောတူညီချက်သစ်မှာပါဝင်တဲ့ အဖွဲ့ဝင်နိုင်ငံတွေဟာ စုစုပေါင်းပို့ကုန် ၁၇ ရာခိုင်နှုန်းလောက် ဈေးကွက်ဆိုင်ရာ တိုးတက်မှုတွေရရှိမှာဖြစ်ပါတယ်လို့ ချီလီနိုင်ငံခြားရေးဝန်ကြီးဌာနမှ သက်ဆိုင်ရာတာဝန်ရှိသူက ပြောခဲ့ပါတယ်။


ထို့အတူပဲ မက္ကဆီကိုနဲ့ ပီရူးနိုင်ငံတို့ဟာလည်း ပစိဖိတ်ရဲ့တခြားတစ်ဖက်မှာရှိတဲ့ နိုင်ငံတွေအထိ ဝင်ရောက်ခွင့်ရရှိကြတော့မှာဖြစ်ပါတယ်။ ကုန်သွယ်ရေးသဘောတူညီချက် အဖွဲ့ဝင်နိုင်ငံတွေရဲ့ ဖြစ်ပေါ်လာနိုင်တဲ့ ဈေးကွက်ဟာ ကြီးမားမှုရှိလာမှာဖြစ်ပြီး ပြည်သူတွေအနေနဲ့ ကုန်ထုတ်လုပ်မှုတွေကို ပိုမိုလုပ်ကိုင်လာနိုင်တော့မှာပဲဖြစ်ပါတယ်လို့ လီမာကုန်သည်ကြီးများအသင်းမှ အကြီးအကဲဖြစ်သူ မာရီယိုမွန်ဂီလာဒီက ပြောပါတယ်။

ကုန်သွယ်ရေး သဘောတူညီချက်သစ်ဟာအဖွဲ့ဝင် ၁၁ နိုင်ငံရှိတဲ့အနက် ခြောက်နိုင်ငံက အတည်ပြုလိုက်တာနဲ့ တစ်ပြိုင်နက်တည်း နောင်လာမယ့် ရက်ပေါင်း ၆၀ မှာ စတင်အသက်ဝင်လာတော့မှာပဲဖြစ်ပါကြောင်း။ ။
















# စာလုံးပေါင်းနည်း၊ အသံထွက်နည်း (၂)

မောင်ခင်မင် (ဓနုဖြူ)

ပါဠိမှာ အသံချင်းကွဲပေမယ့် မြန်မာမှာတော့ အသံချင်းတူတဲ့ ဗျည်းတွေအကြောင်း ဆက်ပြောဦးမယ်၊ အထူးသဖြင့် သံဃာတော်တွေ ကမ္မဝါဖတ်တဲ့အခါ သမီးတို့သတိထားမိမလား မသိဘူး၊ 'သံဃော' လို့ဖတ်ရာမှာ 'ဃော' ဆိုတဲ့ အသံကို တင်းတင်းမာမာဆိုရတယ် ဆိုပါစို့၊ 'နာဂေါ' လို့ဆိုရင်တော့ 'ဂေါ' ကို အသံမတင်းဘဲ လျော့လျော့ပဲဆိုရတယ်၊ ပါဠိစကားမှာ 'ဃ' ကအသံတင်း၊ 'ဂ' ကအသံလျော့ ဖြစ်နေလို့ပဲ၊ ကဲ...မြန်မာ စကားမှာရော 'ဂ' နဲ့ 'ဃ' အသံမတူဘူး ထင်သလား"

"'ဂ' နဲ့ 'ဃ' အသံတူပါတယ် ဘဘ၊ ဂသံ နှစ်မျိုးမထွက်ပါဘူး"

"အဲဒီသဘောမျိုးပဲ ပါဠိမှာ 'ဒါန' ဆိုတဲ့ စကားနဲ့ 'ဓာတု' ဆိုတဲ့စကားဟာ အသံအလျော့၊ အတင်းကွာတယ်၊ 'ဒါ' ကတော့ အသံလျော့တယ်၊ 'ဓာ' ကအသံတင်းတယ်၊ အဲ... မြန်မာမှာတော့ 'ဒ' နဲ့ 'ဓ' ဟာ အသံအတူတူပဲလေ"

"နားလည်ပါပြီ ဘဘ၊ မြန်မာစာမှာ ဗျည်းသံတွေတူနေတာ ဒါကြောင့်ကိုး"

"အေး...သမီးတို့အခြေခံကစပြီး ကွဲကွဲပြားပြားသိစေချင်လို့ ဘဘရှင်းပြနေတာပါ၊ အဲဒီလိုပဲ ငဝဂ်လို့ ခေါ်တဲ့ 'ဋ၊ ဌ၊ ဍ၊ ဎ၊ ဏ' နဲ့ တဝဂ်လို့ခေါ်တဲ့ 'တ၊ ထ၊ ဒ၊ ဓ၊ န' ဟာလည်း မြန်မာမှာ အသံတူတွေပဲလေ၊ 'ဋ' နဲ့ 'တ' အသံအတူတူပဲ၊ ကျန်တဲ့အတွဲတွေလည်း အတူတူပဲ၊ ပါဠိမှာတော့ မတူဘူးကွဲ့"

"ဟုတ်လား၊ ဘဘ၊ ဘယ်လိုမတူတာပါလဲ"

"ပါဠိမှာ ဋဝဂ်ဗျည်းငါးလုံးက လျှာထိပ်ကထွက်တဲ့ အသံတွေ တ-ဝဂ်ဗျည်းငါးလုံးက သွားကထွက်တဲ့အသံတွေ ဆိုတော့ ကွဲတာပေ့ါ၊ အဲဒီလိုပဲ ယ နဲ့ ရ၊ လ နဲ့ ဠ လည်း အသံထွက်တဲ့နေရာချင်းကွဲတယ်၊ ဒါပေမယ့် မြန်မာမှာတော့ အသံမကွဲဘဲ အတူတူဖြစ်နေတော့ မြန်မာဗျည်းတွေထဲမှာ အသံတူဗျည်းတွေပါနေတာပေါ့"

"ဟုတ်ကဲ့ပါ ဘဘ"

"ဒါပေမယ့် အဲဒီဗျည်းတွေက မြန်မာစာ စပေါ်ကတည်းက ပါဠိပိဋကတ်တော်တွေကို ရေးသားခဲ့ကြတဲ့ ဗျည်းတွေမို့ အခုအထိ လေးလေးစားစား ဆက်လက်ထိန်းသိမ်းထားရတာပေါ့ ကွယ်"

"ဟုတ်ကဲ့ပါ၊ နားလည်ပါပြီ ဘဘ"

"အဲ...မြန်မာစကားသံသက်သက်ကို ခွဲခြားပြောမယ်ဆိုရင်တော့ အသံတူတွေမထည့်ဘဲ အသံမတူတဲ့ ဗျည်းသံတွေကိုပဲ ပြောလေ့ရှိကြပါတယ်"

"မှတ်ထားပါ့မယ် ဘဘ၊ ဒီလိုဆိုရင် သရတွေလည်း ပိဋကတ်တော်တွေမှာ ရေးတဲ့သရတွေကို မြန်မာတွေက ယူသုံးတာပဲလား ဘဘ"

"ဟုတ်ပါတယ်၊ စာအရေးအသားဆိုကတည်းက ဗျည်းရော၊ သရရော တစ်ပါတည်းပါတာပေ့ါ၊ အရင်းခံကတော့ ပါဠိဘာသာမှာသုံးတဲ့ 'အ၊ အာ၊ ဣ၊ ဤ၊ ဥ၊ ဦ၊ ဧ၊ ဩ' ဆိုတဲ့ သရရှစ်လုံးပဲ၊ ဒါပေမယ့် မြန်မာသရသံတွေက ပါဠိသရသံတွေထက် အရေအတွက်ပိုတယ်၊ ဒါကြောင့် အဲဒီသရရှစ်လုံးမှာ 'အဲ၊ ဪ၊ အို' ဆိုတဲ့ သုံးလုံးထပ်ပေါင်းပြီး မြန်မာမှာ အခြေခံအားဖြင့် သရ ၁၁ လုံးရှိတယ်လို့ သတ်မှတ်တယ်၊ ဒ့ါအပြင် မြန်မာစာ သင်တဲ့အခါမှာ ရှေးကတည်းက အသုံးပြုခဲ့တဲ့ သင်ရိုးသရ ၁၂ လုံးဆိုတာ ရှိတယ်၊ မွန်လူမျိုးတွေ သုံးတဲ့ သရတွေပဲ၊ မြန်မာ အရေးအသား စတီထွင်ကတည်းက မြန်မာသရ ၁၂ လုံး အစီအစဉ်နဲ့ သင်ခဲ့ကြားခဲ့ကြတယ်လို့ မှတ်သားကြတယ်လေ"

"အဲဒီသရ ၁၂ လုံးက ဘာတွေပါလဲ ဆရာ"

"သမီးတို့ခေတ်မှာတော့ ဒီအစီအစဉ်နဲ့ မသင်ရတော့ဘူး၊ ဘဘတို့ငယ်ငယ်တုန်းကတော့ စာစသင်တာနဲ့ ကကြီး၊ ခခွေး၊ ဗျည်း ၃၃ လုံးသင်ပြီးရင် အဲဒီသရ ၁၂ လုံးအစီအစဉ်နဲ့ သင်ရတာလေ၊ အဲဒီသရတွေက 'အ၊ အာ၊ အိ၊ အီ၊ အု၊ အူ၊ အေ၊ အဲ၊ ဩ၊ ဪ၊ အံ၊ အား' တဲ့"

"ဪ... ဟုတ်ကဲ့ပါ"

"အဲဒီသရ ၁၂ လုံးကို 'ကကြီး' ကစပြီး နောက်ဆုံး 'ဠကြီး' အထိ ဗျည်းတစ်ခုစီနဲ့ တွဲပြီး ထွက်လာတဲ့ အသံအားလုံးကို သင်ရကျက်ရတယ်"

"ဟုတ်ကဲ့ပါ"

> **"စာအရေးအသားဆိုကတည်းက ဗျည်းရော၊ သရရော တစ်ပါတည်းပါတာပေ့ါ၊ အရင်းခံကတော့ ပါဠိဘာသာမှာသုံးတဲ့ အ၊ အာ၊ ဣ၊ ဤ၊ ဥ၊ ဦ၊ ဧ၊ ဩ' ဆိုတဲ့ သရ ရှစ်လုံးပဲ၊ ဒါပေမယ့် မြန်မာသရသံတွေက ပါဠိသရသံတွေထက် အရေ အတွက် ပိုတယ်"**

"သမီးတို့ သတိထားမိမှာပေ့ါ၊ အဲဒီ ၁၂ လုံးမှာ အသတ်စာလုံးတွေ မပါသေးဘူးလေ"

"ဟုတ်ကဲ့ပါ၊ သတိထားမိပါတယ် ဘဘ"

"သရ ၁၂ လုံးနဲ့ ဗျည်းတစ်လုံးစီနဲ့ တွဲတဲ့ အပိုင်းပြီးရင် ဗျည်းတွေနဲ့၊ အသတ်တွေနဲ့ တွဲတဲ့အပိုင်းပဲ၊ 'အက်၊ အင်၊ အစ်၊ အည်၊ အတ်၊ အန်၊ အပ်၊ အမ်၊ အယ်၊ အောဝ်' ဆိုတဲ့ အသတ်ဆယ်မျိုးနဲ့တွဲပြီး ကျက်ရပြန်ရော"

"ဘဘ သမီးတို့လည်း အဲဒီအသတ်တွေလည်း သင်ရပါတယ်၊ ဒါပေမယ့် သင်ရတဲ့အစီအစဉ်ကတော့ အဲဒီလိုမဟုတ်ဘူးနော်၊ ဪ... နောက်ဆုံးက 'အောဝ်' ဆိုတာ ဘာပါလဲ ဘဘ၊ အဲဒီစကားလုံးကို သမီးမသိပါဘူး"

"ဪ... ဟုတ်တယ်၊ အရင်တုန်းက အသတ်တွေထဲမှာ ဝ် လည်းပါတယ်ကွဲ့၊ ဒါကြောင့် အောဝ် ဆိုတဲ့ စကားလုံးပါတာ နောက်ပိုင်းမှာ ဝ် ကို မသုံးကြတော့ဘူးလေ၊ ဝ် မပါတဲ့ 'အော' ကို ရှေ့မှာ သင်ပြီးသားမို့ မထည့်တော့ဘူးပေ့ါ၊ ရှေ့မှာ ပြောခဲ့တဲ့ အသတ်မပါတဲ့ သရ ၁၂ လုံးရယ်၊ အသတ် ၁၀ လုံးရယ် ဗျည်းတွေနဲ့ တွဲဖတ်ပြီးရင် မြန်မာစာ စာလုံးအားလုံးကို စာလုံးပေါင်းပြီး ဖတ်တတ်သွားရောလေ၊ အဲဒီစာလုံးပေါင်းပုံတွေကို ပြတဲ့ စာအုပ်ကို 'သင်ပုန်းကြီး' လို့ခေါ်တာပေ့ါ၊ သမီးတို့သိမှာပါ"

"ကြားဖူးပါတယ် ဘဘ၊ သင်ပုန်းမှာ ရေးပြီး သင်ရလို့ သင်ပုန်းကြီးလို့ ခေါ်တယ်လို့ မှတ်သားရပါတယ်"

"ဟုတ်ပါတယ်၊ ရှေးကတော့ သစ်သားသင်ပုန်းတွေမှာ ရေးတာပေ့ါ၊ နောက်တော့ ကျောက်သင်ပုန်းတွေ ပေါ်လာတာပေ့ါ၊ ဘဘတို့ ငယ်ငယ်က သင်ပုန်းကြီးစာအုပ်တွေ ပုံနှိပ်ထားတာ ကလေးတွေအားလုံးမှာ တစ်ယောက်တစ်အုပ်ရှိရတယ်၊ တခြားဖတ်စာတွေ မပါဘူး၊ ကကြီး၊ ခခွေး ဗျည်း ၃၃ လုံးနဲ့ သင်ပုန်းကြီးစာလုံးပေါင်းပုံအပြည့်အစုံပါတယ်၊ အဲဒါပဲ"

"ဘဘ- ခုခေတ်ဖတ်စာလို 'မမဝဝထထက၊ အကပထမ' တို့၊ 'ညအခါ လသာသာ ကစားမလား နားမလား' တို့ ဖတ်စာတွေ မပါဘူးလားဟင်"

"မပါဘူးကွဲ့၊ ဖတ်စာတွေက ကိုလိုနီခေတ်မှာ အတန်းကျောင်းစနစ် အကောင်အထည်ဖော်တဲ့ အချိန်ကျမှ မြန်မာစာ သင်ရာမှာ သင်ပုန်းကြီးမှာလို စာလုံးပေါင်းတွေ တစ်ခါတည်း အစအဆုံး သင်တဲ့စနစ်ကို မကျင့်သုံးတော့ဘဲ၊ စာလုံးပေါင်းတွေကို ဖတ်စာနဲ့တွဲပြီး တစ်ဆင့်ပြီး တစ်ဆင့် သင်တဲ့အခါကျမှ ဖတ်စာတွေ ပေါ်လာတာလေ၊ ကျောင်းသားတွေဆိုဖို့ ကဗျာတွေလည်း ထည့်လာတာပေ့ါ"

"ဟုတ်ကဲ့ပါ ဘဘ"

"ကဲ... အခုသင်ပုန်းကြီးစနစ်မှာ စာလုံးပေါင်းပြီး ဖတ်ပုံကို စကြည့်ရအောင်၊ သင်ရိုးသရ ၁၂ လုံးကို ဗျည်းတစ်ခုစီနဲ့ ပေါင်းပြီး ရွတ်ဆိုပုံကို ကလေးတွေစပြီး သင်ရတာပေ့ါ၊ ကကြီး၊ ခခွေး အစီအစဉ်အတိုင်း ကကြီးနဲ့ သရ ၁၂ လုံးနဲ့တွဲပြီး စာလုံးပေါင်းသတ်ပုံကို စဆိုရတယ်"

"ဘယ်လိုဆိုရပါသလဲ ဘဘ"

"စဆိုပုံကတော့ သမီးတို့စာသင်တုန်းက ဆိုသလိုပါပဲ၊ ကဲ- ကကြီးနဲ့တွဲတဲ့ သရတွေကို စာလုံးပေါင်းပြီးဆိုရင် ဘယ်လို စဆိုပါလိမ့်"

"ကကြီးရေကလို့ စဆိုပါတယ် ဘဘ"

"ကကြီးရေက ဆိုတာ ဘာအဓိပ္ပာယ်လဲ သမီး"

"ဟင်... သေသေချာချာ မသိပါဘူး ဘဘ"

"ကလေးတွေကို စာသင်ရမယ့် ဆရာမကြီးက သေသေချာချာသိအောင် လေ့လာထားရမယ်လေ"

"ဟုတ်ကဲ့ပါ"

"'ကကြီးရေက' လို့ အများဆိုကြပေမယ့် အမှန်က 'ကကြီးရေးက' လို့ ဆိုမှ မှန်မယ်ကွဲ့"

"ဪ"

"အဓိပ္ပာယ်က အထူးအထွေ မဟုတ်ပါဘူး၊ ကကြီးကို ရေးရင်က ဖြစ်တယ်၊ က လို့အသံထွက်ရတယ်လို့ ဆိုလိုတာပါ"

"ဪ... ကကြီးရေကလို့ ဆိုတာ မမှန်ဘူး၊ ကကြီးရေးကလို့ ဆိုမှ မှန်တယ်ဆိုတာ သမီးသိပါပြီ"

"ကဲ... နောက်တစ်လုံးက... "

"ကကြီးရေးချကာပါ ဘဘ"

"ဟုတ်ပြီ၊ အဲဒီမှာ ကကြီးရယ်၊ ရေးချရယ် နှစ်လုံးပါတယ်၊ ရေးချဆိုတာ ာ ဆိုတာ အဲဒီလို ကွေးကွေးကလေးအောက်ကို ဆွဲချရေးရတာမို့ ရေးချလို့ ခေါ်တာပေ့ါ"

"ဘဘ၊ သမီးတို့ကျောင်းက တချို့ဆရာမတွေက ရေးချကို 'ရေးချာ' လို့ အသံထွက်နေတာ ကြားရပါတယ် ဘဘ"

"အဲဒါကြောင့် သေသေချာချာသိဖို့လိုတယ်လို့ ပြောရတာပေ့ါ၊ ကကြီးဘေးက အကွေးကလေး ရေးချလိုက်လို့ ရေးချလို့ ခေါ်တာလေ၊ ရေးချာလို့ ဆိုရင် မှားတာပေ့ါ"

"ဟုတ်ကဲ့ပါ၊ ဒီလိုဆိုရင် ကကြီးနဲ့ တွဲရေးတဲ့ စာလုံးတွေလည်း အဓိပ္ပာယ်ရှိတာပေ့ါနော် ဘဘ"

"ရှိတာပေ့ါ၊ ကဲ... အခုပြီးအောင် အရင်ပြောလိုက်မယ်၊ ပြီးတော့ 'ကကြီးရေး လုံးကြီးတင် ကိ' မဟုတ်လား၊ ကကြီး ရေးပြီး အပေါ်က အလုံးကြီးတင်လိုက်ရင် ကိဖြစ်သွားတယ်၊ ကိ လို့အသံထွက်တယ်လို့ ဆိုလိုတာပါ"

"ဟုတ်ကဲ့ပါ၊ ဒီလိုဆိုရင် ကကြီးရေး လုံးကြီးတင်ဆန်ခတ် ကီ' ကျတော့ လုံးကြီးတင်ထဲမှာ အဆန်လေးထည့်လိုက်တဲ့ အဓိပ္ပာယ်ပေ့ါနော် ဘဘ"

"ဟုတ်ပ့ါ၊ အဆန်ကလေးခတ်လိုက်လို့ ခတ်ဆိုတာ ထည့်တဲ့အဓိပ္ပာယ်ပေ့ါ၊ အဆန်ကလေးထည့်လိုက်တော့ ဆန်ခတ်ဖြစ်သွားတာပေ့ါ"

"ဟုတ်ကဲ့"

"ကကြီးရေး တစ်ချောင်းငယ် ကု ကလည်း ကကြီး အောက်က အချောင်းကလေး တစ်ချောင်းဆွဲလိုက်တာကို ခေါ်တာပါ၊ ငင်ဆိုတာ ဆွဲတာကို ဆိုလိုတာလေ"

"ဘဘ၊ တချို့က တစ်ချောင်းကိုင်လို့ ခေါ်တာကြားပါတယ်"

"မသိလို့ မှားခေါ်တာပေ့ါ သမီးရယ်၊ အချောင်းတစ်ချောင်း ဆွဲတော့ တစ်ချောင်းငင်၊ အချောင်းနှစ်ချောင်းဆွဲတော့ နှစ်ချောင်းငင်ပေ့ါ"

"ကကြီးရေး နှစ်ချောင်းငင်ကူ ပေ့ါနော် ဘဘ၊ ပြီးတော့ ဘာပါလဲ"

"သဝေထိုးကကြီးရေ ကေပေ့ါ၊ သဝေထိုးဆိုတာ ဘေးကို ကွေ့ဆွဲပြီး ရှေ့ကို ပြန်ထိုးတဲ့ ရေးပုံကို ပြောတာပါ၊ ပြီးတော့ ကကြီးရေ နောက်ပစ်ကဲပေ့ါ"

"နောက်ပစ်ဆိုတာ အချောင်းကလေးနောက်ကို ပစ်လိုက်လို့ ခေါ်တာပါ၊ စကားစပ်မိလို့ ပြောရရင် မွန်စာမှာ နောက်ပစ်လိုပဲ ရှေ့ပစ်ဆိုတာ ရှိတယ်၊ အချောင်းကလေးကို / ဒီလိုပုံစံရှေ့ကို ပစ်လိုက်တာလေ"

"ဟုတ်ကဲ့ပါ"

"ပြီးတော့ သဝေထိုးကကြီးရေးချကော...တဲ့ သဝေထိုးရော၊ ရေးချရော ရှေ့မှာပြောပြီးပြီ၊ ပြီးတော့ သဝေထိုး ကကြီးရေးချ ရှေ့ထိုးကော်-တဲ့၊ ရှေ့ထိုးလို့ ခေါ်တဲ့ အကောက်ကလေးကို ရေးချလို့ အပေါ်ကတပ်လိုက်တာလေ"

"ဟုတ်တယ်နော် ဘဘ၊ ပြီးတော့ ဘာပါလဲ"

"ကကြီးရေး သေးသေးတင်ကံ တဲ့ အပေါ်က အစက် သေးသေးကလေးတင်ထားလို့ သေးသေးတင်လို့ ခေါ်တာလေ"

"ဟုတ်ကဲ့ပါ"

"နောက်ဆုံးကတော့ ကကြီးရေးချဝစ္စနှစ်လုံးပေါက်ကား... တဲ့၊ နောက်က အစက်အပေါက်ကလေးနှစ်ခု ပေါက်ထားလို့ ဝစ္စပေါက်၊ ဝစ္စနှစ်လုံးပေါက်လို့ ခေါ်တာပေ့ါ"

"ဘဘ ဝိသဇ္ဇနီလို့လည်း ခေါ်တယ် မဟုတ်လား"

"ဘဘ ဝတ်ဆံနှစ်လုံးပေါက်လို့ ခေါ်တာလည်း ကြားဖူးပါတယ်"

"ဝိသဇ္ဇနီဆိုတာ ပါဠိအခေါ်ပေ့ါ၊ အရှေ့ကပေါက်၊ ရှေ့က နှစ်လုံးပေါက်လို့လည်း ခေါ်တယ်"

"ဪ"

"ပညာရှင်ကြီးတစ်ယောက်ကတော့ ဝစ္စဆိုတာ ပါဠိလို 'မစင်၊ ကျင်ကြီး' လို့ အဓိပ္ပာယ်ရလို့ ဝစ္စပေါက်လို့ မခေါ်သင့်ဘူးလို့ ပြောဖူးတယ်၊ ကဲ... နားကြဦးစို့"

# ယုန်များကို သေစေနိုင်သည့် ဗိုင်းရပ်စ်ကို နယူးဇီလန်ဖြန့်ဖြူးမည်

*ကလျာမိုးမြင့်*

ဖောင်းပွလာနေတဲ့ တိရစ္ဆာန်ရိုင်းအရေအတွက်ကို ရွေးနုတ်ဖယ်ရှားပစ်ဖို့ ကြိုးပမ်းဆောင်ရွက်မှုတစ်ခုအနေနဲ့ နယူးဇီလန်ဟာ နိုင်ငံတစ်ဝန်းမှာရှိတဲ့ ယုန်တွေကို သေစေနိုင်တဲ့ ဗိုင်းရပ်စ်တစ်မျိုးကို ဖြန့်ဖြူးဖို့ ပြင်ဆင်နေပါတယ်။

နယူးဇီလန်ရဲ့ နေရာဒေသအများစုမှာ ယုန်ရိုင်းတွေဟာ စိုက်ပျိုးရေးလုပ်ငန်းခွင်တွေကို ဖျက်ဆီးတဲ့တိရစ္ဆာန်တွေအဖြစ်နဲ့ မြင်တွေ့နေရပြီး RHDV1-K5 လို့ အမည်ရတဲ့ ဗိုင်းရပ်စ်ကို မတ်လမှာစတင်ပြီး ဖြန့်ဖြူးမှာဖြစ်တယ်လို့ သိရပါတယ်။


ဒီလိုဖြန့်ဖြူးရေးဆောင်ရွက်မှုကို လယ်ယာစိုက်ပျိုးရေး လုပ်ကိုင်ဆောင်ရွက်နေတဲ့ အဖွဲ့အစည်းတွေက ကြိုဆိုလက်ခံခဲ့ကြပေမယ့် တချို့ကတော့ ဒီလိုလုပ်တာဟာ အိမ်မွေးယုန်တွေကိုပါ ထိခိုက်လာစေနိုင်တဲ့ ကိစ္စအပါအဝင် တခြားအန္တရာယ်တွေ ရှိလာနိုင်မလားဆိုပြီး စိုးရိမ်ပူပန်မှုတွေ မြင့်တက်လာခဲ့ပါတယ်။ ဘာကြောင့် နယူးဇီလန်မှာ ယုန်တွေဟာ ကြီးမားတဲ့ ပြဿနာတစ်ခုဖြစ်နေရသလဲ။

ယုန်တွေဟာ နယူးဇီလန်ကို ၁၈၃၀ ပြည့်နှစ်တွေ ဝန်းကျင်လောက်မှာ စတင်ရောက်ရှိလာခဲ့ကြပြီး စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်နေကြတဲ့ လယ်သမားတွေကို ပြဿနာတွေ ပေးခဲ့ပါတယ်။ ယုန်ရိုင်းတွေဟာ စားကျက်မြေအတွက် နွား၊ ဝက် စတဲ့ ခြံမွေးတိရစ္ဆာန်တွေနဲ့ ယှဉ်ပြိုင်မှုတွေဖြစ်လာသလို မြေကျင်းတူးခြင်းကြောင့် မြေယာတွေကိုလည်း ထိခိုက်ပျက်စီးမှုတွေ ဖြစ်လာစေပါတယ်။

အခြေခံထုတ်ကုန်ဝန်ကြီးဌာန (MPI) ရဲ့ ပြောပြချက်အရ ယုန်တွေဟာ နှစ်စဉ်နှစ်တိုင်းမှာ ထုတ်လုပ်မှုဆိုင်ရာ ဆုံးရှုံးမှုအနေနဲ့ ပျမ်းမျှအားဖြင့် အမေရိကန်ဒေါ်လာ သန်း ၅၀ လောက်ကိုကုန်ကျစေပြီး စိုက်ပျိုးရေးလုပ်ငန်းကို ဖျက်ဆီးတဲ့ တိရစ္ဆာန်တွေ ထိန်းချုပ်မှုအတွက် နယူးဇီလန်ဒေါ်လာ ၂၅ သန်းကျော်လောက်ကို ကုန်ကျစေပါတယ်။

ယုန်အရေအတွက်တိုးပွားလာမှုကို ထိန်းချုပ်ဖို့ အဓိကအသုံးပြုနေတဲ့ နည်းလမ်းတွေကတော့ သေနတ်နဲ့ပစ်ခတ်ခြင်း၊ အဆိပ်ခတ်ခြင်း၊ ယုန်တွင်းတွေကို မီးခိုးမှိုင်းတိုက်ခြင်းနဲ့ ယုန်တွေ မလာနိုင်တဲ့ စည်းရိုးကာခြင်းတွေ ဖြစ်ပါတယ်။ ဒါပေမယ့် အာဏာပိုင်တွေက ဒီကိစ္စဟာ ပြဿနာကြီးတစ်ခုဖြစ်လာနေပြီမို့ ဒီနည်းလမ်းတွေနဲ့ ဖြေရှင်းတာဟာ လုံလောက်မှုမရှိတော့ဘူးလို့ စောဒကတက်ခဲ့ပါတယ်။

ယုန်တွေမှာဖြစ်ပွားတဲ့ သွေးလွန်တုပ်ကွေးဗိုင်းရပ်စ် (RHDV) ဟာ ၁၉၉၇ ခုနှစ်မှာ နယူးဇီလန်မှာ စတင်ဖြစ်ပွားခဲ့ပါတယ်။ ဒီဗိုင်းရပ်စ်ဟာ ယုန်တွေကိုသာ ရောဂါ



ကူးစက်ဖြစ်ပွားစေပြီး တခြားတိရစ္ဆာန်တွေအပေါ် သက်ရောက်မှု မရှိဘူး။ ဒါပေမယ့် နှစ် ၂၀ ကျော်ကြာပြီးနောက်မှာ ယုန်တွေဟာ ဒီဗိုင်းရပ်စ်ကို ခံနိုင်ရည်ရှိလာပါတယ်။

လာမယ့်လမှစတင်ဖြန့်မယ့် ဗိုင်းရပ်စ်ဟာ ကိုရီးယားမျိုးဗီဇသစ်တစ်ခုဖြစ်ပြီး RHDV1-K5 လို့ အမည်ခေါ်တွင်ပါတယ်။ ဒီဗိုင်းရပ်စ်ဟာ ယုန်တွေရဲ့ ကိုယ်တွင်းအင်္ဂါတွေကို သက်ရောက်စေပြီး အဖျားဝင်ခြင်း၊ အကြောဆွဲခြင်း၊ သွေးခဲခြင်းတွေ ဖြစ်စေကာ အသက်ရှူရပ်သွားစေနိုင်ပါတယ်။ ဒီဗိုင်းရပ်စ်ဟာ မြန်မြန်ဆန်ဆန်လုပ်ဆောင်မှုရှိတာကြောင့် ရောဂါကူးစက်ပြီး နှစ်ရက် သို့မဟုတ် လေးရက်အတွင်းမှာ ယုန်တွေကို သေဆုံးစေမှာဖြစ်တယ်လို့ သိရပါတယ်။

**ဘီဘီစီ**

ခရီးသွားဆောင်းပါး

# ရေပြာလှိုင်းကြွ သဲဖြူလွှနှင့် စိမ်းလန်းကြည်သာ ကျွန်းဖီလာသို့

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ-ခင်ဇွန်ဇာလင်း

“သတိထားတက်နော်”ဆိပ်ခံဗောတံတားကို ကပ်ပြီးရပ်ထားတဲ့ အမြန်ရေယာဉ်ငယ်ပေါ်သို့အတက် လှိုင်းအပုတ်ကြောင့် လူကလှုပ်ခါသွားပါတယ်။ ခန္ဓာကိုယ်ကို ကြိုးစားထိန်းပြီး လှမ်းတက်ချိန်မှာ နောက်မှမိတ်ဆွေတစ်ဦးရဲ့ သတိပေးသံထွက်ပေါ်လာတာမို့ ဖြည်းဖြည်းချင်းနဲ့ အမြန်ရေယာဉ်ပေါ် ရောက်ရှိသွားမှ သက်ပြင်းချလိုက်မိပါတယ်။ လေကခပ်ထန်ထန် တိုက်ခတ်နေတာမို့ ကမ်းခြေနဲ့ ဆိပ်ခံဗောတံတားမှာ ဆိုက်ကပ်ထားတဲ့ ရေယာဉ်ကြီးငယ်တွေဟာ ရေလှိုင်းပုတ်မှုကြောင့် လှုပ်လှုပ်ရွရွဖြစ်နေတာကို တွေ့ရပါတယ်။ ကျွန်တော် အမြန်ရေယာဉ်ပေါ်ရောက်တာနဲ့ ဆိပ်ခံဗောတံတားက စတင်ထွက်ခွာဖို့ ရေယာဉ်စက်နှိုးလိုက်ပြီး ဆိပ်ကမ်းမှ ရေပြင်သို့ မြားတစ်စင်းလိုထွက်ခွာလာတဲ့ အမြန်ရေယာဉ်ရဲ့အရှိန်ကြောင့် ကျွန်တော့်ဆံပင်တွေ လေထဲဝဲပျံ့သွားပါတော့တယ်။

အမြန်ရေယာဉ်ပေါ်မှနေပြီး တဖြည်းဖြည်း ဝေးကျန်ရစ်ခဲ့တဲ့ ကော့သောင်းဆိပ်ကမ်းဘက်သို့ လှမ်းကြည့်လိုက်ချိန်မှာတော့ ခရီးသွားတဲ့လူတွေ အဆင်းအတက်နဲ့ လှုပ်လှုပ်ရှားရှားဖြစ်နေတာကို လှမ်းမြင်ရပါတယ်။ ရေကြောင်းခရီးသွားလာရေး ဖွံ့ဖြိုးလာတဲ့ကော့သောင်းမြို့ဟာ မြန်မာနိုင်ငံရဲ့တောင်ဘက်စွန်းမြို့ ဖြစ်ပေမယ့် ထိုင်းနိုင်ငံနဲ့ နီးကပ်နေတာမို့ ရေယာဉ်ခရီးနဲ့ မိနစ်ပိုင်းအတွင်း တစ်ဖက်နိုင်ငံကို ရောက်ရှိသွားနိုင်တဲ့ အနေအထားမို့ အဝင်အထွက် ခရီးသွားတွေ များပြားပါတယ်။

အထူးသဖြင့် ပွင့်လင်းရာသီတွေမှာ နေ့စဉ် ထိုင်းနိုင်ငံဘက်မှ ခရီးသွားတွေဟာ နေ့ချင်းပြန်ခရီးအဖြစ် ကော့သောင်းမြို့အပါအဝင် သူဌေးကျွန်းနဲ့ အခြားကျွန်းစုတွေဆီကို ရေယာဉ်တွေနဲ့ သွားရောက်ကြည့်ရှုလေ့လာကြပြီး ရေကူး၊ ရေငုပ်၊ လှေလှော်ကာ အပန်းဖြေကြတာမို့ အဏ္ဏဝါခရီးသွားလုပ်ငန်း တိုးတက်ဖွံ့ဖြိုးလာတာတော့ အမှန်ပါပဲ။

ကျွန်းဖီလာကိုတော့ မရောက်ဖူးသေးတာမို့ ဒီတစ်ခေါက်တော့ ရောက်အောင်သွားရောက်ခြင်း ဖြစ်ပါတယ်။

ဒီတစ်ခေါက် ကော့သောင်းမြို့ကို ရောက်ခိုက်မှာ ကော့သောင်းမြို့သား ကျွန်တော့်မိတ်ဆွေ ကိုရွှေသန်းက သူဝယ်ထားတဲ့ အမြန်ရေယာဉ်ကို စမ်းသပ်မောင်းနှင်ရင်း ကျွန်းဖီလာကို လိုက်ပို့ပေးမယ်လို့ ပြောတာကြောင့် တိုက်တိုက်ဆိုင်ဆိုင် လိုလိုလားလား ကျွန်တော်လိုက်ပါလာခြင်းဖြစ်ပါတယ်။ မိမိကိုယ်တိုင် ရေယာဉ်ငှားပြီး သွားရောက်ဖို့ဆိုတာ ကုန်ကျစရိတ်များတာကြောင့် အခုလို အခွင့်သင့်တဲ့အချိန်မှာ ကျွန်တော့်အနေနဲ့ မငြင်းဘဲ လိုက်ခဲ့ခြင်းဖြစ်ပါတယ်။

ကျွန်တော်တို့ရေယာဉ်ဟာ အမြန်နှုန်းမှန်မှန်နဲ့ မောင်းနှင်လာရာ ရေမိုင် ၂၀ ခန့် ရောက်ရှိလာတဲ့အခါ ရေပြင်ပေါ်ထိုးထွက်နေတဲ့ ကျွန်းတွေကို တွေ့ရှိမှုစိပ်လာပါတယ်။ ပြာလဲ့လဲ့ ပင်လယ်ရေပြင်ပေါ်မှာ စိမ်းညို့နေတဲ့ကျွန်းတွေ ထိုးထွက်တည်ရှိနေပုံက တကယ့်ကို အံ့သြစရာကောင်းနေပါတယ်။ တချို့ကျွန်းတွေက ကျောက်သားကျောက်စိုင်တွေချည်း အဖြစ်နဲ့ ရေပြင်ပေါ် ထိုးထွက်နေတာ တွေ့ရသလို အပင်ဆိုလို့ အနည်းအကျဉ်းသာပေါက်ရောက်နေတာ တွေ့ရပါတယ်။ အချို့ကျွန်းတွေကတော့ အပင်တွေနဲ့ စိမ်းစိမ်းစိုစိုရှိနေပြီး ရေယာဉ်အချို့နဲ့ ငါးဖမ်းရေယာဉ်အချို့ ဆိုက်ကပ်ရပ်နားနေတာ တွေ့ရပါတယ်။

ကျွန်တော်တို့ အမြန်ရေယာဉ်ငယ်ဟာ ကော့သောင်းမြို့ ဆိပ်ကမ်းကနေပြီး ဘာဝယ်ကျွန်းကို ဖြတ်သန်းလာပြီးနောက် ညောင်ဝီးကျွန်းနားကို ရောက်ရှိလာပါတယ်။ ညောင်ဝီးကျွန်းဟာလည်း ခရီးသွားတွေစိတ်ဝင်စားတဲ့ ကျွန်းတစ်ကျွန်းဖြစ်ပြီး မြိတ်ကျွန်းစု ခရီးသွားလုပ်ငန်းတွေရဲ့ ခရီးစဉ်တစ်ခုအဖြစ် ထည့်သွင်းထားတဲ့ကျွန်းလည်း ဖြစ်ပါတယ်။ ကျွန်းအရွယ်

“ကျွန်းဖီလာဟာ ကျွန်းပေါင်း ၈၀၀ ခန့်ပါဝင်တဲ့ မြိတ်ကျွန်းစုမှာတော့ အလှဆုံးကျွန်းတွေထဲမှာ တစ်ကျွန်းအဖြစ် ပါဝင်နေပါတယ်။ ကော့သောင်းမြို့ကနေပြီး ရေလမ်းခရီးစဉ်အတိုင်း လာမယ်ဆိုရင် ရေမိုင် ၆၀ ခန့်ရှိပြီး ကျွန်းဖီလာနဲ့ အနီးဆုံး ကျွန်းကတော့ ၁၅ မိုင်ခန့်သာဝေးတဲ့ လိုဏ်ဂူကျွန်းဖြစ်ပါတယ်။ ကျွန်းဖီလာနဲ့ စတီးဝပ်ကျွန်းကတော့ ၁၇မိုင်ခန့်ရှိပြီး လိုဏ်ဂူကျွန်းနဲ့စတီးဝပ်ကျွန်းကတော့ ရေမိုင် နှစ်မိုင်ခန့်သာ ကွာဝေးပါတယ်”

ကျွန်တော်တို့လိုက်ပါလာတဲ့ အမြန်ရေယာဉ်ဟာ ရေပြင်ကို ရုပ်တိုက်ပြီး မြန်နှုန်းမြင့်မောင်းနှင်နေတာကြောင့် ရေယာဉ်ဦးပိုင်းမှ ရေပန်းတွေက လွင့်စဉ်ကျရောက်လာပါတယ်။ ရေယာဉ်ပေါ်မှ ဝဲယာကို လှမ်းကြည့်လိုက်တဲ့အခါ ရေပြင်ပေါ်မှာ ခုတ်မောင်းသွားလာနေကြတဲ့ ရေယာဉ်ကြီးငယ်တွေကို လှမ်းမြင်ရပြီး တချို့ခရီးသွားအမြန်ရေယာဉ်ငယ်တွေက ကျွန်တော်တို့ရေယာဉ်လို မြန်နှုန်းမြင့် မောင်းနှင်ဖြတ်သန်း သွားတာမို့ ရေပြင်ပေါ်မှာ ရေပန်းတွေအဖွေးသားနဲ့ ထူးခြားတဲ့မြင်ကွင်းတစ်ခုလို တွေ့မြင်ရပါတယ်။

တကယ်တော့ ကျွန်တော်ဟာ ကော့သောင်းမြို့ကို တာဝန်နဲ့ အကြိမ်ကြိမ်ရောက်ခဲ့ဖူးပါတယ်။ ရောက်တိုင်းလည်း အနီးပတ်ဝန်းကျင်က ကျွန်းစုအချို့ဆီကို လေ့လာရေးအတွက် အချိန်ရသမျှ သွားရောက်ခဲ့တာကြောင့် ကျွန်းအချို့ကို ရောက်ရှိခဲ့ဖူးပေမယ့် ကော့သောင်းမြို့ရဲ့ အရှေ့မြောက်ဘက်မှာရှိတဲ့ အစားက မကြီးလွန်း မသေးလွန်းအဖြစ် တည်ရှိနေပြီး ကျွန်းရဲ့ ကမ်းခြေမှာတော့ အလည်အပတ်လာရောက်တဲ့ ခရီးသွားအချို့နဲ့ ရေယာဉ်တစ်စင်းကို လှမ်းမြင်ရပါတယ်။ ရေကူးဖို့ ပြင်ဆင်နေကြသူတွေကိုလည်း တွေ့ရတာမို့ ကိုယ်တိုင်ရေကူးချင်တဲ့စိတ်တွေ ဖြစ်ပေါ်မိတာကြောင့် “ကျွန်းဖီလာရောက်ရင် ရေကူးကြတာပေါ့”လို့ ကိုရွှေသန်းက ကျွန်တော့်စိတ်ကိုခန့်မှန်းရင်း ပြောပြီး အသီးမျိုးစုံကို အစိတ်လိုက် လှီးထည့်ထားတဲ့ ဖော့ဘူးတစ်ဘူးကို လှမ်းပေးပါတယ်။ ကျွန်တော် ဖော့ဘူးကို ဖွင့်ကြည့်လိုက်တဲ့အခါ ပန်းသီးနဲ့ မာလကာသီးအပြင် သင်္ဘောသီးမှည့်တွေကို တွေ့ရတာနဲ့ တစ်စိတ်ပြီးတစ်စိတ် စားလိုက်ပါတယ်။ ပင်လယ်ပြင်ကို အမြန်ရေယာဉ်နဲ့ ဖြတ်သန်းရင်း ပင်လယ်လေကိုရှူကာ ကျွန်းတွေရဲ့သဘာဝပတ်ဝန်းကျင်ကို ကြည့်ရှုခံစားရင်း ရေခဲစိမ်သစ်သီးစိတ်လေးတွေ စားရတာလည်း ထူးခြားတဲ့အရသာနဲ့ စိတ်ခံစားမှုကို ဖြစ်ပေါ်စေတော





အမှန်ပါပဲ။

ကျွန်တော်တို့ ညောင်ဝီးကျွန်းကို ဖြတ်သန်းလာပြီးလို့ အတန်ကြာတဲ့အခါ ညောင်ဝီးကျွန်းရဲ့ အရှေ့ဘက်မှာ တည်ရှိနေတဲ့ သာယာကျွန်းအနီး ရောက်ရှိလာပါတယ်။ ကော့သောင်း-ဘာဝယ်ကျွန်း-ညောင်ဝီးကျွန်း-သာယာကျွန်းတို့ဟာ ခရီးစဉ်တစ်ခုအဖြစ် တည်ရှိနေပြီး ကော့သောင်းမြို့ဆိပ်ကမ်းကနေ လက်ယာရစ် ရေလမ်းခရီးစဉ်အတိုင်းသွားရင် အစဉ်အတိုင်း သွားရောက်လေ့လာစရာကျွန်းတွေ ဖြစ်ပါတယ်။ သာယာကျွန်းအနီး ဖြတ်သန်းမောင်းနှင်တဲ့အခါ ရေယာဉ်တစ်စင်း ဆိုက်ကပ်ရပ်နားနေတာကလွဲလို့ လူအရိပ်အရောင် မတွေ့ရပါဘူး၊ ဒါပေမယ့် ပွင့်လင်းရာသီမှာ ခရီးသွားအချို့ လာရောက်ကြတယ်လို့ ဆိုပါတယ်။

သာယာကျွန်းကိုကျော်ဖြတ်ပြီးတာနဲ့ ကျွန်တော်တို့ သွားရောက်မယ့် ကျွန်းဖီလာဆီသို့ ရေယာဉ်က ဦးတည်မောင်းနှင်ပါတော့တယ်။ တကယ်တော့ အခုလို ကော့သောင်းမြို့ကနေပြီး ကျွန်းစုတွေကိုလေ့လာတဲ့ ခရီးစဉ်ကိုကြည့်ရင် အများစုကတော့ ကော့သောင်း-ဘာဝယ်ကျွန်း-ညောင်ဝီးကျွန်း-သာယာကျွန်း-ကျွန်းဖီလာ-ကြံ့ဂျိုကျွန်း-ကော့သောင်း စတဲ့ ခရီးစဉ်အတိုင်း သွားကြသလို ကော့သောင်း-ဇာဒက်ကြီးကျွန်း-မက်လော့ကျွန်း-ဂျလန်းကျွန်း-ကြံ့ဂျိုကျွန်း-ကော့သောင်း ခရီးစဉ်အတိုင်းလည်း ရေယာဉ်နဲ့ သွားရောက်လေ့လာကြတာတွေ ရှိပါတယ်။ ဒါက ကော့သောင်းမြို့ကနေပြီး အမြန်ရေယာဉ်နဲ့ လက်ယာရစ်ပတ်ပြီးသွားကြတဲ့ ခရီးစဉ်တွေ ဖြစ်ပါတယ်။ လက်ဝဲပတ်ရေယာဉ်ခရီးစဉ်အဖြစ် သွားမယ်ဆိုရင်တော့ ကော့သောင်း-ကြံ့ဂျိုကျွန်း-ကျွန်းဖီလာ-သာယာကျွန်း-ညောင်ဝီးကျွန်း-၁၁၅ ကျွန်း-၈၈ ကျွန်း-ဘာဝယ်ကျွန်း-ကော့သောင်း ခရီးစဉ်ဖြစ်ပါတယ်။ ဒါပေမယ့် ဒီခရီးစဉ်တွေအတိုင်း မသွားဘဲ ကိုယ်သွားလိုတဲ့ကျွန်းတွေကိုသာ ရေယာဉ်ငှားပြီး သွားရောက်အပန်းဖြေကြတာတွေလည်း ရှိပါတယ်။

ကျွန်တော်တို့ရေယာဉ်ဟာ မြန်နှုန်းမြင့် မောင်းနှင်နေတာမို့ ရေပြင်ပေါ်ကနေပြီး ပျံတက်တော့မယ့် ငှက်တစ်ကောင်လိုမျိုး ဖြစ်နေတယ်လို့ အတွေးဝင်နေတဲ့အချိန်မှာပဲ ရေယာဉ်အနီး မလှမ်းမကမ်းမှာ ပျံဝဲလိုက်ပါလာတဲ့ ငှက်နှစ်ကောင်ကိုတွေ့ရတော့ “အဲဒါ ပင်လယ်စင်ရော်တွေလေ”လို့ ကိုရွှေသန်းက ပြောပါတယ်။ “ဟိုး...ရှေ့ကကျွန်းက ကျွန်တော်တို့သွားမယ့် ကျွန်းဖီလာပေါ့”လို့လည်း သူကဆက်ပြီးပြောပါတယ်။ ဒီလို ပင်လယ်ရေပြင်မှာ စင်ရော်တွေအပြင် သိမ်းငှက်တွေလည်း ဝဲပျံ ကျက်စားကြပြီး ကျွန်းတွေပေါ်မှာတော့ ရှားပါးငှက်မျိုးစိတ်တွေရှိတယ်လို့ ဆိုပါတယ်။

ကျွန်တော်တို့ရေယာဉ် ကျွန်းဖီလာကမ်းခြေကိုစက်ရှိန်သတ်ပြီး ဆိုက်ကပ်လိုက်ပါတယ်။ ဖြူဖွေးနေတဲ့ သဲသောင်ကမ်းခြေ၊ စိမ်းစိုလန်းဆန်းနေတဲ့သစ်ပင်၊ ပြာလဲ့ကြည်လင်နေတဲ့ပင်လယ်ရေပြင်တွေကြောင့် မြင်တွေ့လိုက်ရတာနဲ့ စိတ်ကိုအေးချမ်းသွားစေပါတယ်။ ကျွန်တော်တို့ ရေယာဉ်ပေါ်ကကမ်းခြေကိုဆင်းပြီး ဖြူဖွေးနေတဲ့ သဲသောင်ပြင်အပေါ် ဖြည်းဖြည်းချင်းလမ်းလျှောက်နေမိပါတယ်။ သန့်ရှင်းလတ်ဆတ်တဲ့လေ၊ စိမ်းမြနေတဲ့သစ်ပင်တွေနဲ့ သဘာဝလှိုင်းပုတ်သံကလွဲပြီး ဘာဆူညံသံမှ မကြားရတဲ့တိတ်ဆိတ်ငြိမ်သက်အေးချမ်းလှတဲ့ သီးခြားကမ္ဘာလေးတစ်ခုကို ရောက်ရှိနေရသလိုပါပဲ။

လွတ်လပ်ခြင်း၊ ငြိမ်းချမ်းခြင်း၊ သဘာဝအတိုင်းလန်းဆန်းလတ်ဆတ်ခြင်း၊ တိတ်ဆိတ်ခြင်းတွေက စိတ်နှလုံးကို ကြည်မွေ့အေးမြသွားကာ တစ်ကိုယ်လုံး ပေါ့ပါးလွင့်မျောသွားစေတဲ့ အထိ ရင်ထဲနက်ရှိုင်းစွာ ခံစားသွားရပါတယ်။ ဒါကြောင့်လည်း ပင်လယ်ကျွန်းစုတွေဆီကို ကမ္ဘာ့ခရီးသွားဧည့်သည်တွေ တဖြည်းဖြည်း ဦးတည်နေတာဖြစ်လိမ့်မယ်လို့လည်း တွေးနေမိပါတယ်။

ကျွန်းဖီလာဟာ ကျွန်းပေါင်း ၈၀၀ ခန့်ပါဝင်တဲ့ မြိတ်ကျွန်းစုမှာတော့ အလှဆုံးကျွန်းတွေထဲမှာ တစ်ကျွန်းအဖြစ် ပါဝင်နေပါတယ်။ ကော့သောင်းမြို့ကနေပြီး ရေလမ်းခရီးစဉ်အတိုင်း လာမယ်ဆိုရင် ရေမိုင် ၆၀ ခန့်ရှိပြီး ကျွန်းဖီလာနဲ့ အနီးဆုံး ကျွန်းကတော့ ၁၅ မိုင်ခန့်သာဝေးတဲ့ လိုဏ်ဂူကျွန်းဖြစ်ပါတယ်။ ကျွန်းဖီလာနဲ့ စတီးဝပ်ကျွန်းကတော့ ၁၇မိုင်ခန့်ရှိပြီး လိုဏ်ဂူကျွန်းနဲ့စတီးဝပ်ကျွန်းကတော့ ရေမိုင် နှစ်မိုင်ခန့်သာကွာဝေးပါတယ်။

ကျွန်းဖီလာအနီးပတ်ဝန်းကျင်မှာ ကနူးကယက်လှေလှော်နေသူအချို့ကိုတွေ့ရပြီး ရေအောက်ရောင်စုံသတ္တဝါ သန္တာကျောက်တန်းတွေလည်းရှိတာမို့လာရောက်ပြီး ရေငုပ်ကာ ကြည့်ရှုလေ့လာကြသူတွေလည်း ရှိတယ်လို့ဆိုပါတယ်။ ရေကူးနေသူနှစ်ဦးကိုတွေ့လို့ ဓာတ်ပုံမှတ်တမ်းရိုက်ယူခဲ့ပါတယ်။ ကမ်းခြေမှာ ကဏန်းအချို့လည်းတွေ့ရတာမို့ ကောက်ယူပြီး လေ့လာကြည့်တဲ့အခါ ကဏန်းခြေထောက်တွေမှာအနီရောင်ရှိတာကြောင့် ပင်လယ်ကဏန်းမျိုးစိတ်တစ်မျိုး ဖြစ်မယ်လို့ တွေးပြီးပြန်ချပေးလိုက်ပါတယ်။

သဲသောင်ပြင်ကမ်းစပ်ကနေပြီး သစ်ပင်တွေဘက်ကိုလမ်းလျှောက်လာကြည့်တဲ့အခါ သစ်ပင်အချို့ပေါ်မှာ မျောက်တစ်ကောင်၊ နှစ်ကောင်ကိုတွေ့ရလို့ အံ့သြသွားပါတယ်။ ဒီကျွန်းပေါ်မှာ မျောက်အချို့နဲ့တောကြောင်တွေအပြင် အခြားတိရစ္ဆာန်အချို့လည်း နေထိုင်ကျက်စားကြကြောင်းသိရလို့ စိတ်ဝင်စားစရာကောင်းနေပြန်ပါတယ်။ အတွင်းပိုင်းသစ်ပင်ကြီးအချို့ပေါ်မှာ အမျိုးအမည်မခွဲခြားနိုင်တဲ့ ကျီးကန်းအရွယ်အစား ငှက်အချို့ကိုလည်းတွေ့ရတာမို့ ကျွန်းရဲ့သဘာဝအလှကို ကြည့်ရှုခံစားရင်းငှက်ကြည့်ဝါသနာရှင်တွေအတွက် အခွင့်အရေးလည်းရရှိနိုင်ပါတယ်။

ကျွန်တော်တို့ကမ်းစပ်ပြန်ဆင်းလာခဲ့ပြီး ရေကူးဖို့ အဝတ်အစားလဲကာ ကမ်းစပ်မှ တဖြည်းဖြည်းချင်းရေထဲဆင်းခဲ့ပါတယ်။ နေရောင်ကြောင့် ပင်လယ်ရေအပေါ်ယံက နွေးသလိုရှိနေပေမယ့် အောက်ခြေကတော့ အေးမြနေပါတယ်။ ခါးနစ်မြုပ်လောက်တဲ့ရေအနက်အထိဆင်းပြီး အတန်ကြာရေကူးလိုက်တဲ့အခါ တစ်ကိုယ်လုံးအညောင်းညာတွေ ပြေသွားတော့ပါတယ်။ သဘာဝပင်လယ်ရေအတွင်းမှာ အခုလို အနှောင့်အယှက်ကင်းကင်းနဲ့ လွတ်လွတ်လပ်လပ် ရေကူးရတဲ့ခံစားမှုဟာ ဖော်မပြတတ်အောင်ဖြစ်ရပါတယ်။ နာရီဝက်ခန့်ရေကူးပြီးတော့ ကမ်းစပ်ကို ပြန်တက်လာပြီး သန့်ရှင်းဖြူဖွေးနေတဲ့ သဲသောင်ပြင်ပေါ်မှာ သည်အတိုင်းပက်လက်လှန်ချကာ မျက်စိမှိတ်ထားလိုက်ပါတယ်။ လက်နှစ်ဖက်ဘေးကိုဆန့်ထားရင်း ခေတ္တအမောဖြေနေမိပါတယ်။ နူးညံ့တဲ့သဲဖြူဖြူတွေရဲ့ အထိအတွေ့၊ သန့်ရှင်းလတ်ဆတ်တဲ့ ပင်လယ်လေ၊ တိုးလို့ထွက်ပေါ်လာတဲ့ ကျွန်းပေါ်က သစ်ရွက်တွေရဲ့အသံနဲ့ ကမ်းခြေကို လှိုင်းလာပုတ်တဲ့အသံတွေကို နားထောင်ရတဲ့ ခံစားမှုဟာ ထူးခြားလွန်းလှပါတယ်။

“ကဲ...ပြန်ကြရအောင်”လို့ ကိုရွှေသန်းရဲ့ သတိပေးသံကြောင့် သဲသောင်ပြင်မှ ထပြီးပင်လယ်ရေနဲ့ ပြန်သန့်စင်ကာ အဝတ်အစားတွေလဲပြီး အမြန်ရေယာဉ်ပေါ်ပြန်တက်ခဲ့ကြပါတယ်။ ခဏအကြာမှာ စက်နှိုးပြီး ကျွန်းဖီလာက ပြန်ထွက်လာကြတဲ့အခါ ရေယာဉ်ရဲ့အမြန်နှုန်းနဲ့အတူ ကျွန်းဖီလာကတော့ တဖြည်းဖြည်းဝေး၍..ဝေး၍..ကျန်ရစ်ခဲ့ပါတော့တယ်။ နေရစ်ခဲ့တော့ကျွန်းဖီလာရေ။ ။

# ဘားအံတက္ကသိုလ်၌ ရိုးရာအတာ သင်္ကြန်ပွဲတော် အကြိုရေသဘင်ကျင်းပ

**ဘားအံ မတ် ၁၀**

တက္ကသိုလ် ကျောင်းသား ကျောင်းသူများအနေဖြင့် စည်းလုံးညီညွတ်ပြီး ချစ်ခင်ရင်းနှီးစေရန် ရည်ရွယ်ပြီး ကရင်ပြည်နယ် ဘားအံတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်ကျောင်း နှစ်ကျောင်းတွင် မဟာသင်္ကြန်အကြိုအထိမ်းအမှတ်အဖြစ် တက္ကသိုလ်သင်္ကြန်ပွဲတော်ကို မတ် ၈ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။



တက္ကသိုလ်ကျောင်းသား ကျောင်းသူများ၏ မဟာသင်္ကြန်အကြို အထိမ်းအမှတ်ဖြစ်သည့် တက္ကသိုလ်သင်္ကြန်ပွဲတော်ကို ဖွင့်ပွဲအခမ်းအနားဖြင့် ဖွင့်လှစ်ခဲ့ပြီးနောက် ဖျော်ဖြေရေးအစီအစဉ်များ၊ အတာရေပက်ဖျန်းသည့် အစီအစဉ်များ၊ ကျွေးမွေးဧည့်ခံရေး အစီအစဉ်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ခြင်းဖြစ်သည်။

ဘားအံတက္ကသိုလ်သင်္ကြန် ဖြစ်မြောက်ရေးကော်မတီမှ သတ္တဗေဒ စတုတ္ထနှစ်ကျောင်းသူ မသင်းရတနာဝင်းက "တက္ကသိုလ်သင်္ကြန်ပွဲပြုလုပ်ရတဲ့ အဓိကရည်ရွယ်ချက်က ကျောင်းသား ကျောင်းသူအချင်းချင်း စည်းလုံးမှုနှင့် ချစ်ခင်မှုရှိစေရန် ရည်ရွယ်ပြီး ဘားအံတက္ကသိုလ်အနေနဲ့ ပထမဆုံးအကြိမ်ပြုလုပ်တာပါတယ်၊ သင်္ကြန်ပွဲဖြစ်မြောက်ရေးကော်မတီဖွဲ့ပြီး ကျောင်းသားရေးရာဌာန၊ အဲဒီကမှ အဆင့်ဆင့်တင်ပြပြီးမှ ဆောင်ရွက်တာပါ" ဟု ပြောသည်။

ဘားအံနည်းပညာတက္ကသိုလ် လျှပ်စစ်စွမ်းအင်မေဂျာမှ နောက်ဆုံးနှစ်ကျောင်းသား မောင်ညီညီကောင်းထွန်ဇင်က "နည်းပညာတက္ကသိုလ်မှာတော့ တတိယအကြိမ်မြောက် ပြုလုပ်ခြင်းဖြစ်ပါတယ်၊ နောက်ဆုံးနှစ် ကျောင်းသားတွေအနေနဲ့ စာမေးပွဲပြီးရင် အားလုံးက ပြန်ကြရမှာ၊ ဒါကြောင့် မဟာသင်္ကြန်အကြိုအဖြစ် ကျောင်းသား ကျောင်းသူများအကြား စည်းလုံးမှုနဲ့ ချစ်ခင်မှုရှိစေဖို့လို့ ခံယူပြီး တက္ကသိုလ်သင်္ကြန်ပြုလုပ်တာဖြစ်ပါတယ်" ဟု ပြောသည်။

ဘားအံတက္ကသိုလ်တွင် ကျောင်းသား ကျောင်းသူ ၆၇၅၄ ဦးရှိပြီး မတ် ၂၀ ရက်တွင် စာမေးပွဲဖြေဆိုရမည်ဖြစ်ကာ ဘားအံ နည်းပညာတက္ကသိုလ်တွင် ကျောင်းသား ကျောင်းသူ ၇၈၅ ဦးရှိပြီး မတ် ၂၆ ရက်တွင် စာမေးပွဲဖြေဆိုရမည်ဖြစ်၍ မြန်မာ့ရိုးရာအတာသင်္ကြန်အကြို တက္ကသိုလ်သင်္ကြန်ပွဲကို ကြိုတင်ပြုလုပ်ခြင်းဖြစ်ပြီး ကျောင်းသားကျောင်းသူများသာမက ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခများ၊ ဌာနမှူးများ၊ နည်းပြများပါ တက်ရောက်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

**နေမျိုးလွင်**

# အရှည်လေးမိုင်ရှိ ရေနုတ်မြောင်းတူးဖော်မှု ၆၅ ရာခိုင်နှုန်းခန့်ပြီးစီးနေ

**ကျောက်ကုန်း မတ် ၁၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောက်ကုန်းမြို့နယ် ဂုန်မင်းကျေးရွာအုပ်စုနှင့် လှည်းဆိပ်အုပ်စုအတွင်း လယ်ယာများ ရေနစ်မြုပ်မှု ကာကွယ်ရေးအတွက် အရှည်လေးမိုင်ခန့်ရှိသည့် ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ ၆၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။



လုပ်ငန်းများကို ဇန်နဝါရီ ၂၇ ရက်က စတင်အကောင်အထည်ဖော်ခဲ့ပြီး မတ် ၈ ရက်တွင် ၆၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီ ဖြစ်ကြောင်း၊ မြောင်းအရှည် လေးမိုင် တူးဖော်ခြင်းကို ကုမ္ပဏီ သုံးခုဖြင့် ဆောင်ရွက်နေပြီး ကုဋေကျော် ကုမ္ပဏီက ၇၅၁၅ ပေ၊ စိုးမိုးသူ ကုမ္ပဏီက ၇၀၂၃ ပေနှင့် သီဟမင်းဆွေကုမ္ပဏီက ၆၉၇၀ ပေဖြစ်ကြောင်း၊ အဆိုပါ ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်း ပြီးစီးပါက ကျောက်ကုန်းမြို့နယ်အတွင်းမှ လယ်မြေဧကပေါင်း လေးသောင်းကျော်ကို မိုးရာသီကာလတွင် ရေနစ်မြုပ်ခြင်းမှ ကင်းဝေးစေမည်ဖြစ်၍ နိုင်ငံတော်အား ကျေးဇူးတင်ကြောင်း လှည်းဆိပ်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးငွေပိုင်က ပြောကြားသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**

# အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

**ဖန်းမော် မတ် ၁၀**

ကချင်ပြည်နယ် ဗန်းမော်မြို့တွင် ဗန်းမော်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ခရိုင်အတွင်းရှိ ဘာသာပေါင်းစုံမှ လူငယ်များ၊ ပရဟိတအဖွဲ့များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ စေတနာရှင်များ ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် စတုဒိသာများကျွေးခြင်းကို မတ် ၈ ရက် ညနေပိုင်းက သိမ်မဟာစေတီတော်မြတ်ကြီးဝင်းအတွင်း၌ ပြုလုပ်ခဲ့သည်။



အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် ဒေသခံပြည်သူများအား အသိပညာပေးလက်ကမ်းစာစောင်များနှင့် ပိုစတာများကို ဖြန့်ဝေပေးခဲ့ပြီး စမူဆာ၊ ကော်ပြန့်၊ ကောက်ညှင်းပေါင်း၊ ရွှေထမင်း၊ ထမနဲ၊ ပဲသုတ်၊ မုန့်လက်ဆောင်း၊ ရေခဲမုန့်စသည့် စားသောက်ဖွယ်ရာများဖြင့် စတုဒိသာ ဧည့်ခံကျွေးမွေးခဲ့ကာ လာရောက်ကြသူများကလည်း အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အတွက် ရင်ဖွင့်စကားသံများ ရေးသားလက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## သတင်းတိုများ

### ဝဲလောင်–ကြီးပင်တဲ–နဂါးဗိုလ်လမ်း ပြင်ဆင်ထိန်းသိမ်းခြင်း ဆောင်ရွက်

တောင်သာမြို့နယ်အတွင်းမှ ဝဲလောင်-ကြီးပင်တဲ-နဂါးဗိုလ်လမ်း အရှည် ၈ မိုင်တွင် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူ ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ အဆိုပါလမ်းပိုင်းတွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း အရှည် ၁ ဒသမ ၆ မိုင်ကို စတင်ပြုပြင်ထိန်းသိမ်းမည်ဖြစ်ပြီး ကနဦးတွင် အရှည် ခြောက်ဖာလုံ၌ အကျယ်၁၂ပေ၊ ခြောက်လက်မထု ဂျင်းမြေသားခင်းခြင်းနှင့် ရေနုတ်မြောင်းလုပ်ငန်း ဆောင်ရွက်မည်ဖြစ်ပြီး ကျန်ရှိသောလမ်းပိုင်းအတွက် ဘတ်ဂျက်ချထားမှုအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**လင်းလက်ကြယ်(တောင်သာ)**

### ကျေးရွာများမှ အိမ်ထောင်စုများသို့ ထင်းအခမဲ့ဖြန့်ဝေ

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနက စည်သာကြိုးဝိုင်းအတွင်း ဆောင်ရွက်လျက်ရှိသော ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (ပထမနှစ်) သဘာဝတောကျန်များထိန်းသိမ်းကာကွယ်ခြင်းလုပ်ငန်း ဧက ၂၀၀၀ အနက် ဧက ၂၀၀ တွင် ဓမ္မတာမျိုးဆက်ခြင်း ဆောင်ရွက်ရာမှ ထွက်ရှိလာသည့် ထင်း ၁၁ တန်ကျော်ကို မြို့သစ်မြို့နယ် စည်သာကျေးရွာမှ အိမ်ထောင်စု ၁၄ စုထံသို့ မတ် ၈ ရက်က အခမဲ့ ဖြန့်ဝေပေးခဲ့သည်။ ထင်းများကို မကွေးခရိုင် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးနှင့် မြို့သစ်မြို့နယ် ဦးစီးအရာရှိတို့က ကြီးမှူး၍ စနစ်တကျ ခွဲဝေပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သန်းနိုင်ဦး(ဇဖဲ)**



# မီးဘေးသင့်ပြည်သူများအား အလှူငွေပေးအပ်

**ညောင်ဦး မတ် ၁၀**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် သစ်ကြီးတောကျေးရွာမှ မီးဘေးသင့် ပြည်သူများအား အလှူရှင်များက အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများ လှူဒါန်းလျက်ရှိရာ ပုဂံညောင်ဦးမြို့နယ် မြင်းကပါကျေးရွာရှိ ဖြူစင်မေတ္တာ ပရဟိတ (ရေ၊ သွေး) အလှူတော်အသင်းကလည်း မတ် ၈ ရက်တွင် အဆိုပါ ကျေးရွာသို့ သွားရောက်၍ မီးဘေးသင့်ပြည်သူများအား အလှူငွေနှင့် အစားအသောက်များ၊ အဝတ်အထည်များ လှူဒါန်းခဲ့ကြောင်း သိရသည်။

သစ်ကြီးတောကျေးရွာ အခြေခံပညာကျောင်း၌ ကျင်းပသည့် လှူဒါန်းပွဲတွင် ဖြူစင်မေတ္တာ ပရဟိတ (ရေ၊ သွေး) အလှူတော်အသင်းမှ နာယကဆရာတော် အရှင်သာဂရ ဦးဆောင်သည့် အသင်းသားများက သစ်ကြီးတောကျေးရွာရှိ အိမ်ထောင်စု ၁၇၁ စုအတွက် အိမ်ထောင်စုတစ်စုလျှင် အလှူငွေ ကျပ်သုံးသောင်းနှင့် အဝတ်အထည်များ၊ စားနပ်ရိက္ခာပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ထန်းတပင်မြို့နယ်တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ရှောင်တခင်စစ်ဆေးခြင်းနှင့် ပညာပေးခြင်းဆောင်ရွက်

**ထန်းတပင် မတ် ၁၀**

တက္ကသိုလ်ဝင်တန်းစာမေးပွဲများကို မတ် ၇ ရက်မှ စတင်ဖြေဆိုနေပြီဖြစ်ရာ စာမေးပွဲဖြေဆိုနေစဉ်ရက်များအတွင်း ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်၌ ယာဉ်မတော်တဆမှုများ လျော့နည်းကာ ပြည်သူများ ယာဉ်အန္တရာယ်မဖြစ်စေရေးအတွက် ယဉ်စည်းကမ်း၊ လမ်းစည်းကမ်း ရှောင်တခင်စစ်ဆေးမှုများကို မြို့မရဲစခန်းက မတ် ၈ ရက် ညပိုင်းက ဆောင်ရွက်ခဲ့သည်။

ထန်းတပင်မြို့မရဲစခန်းမှူး ဒုရဲမှူးဝင်းတင်နှင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ အမှတ် ၂ ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးသောင်းလွင်နှင့် အဖွဲ့ဝင်များပူးပေါင်း၍ ယာဉ် စည်းကမ်း၊ လမ်းစည်းကမ်း ရှောင်တခင်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး စည်းကမ်းမလိုက်နာဘဲ မောင်းနှင်နေသည့် ဆိုင်ကယ်မောင်းသူများအား စည်းကမ်းတကျမောင်းနှင်စေရန် အသိပညာပေးမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ပြန်/ဆက်)**

# မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းအစည်းအဝေး ကျင်းပမည်

**ရန်ကုန် မတ် ၁၀**

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(MANA)သည် ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ အကျုံးဝင်သော (၁၉)ကြိမ်မြောက် နှစ်ပတ်လည် ဗဟိုကော်မတီအစည်းအဝေးကို မတ်လ ၂၀ ရက်နှင့် ၂၂ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်ရှိ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက် အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အစည်းအဝေးသို့ ဗဟိုအလုပ်အမှုဆောင်များနှင့် ဗဟိုကော်မတီဝင်များဖြစ်ကြသည့် တိုင်းဒေသကြီး၊ ပြည်နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌများကိုယ်တိုင် အချိန်မီ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အကြောင်းအမျိုးမျိုးကြောင့် မအားလပ်ပါက ကိုယ်စားတစ်ဦး စေလွှတ်ရန်တို့ကို အသိပေး အကြောင်းကြားထားပြီး နယ်ဝေးမှ တက်ရောက်လာကြသူများအတွက် ခရီးစရိတ်နှင့် နေထိုင်စားသောက်စရိတ်ကို MANA(ဗဟို)မှ စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**မောင်ရွှေဝင်း(ပြည်)**

# မဲခေါင်မြစ်ဝှမ်းက ရောင်နီတစ်စ

ခင်ရတနာ



လန်ချန်း-မဲခေါင်မြစ်အား မြင်တွေ့ရစဉ်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် စတင်မြစ်ဖျားခံ၍ စီးဆင်းလာခဲ့သည့် လန်ချန်းမြစ်သည် အလွန်ပင်သာယာလှပသည့် မြစ်တစ်စင်း ဖြစ်သည်။ ယင်းမြစ်သည်လန်ချန်းမှတစ်ဆင့် မဲခေါင်မြစ်အဖြစ် အမည်နာမတွင်ကာ အခြားအခြားသော နိုင်ငံများနှင့်လည်း သက်ဆိုင်သည့် မြစ်တစ်စင်းဖြစ်သည်။ မြန်မာနိုင်ငံ၊ လာအိုနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံများသည် မဲခေါင်မြစ်နှင့် မဲခေါင်မြစ်ဝှမ်းတို့ကို ထိစပ်ထားသည်။ မြန်မာနိုင်ငံအနေဖြင့်မူ မဲခေါင်မြစ်သည်နယ်နိမိတ်မျဉ်းတစ်ခုလည်းဖြစ်ပြီး နယ်စပ်မှ မြန်မာနိုင်ငံဖွား တိုင်းရင်းသားတို့၏ အိမ်အပြန်လွမ်းမောစရာများ၊ မျှော်လင့်ချက်အိပ်မက်များကို နေ့စဉ်ထိတွေ့နေရသည့် မြစ်တစ်စင်းလည်း ဖြစ်သည်။

ရှည်လျားလွန်းလှသည့် မဲခေါင်မြစ်နှင့် မဲခေါင်မြစ်ဝှမ်းဒေသများအတွင်း နေထိုင်ကြသူများ အားလုံးသည် မဲခေါင်မြစ်နှင့် ပတ်ဝန်းကျင်ဒေသများ သန့်ရှင်းသာယာလှပရေး၊ သဘာဝဂေဟစနစ်များ မပျောက်ရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ရေအရင်းအမြစ်များ မဆုံးရှုံးစေရေး၊ ရေညစ်ညမ်းမှုမှ ကာကွယ်ရေးတို့ကို အတူတကွပေါင်းစည်းဆောင်ရွက်ကြရေးသည် အလွန်အရေးကြီးသည်။

"နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေး၊ လူနေမှုဘဝ မြင့်မားတိုးတက်ရေးနဲ့ စက်မှုလက်မှု၊ နည်းပညာတွေဖွံ့ဖြိုးတိုးတက်မှု အားလုံးရဲ့အရင်းအမြစ်ဟာ သဘာဝပတ်ဝန်းကျင်အပေါ်မှာ အခြေတည်နေတယ်လို့ ကျွန်မထင်ပါတယ်၊ သဘာဝပတ်ဝန်းကျင်ဟာ ဂေဟစနစ်တွေ ပျက်စီးမှု နည်းနိုင်သမျှနည်းလေလေ ကျန်းမာသန်စွမ်းပြီး ပိုကောင်းတဲ့အနာဂတ်ကို ဖန်တီးနိုင်လေလေပါ"ဟု လန်ချန်း- မဲခေါင်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုစင်တာမှ ဒုတိယတာဝန်ခံအရာရှိ မစ္စကျန်းရှင်းဝမ်က ပြောကြားသည်။

လန်ချန်း- မဲခေါင်မြစ်ဝှမ်းဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ်က ၂၀၁၇ ခုနှစ်အတွင်း မဲခေါင် (လန်ချန်း)မြစ်ဝှမ်းဒေသနိုင်ငံများဖြစ်သော မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ နိုင်ငံ့အကြီးအကဲများနှင့် ညှိနှိုင်း၍ ခြောက်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ပိုမိုလုပ်ဆောင်ကြရန် ဆွေးနွေးတိုင်ပင်ခဲ့သည်။




လန်ချန်း-မဲခေါင်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးစင်တာ စတင်ဖွင့်လှစ်ခြင်းအခမ်းအနားမြင်ကွင်း

၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် နိုင်ငံပေါင်းခြောက်နိုင်ငံတို့မှ သဘောတူညီမှုဖြင့် လန်ချန်း- မဲခေါင်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုစင်တာကို တရုတ်နိုင်ငံပေကျင်းမြို့တွင် အခြေစိုက်၍ စတင်ဖွင့်လှစ်နိုင်ခဲ့ကြောင်း သိရသည်။ အဆိုပါစင်တာသည် လွန်ခဲ့သည့်ရှစ်နှစ်အတွင်းကာလကပင် စတင်ဖွင့်လှစ်ထားခဲ့သည့် အာဆီယံသဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဌာနနှင့် ချိတ်ဆက်၍ ဒေသတွင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်မှုဆိုင်ရာ တက်ကြွလှုပ်ရှားမှုများကိုလေ့လာခြင်း၊ အဆိုပါဌာန၏ လုပ်ငန်းဆောင်တာများနှင့် မူဝါဒသဘောတရားများ လေ့လာခြင်းတို့ကိုလေ့လာခဲ့ပြီး ပိုမိုကောင်းမွန်သည့်သဘာဝပတ်ဝန်းကျင်ဖန်တီးနိုင်ရေးအတွက် ခြေလှမ်းသစ်များ စတင်နိုင်တော့မည်ဖြစ်သည်။

"အာဆီယံသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနကလည်း အများကြီးအကူအညီပေးပါတယ်၊ မဲခေါင်မြစ်ဝှမ်းနိုင်ငံတွေဟာလည်း တစ်နည်းပြောရရင် အာဆီယံနိုင်ငံတွေဖြစ်တာကြောင့် ပိုပြီး ပူးပေါင်းဆောင်ရွက်နိုင်မှာပါ၊ အခုထက်ပိုပြီးတော့လည်း တိကျတဲ့မူဝါဒတွေ၊ ရည်ရွယ်ချက်တွေနဲ့ လန်ချန်း-မဲခေါင်မြစ်ဝှမ်းဒေသဂေဟစနစ်တွေ မပျက်စီးအောင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်မှုပိုမိုရရှိအောင် ဆောင်ရွက်မယ်"ဟု မစ္စကျန်းရှင်းဝမ်ကပြောပြသည်။



မစ္စကျန်းရှင်းဝမ်

လန်ချန်း-မဲခေါင်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုစင်တာမှလက်ရှိတွင် ရေညစ်ညမ်းမှုလုပ်ငန်းများအတွက် ပြန်လည်ကုစားမှုများ၊ ထိန်းသိမ်းစောင့်ရှောက်မှုများ၊ လုပ်ငန်းစီမံချက်များနှင့် သင်တန်းများ၊ အကြံဉာဏ်များကို ပေးအပ်လျက်ရှိသည်။ အထူးသဖြင့် လန်ချန်း-မဲခေါင်မြစ်ဝှမ်းဒေသတွင် နေထိုင်ကြသူအများစုမှာ စိုက်ပျိုးရေးကိုအဓိက လုပ်ကိုင်နေသူများဖြစ်ခြင်းကြောင့် ယင်းဒေသရှိတောင်သူလယ်သမားများအား ပညာပေးအစီအစဉ်များ စတင်လုပ်ဆောင်နေကြောင်း သိရသည်။

"ကျွန်မတို့စင်တာကဖွင့်ပြီး လုပ်ငန်းလည်ပတ်တာက အရှိန်မရသေးပါဘူး၊ ဒါပေမယ့် လက်ရှိလုပ်နိုင်သလောက်ဆောင်ရွက်လျက်ရှိပါတယ်၊ မကြာခင်မှာ မဲခေါင်မြစ်ဝှမ်းဒေသနိုင်ငံအသီးသီးက တာဝန်ရှိသူတွေနဲ့တွေ့ဆုံပြီး စီမံချက်တွေကို အသေးစိတ်ရေးဆွဲပြီး ဆောင်ရွက်ပေးဖို့ရှိပါတယ်၊ ဒီလိုတိကျတဲ့ မူဝါဒတွေ၊ စီမံချက်တွေရလာမှသာ ဆောင်ရွက်မယ့်အပိုင်းတွေ ပိုပြီးမြန်မြန်ဆန်ဆန်ဆောင်ရွက်ရမယ်"ဟု လန်ချန်း-မဲခေါင်သဘာဝဖွံ့ဖြိုးတိုးတက်မှုနှင့် ထိန်းသိမ်းကာကွယ်မှု ဆောင်ရွက်ပေးနေသူတစ်ဦးက ဆိုသည်။

လက်ရှိတွင် စင်တာ၏ စီစဉ်မှုဖြင့် ကွမ်မီရှီးတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးစင်တာခွဲကို ဖွင့်လှစ်ထားပြီး လန်ချန်းမြစ်ဝှမ်းရှိ ပြည်သူများအား သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်မှုလုပ်ငန်းများကို ပညာပေးလျက်ရှိသည်။ ထို့ပြင် လန်ချန်း-မဲခေါင်မြစ်ဝှမ်းနိုင်ငံခြောက်နိုင်ငံမှမည်သူမဆို ဂေဟစနစ်နှင့် သက်ဆိုင်သည့် အကြောင်းအရာအချက်အလက်များ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာပြဿနာများ၊ ဖြေရှင်းမှုများနှင့် သိရှိဆွေးနွေးလိုသည်များကို နိုင်ငံချင်း၊ မြို့ချင်း တိုက်ရိုက်ဆက်သွယ်ကာ မေးမြန်းနိုင်ရန်လည်း ၎င်းတို့၏ဝက်ဘ်ဆိုက်ဖြစ်သည့် www.lmec. org. cn သို့ ဝင်ရောက်မေးမြန်းနိုင်ရန်လည်း စီစဉ်ပေးထားသည်ကို မြင်တွေ့ရသည်။

ထို့အပြင် နိုင်ငံခြောက်နိုင်ငံမှ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်များနှင့် ချိတ်ဆက်၍ ပြည်သူများ၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်မှုဆိုင်ရာ စွမ်းရည်မြှင့်သင်တန်းများ၊ ရေအရင်းအမြစ်ထိန်းသိမ်းရေးဆိုင်ရာပညာပေးမှုများကို လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

> **"မဲခေါင်မြစ်ဝှမ်းဒေသများအတွင်း နေထိုင်ကြသူများအားလုံးသည် မဲခေါင်မြစ်နှင့် ပတ်ဝန်းကျင်ဒေသများ သန့်ရှင်းသာယာလှပရေး၊ သဘာဝဂေဟစနစ်များမပပျောက်ရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ရေအရင်းအမြစ်များ မဆုံးရှုံးစေရေး၊ ရေညစ်ညမ်းမှုမှ ကာကွယ်ရေးတို့ကို အတူတကွပေါင်းစည်းဆောင်ရွက်ကြရေးသည် အလွန်အရေးကြီး"**

"နိုင်ငံခြောက်နိုင်ငံစလုံးက ပူးပေါင်းပါဝင်ပေးကြဖို့ လိုအပ်ပါတယ်၊ ကျွန်မတို့အနေနဲ့ နိုင်ငံခြောက်နိုင်ငံစလုံးက အစိုးရအဖွဲ့တွေနဲ့တော့ ချိတ်ဆက်မှုရရှိထားပါတယ်၊ ဒါပေမယ့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်တဲ့ လုပ်ငန်းဟာ အစိုးရချင်းသဘောတူထားရုံနဲ့ မရဘဲ ပြည်သူတွေအကုန်လုံး ပူးပေါင်းဆောင်ရွက်ကြမှသာ အောင်မြင်မှာဖြစ်ပါတယ်၊ လာမယ့် မတ် ၂၁ ရက်မှာ ယူနန်ပြည်နယ်ကိုသွားရောက်ပြီး ခြောက်နိုင်ငံပါဝင်တဲ့ လန်ချန်း-မဲခေါင်မြစ်ဝှမ်းဒေသက ပညာရှင်တွေနဲ့ သက်ဆိုင်ရာအစိုးရ တာဝန်ရှိသူတွေအကြား တွေ့ဆုံညှိနှိုင်းမှုတွေ လုပ်ဖို့ရှိပါတယ်"ဟုမစ္စကျန်းရှင်းဝမ်က ပြောကြားသည်။

လန်ချန်း-မဲခေါင်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုစင်တာ မြန်မာနိုင်ငံသည်လည်း ဖွံ့ဖြိုးတိုးတက်ရန် စိုးပြင်းနေသည့် နိုင်ငံတစ်ခုဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ပတ်ဝန်းကျင်မထိခိုက်၊ မဆုံးရှုံးရေးကိုလည်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်နေကြသူများက ဆောင်ရွက်နေခြင်းကိုလည်း သိရှိကြောင်း၊ ယင်းတို့စင်တာအား မြန်မာနိုင်ငံအတွင်းရှိ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်သူများ အားလုံး ပူးပေါင်းပါဝင်ရန် ဖိတ်ခေါ်ထားကြောင်း၊ သဘာဝပတ်ဝန်းကျင်နှင့် ပတ်သက်၍ဖြစ်စေလိုသည့် အကြံပြုချက်များ၊ တောင်းဆိုချက်များကိုလည်း ပေးအပ်ရန် ဖိတ်ခေါ်ထားကြောင်း သိရသည်။

မြန်မာနိုင်ငံမှလည်း မိမိတို့ဒေသအတွင်းဂေဟစနစ်၊ သဘာဝပတ်ဝန်းကျင်များနှင့် ပတ်သက်၍သင်တန်းများ ရယူလိုခြင်း၊ အကြံဉာဏ်များ ရယူလိုခြင်းနှင့် အခြားလိုအပ်ချက်များရှိပါက စီမံချက်မန်နေဂျာ၏ အီးမေးလ်လိပ်စာ zhu.xinxin@chinaaseanv.org သို့ ဆက်သွယ်နိုင်ပြီး ၎င်းတို့၏ ဝက်ဘ်ဆိုက်မှလည်း ဆက်သွယ်နိုင်ကြောင်း သိရသည်။ ။

---

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် မင်္ဂလာရပ်ကွက်ကင်းရုံး၌ မတ် ၇ ရက်က ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ပြည်သူများအား မြို့မစခန်းမှူး ဒုတိယရဲမှူးသန်းဦးက သက်ငယ်မုဒိမ်းမှုပပျောက်စေရေးနှင့် မူခင်းကျဆင်းရေး ဟောပြောဆွေးနွေးစဉ်။

ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)




သထုံခရိုင်ရဲတပ်ဖွဲ့မှူး၏ စီစဉ်ညွှန်ကြားမှုဖြင့် ဘီးလင်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး စိုးမြင့်ကြီးကြပ်၍ ရဲတပ်ဖွဲ့ဝင်များသည်မတ်လပထမပတ်က ညောင်လေးပင်ကျေးရွာ ဘောလုံးကွင်း၌ မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် မှုခင်းကျဆင်းရေး ဟောပြောဆောင်ရွက်စဉ်။

ကိုရဲ



# ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၈ ခုနှစ်၊ မတ်လ (၆) နေ့တွင် နေပြည်တော်ရှိ သမ္မတအိမ်တော်တွင်ကျင်းပသော
ပြည်ထောင်စုသမ္မတနိုင်ငံတော်၊ နိုင်ငံတော်အစိုးရသစ်လက်ထက်ပထမဆုံးအကြိမ်ချီးမြှင့်သည့်
နိုင်ငံတော်သမ္မတဂုဏ်ထူးဆောင်ဆု ချီးမြှင့်ခြင်းအခမ်းအနားတွင်
မြန်မာတစ်နိုင်ငံလုံးတွင် ပထမနေရာမှ (၆) နှစ်ဆက် ဝင်ငွေခွန်အများဆုံးထမ်းဆောင်ခဲ့ခြင်းကြောင့်
နိုင်ငံတော် သမ္မတ ဦးထင်ကျော်မှ ချီးမြှင့်ခဲ့သည့်

**နိုင်ငံတော်သမ္မတ၏ဂုဏ်ထူးဆောင်ဆု** ကို

ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း

နှင့်

၂၀၁၆ - ၂၀၁၇ စည်းကြပ်နှစ်အတွက် မြန်မာတစ်နိုင်ငံလုံးတွင်
(၉) ယောက်မြောက် **ဝင်ငွေခွန်အများဆုံးထမ်းဆောင်သူ** အဖြစ်
နိုင်ငံတော် သမ္မတ ဦးထင်ကျော်မှ ဂုဏ်ပြုမှတ်တမ်း ချီးမြှင့်ခံခဲ့ရသော

**Jing Hpaw Aung Jade & Jewellery Co., Ltd** ၏

အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်နန်းလိုင်းခမ်း

တို့အတွက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ...

ဦးစောငြိမ်း၊ ဦးလှမျိုး၊ ဦးမင်းသန့်
အောင်မြင်သူကုမ္ပဏီများအုပ်စု

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ Japan ODA Loan မှကျခံပြီး Water Level Gauge & Accessories(1)Lot, (45)Items များအား နိုင်ငံခြားငွေ (USD)ဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန်ဖိတ်ခေါ်အပ်ပါသည်။

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၂-၃-၂၀၁၈ရက်မှ ၉-၄-၂၀၁၈ရက် (ရုံးချိန်အတွင်း)
(ခ) **တင်ဒါတင်သွင်းရမည့်ရက်/အချိန်** - ၉-၄-၂၀၁၈ရက် မွန်းတည့် ၁၂:၀၀နာရီ
(ဂ) **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၉-၄-၂၀၁၈ရက် မွန်းလွဲ ၁၃:၀၀နာရီ
(ဃ) **အိတ်ဖွင့်တင်ဒါဝယ်ယူ/ တင်သွင်းရမည့်နေရာ** - ရုံးအမှတ်(၄၃)၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်

၂။ သတ်မှတ်ရက်ထက်ကျော်လွန်တင်သွင်းသည့်လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်သိရှိလိုပါက ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရုံးချုပ်)၊ ဒုတိယညွှန်ကြားရေးမှူး၊ ဖြည့်တင်းရေးဌာနခွဲ(၁) နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၃၁၆ သို့ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး/ပြည်နယ်များအတွင်း ဆောင်ရွက်မည့်လုပ်ငန်းများအတွက် အောက်ပါပစ္စည်းများအား မြန်မာကျပ်ငွေ (Kyat)ဖြင့် ဝယ်ယူလိုပါသည်-

(က) ၆၆ကေဗွီ၊ ၃၃ကေဗွီ၊ ၀.၄ကေဗွီ ဓာတ်အားလိုင်းနှင့် ၆၆ကေဗွီ၊ ၃၃ကေဗွီ ဓာတ်အားခွဲရုံများ တိုးချဲ့တည်ဆောက်ခြင်းနှင့် အင်အားတိုးမြှင့်တည်ဆောက်ခြင်း လုပ်ငန်းများအတွက် ကွန်ကရစ်တိုင်၊ ဓာတ်အားလိုင်း၊ ဓာတ်အားခွဲရုံဆက်စပ်ပစ္စည်းများ ဝယ်ယူရန်
(ခ) 3Ø4 Wire, CT Opreated Static Watt-hour မီတာများနှင့် Energy Meter Box with Ring CT များ ဝယ်ယူရန်

**တင်ဒါပိတ်မည့်ရက်** - ၁၀-၄-၂၀၁၈
**တင်ဒါပိတ်မည့်အချိန်** - ၁၂:၀၀နာရီ

တင်ဒါပုံစံနှင့် အချက်အလက်များကို Web Portal (www.moee.gov.mm)၌ အသေးစိတ်ကြည့်ရှု၍ Download ဆွဲယူနိုင်ပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊**
**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၈၁၀၄၂၄၄၊ ၀၆၇-၈၁၀၄၂၄၅၊ Fax-၀၆၇-၈၁၀၄၂၄၆**

## အယူခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ အကြောင်းကြားစာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်**
**၂၀၁၇ ခုနှစ် တရားမအယူခံမှုအမှတ်-၄၁**

| | | |
|---|---|---|
| ဒေါ်မြင့်မြင့်သန်း | **နှင့်** | ၁။ ဦးအောင်ကြီး<br>၂။ ဒေါ်ချိုနွယ်သန်း (၄င်း၏အခွင့်ရကိုယ်စားလှယ် ဦးခင်မောင်ဝင်း) |
| **အယူခံတရားလို** | | **အယူခံတရားပြိုင်များ** |

၂၀၁၇ ခုနှစ် ဩဂုတ် ၂၅ ရက်စွဲပါ ဗဟန်းမြို့နယ်တရားရုံးတော်မှ တရားမအထွေထွေမှုအမှတ် ၁/၂၀၁၄၏ အမိန့်နှင့်ထုံးပုံကျအပြီးသတ် အမိန့်ကိုအယူခံမှု။

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးအနောက်ရပ်ကွက်၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ အမှတ်(၃)နေ အယူခံတရားပြိုင် (၁) ဦးအောင်ကြီး (ယခုလိပ်စာမသိ) သိစေရမည်။

ယခုအမှုတွင် ဗဟန်းမြို့နယ်တရားရုံးတော်က ချပေးသည့် ဒီကရီကို အယူခံတရားလိုက အယူခံရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၁၈ခုနှစ် မတ် ၂၃ရက် (၁၃၇၉ခုနှစ် တန်ခူးလဆန်း၇ရက်)တွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက်ဆောင်ရွက်ရန် ဥပဒေအရခွင့်ပြုထားသူ ကိုယ်စားလှယ် ဖြစ်စေ၊ မလာရောက်ခဲ့လျှင် ၄င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ် စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်ကအယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့်-၄၁၊ နည်းဥပဒေ-၂၂အရ ကန့်ကွက်လိုလျှင် အမိန့်-၄၁၊ နည်းဥပဒေ-၂၂အရ ချိန်းထားသည့်အချိန်အတွင်း သင်ကကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြား အစီရင်ခံစာ တင်သွင်းရမည်။

၂၀၁၈ခုနှစ် ဖေဖော်ဝါရီ ၂၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ချိုချိုမာ)**
**တွဲဖက်ခရိုင်တရားသူကြီး (၁)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ပဲခူးမြို့ မြို့နယ်တရားသူကြီးရုံး**
**၂၀၁၈ခုနှစ် တရားမကြီးမှုအမှတ်-၆၁**

| | | |
|---|---|---|
| ဦးစိုးမြင့် | **နှင့်** | ၁။ ဒေါ်ကျင်<br>၂။ ဦးကာလူး<br>၃။ ဦးကုလား<br>၄။ ဦးစေတူး<br>၅။ ဦးစွပ္ပရားပါလေး (ယခုနေရပ်လိပ်စာမသိ) |
| **တရားလို** | | **တရားပြိုင်များ** |

ပဲခူးမြို့၊ ဟံသာဝတီရပ်ကွက်၊ အောင်မြေသာ ၂လမ်း၊ အမှတ်(၃၅၄) နေ တရားပြိုင်များဖြစ်သည့် (ယခုနေရပ်လိပ်စာမသိ)(၁) ဒေါ်ကျင်၊ (၂) ဦးကာလူး၊ (၃) ဦးကုလား၊ (၄) ဦးစေတူး၊ (၅) ဦးစွပ္ပရားပါလေး တို့သိစေရမည်။

သင့်အပေါ် တရားလိုက တရားလိုလက်ရှိထားနေထိုင်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုကိုလျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင် ဖြစ်စေ၊သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်းသည့် အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦး တစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ ၂၀၁၇ခုနှစ် မတ် ၁၅ ရက် (၁၃၇၉ခုနှစ် တပေါင်းလပြည့်ကျော် ၁၄ရက်) နံနက် ၁၀နာရီတွင် အထက်ကအမည် ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကိုထုချေရှင်းလင်းရန် ဤရုံးတော်သို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုကကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စိုးမင်း)**
**မြို့နယ်တရားသူကြီး**
**ပဲခူးမြို့နယ်တရားရုံး**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သဃ်္ဃန်းကျွန်းပြည်သူ့ဆေးရုံကြီးတွင် (၂၀၁၇-၂၀၁၈)ဘဏ္ဍာရေးနှစ် နိုင်ငံတော်ခွင့်ပြုရန်ပုံငွေဖြင့် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်လိုပါသဖြင့် မြန်မာနိုင်ငံသားများပိုင် တရားဝင်အသိအမှတ်ပြု(လိုင်စင်ရကုမ္ပဏီ)များထံမှ အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် တင်ဒါခေါ်ယူအပ်ပါသည်။

(က) ခွဲစိတ်ခန်းအတွက် Air Compressor စက်တပ်ဆင်ရန် လျှပ်စစ်သွယ်တန်းခြင်း၊ Wall Outlet Point တပ်ဆင်ခြင်းနှင့် Copper Pipe Line သွယ်တန်းခြင်းလုပ်ငန်း
(ခ) ခြောက်ထပ်ဆေးကုသဆောင်သစ်တွင် Oxygen Pipe Line သွယ်တန်းခြင်းလုပ်ငန်း

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၅-၃-၂၀၁၈
**တင်ဒါပိတ်မည့်ရက်** - ၁၉-၃-၂၀၁၈ရက် ညနေ ၄:၀၀

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် အသေးစိတ်ကိုသိရှိလိုပါက ဆေးရုံအုပ်ကြီးရုံးခန်းသို့ ရုံးချိန်အတွင်း လာရောက်ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါလုပ်ငန်းကော်မတီ**
**သဃ်္ဃန်းကျွန်းပြည်သူ့ဆေးရုံကြီး**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း တင်ဒါအမှတ်စဉ်(၁/၂၀၁၈)

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်အတွင်းရှိ လမ်းဦးစီးဌာန၊ ခရိုင်နှင့် အထူးအဖွဲ့များမှ ၂၀၁၈ခုနှစ် (ဧပြီလမှစက်တင်ဘာလအထိ) ပထမ(၆)လ ရန်ပုံငွေဖြင့် လမ်း-တံတားလုပ်ငန်းများဆောင်ရွက်ရန်လိုအပ်သည့် လုပ်ငန်းသုံးပစ္စည်းများကို သက်ဆိုင်ရာလမ်းပိုင်းအလိုက် လုပ်ငန်းခွင်အရောက် (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသည်။

**တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်** - ၂၄-၃-၂၀၁၈ရက်မှ ၆-၄-၂၀၁၈ရက်အထိ
**တင်ဒါပုံစံ အရောင်းပိတ်မည့်ရက်/အချိန်** - နံနက် ၉:၀၀နာရီမှ ၁၆:၀၀နာရီ (ရုံးချိန်အတွင်း)
**တင်ဒါလျှောက်လွှာနောက်ဆုံး တင်ရမည့်ရက်/အချိန်** - ၉-၄-၂၀၁၈ရက် မွန်းတည့် ၁၂:၀၀နာရီ
**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၁၁-၄-၂၀၁၈ရက် နံနက်၁၀:၀၀နာရီ
**တင်ဒါဖွင့်မည့်နေရာ** - ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ လွိုင်လင်မြို့

တင်ဒါလျှောက်လွှာပုံစံများကို လွိုင်လင်ခရိုင်၊ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံးတွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-၀၈၁-၃၁၀၀၂၀**

## ပြင်ဆင်မှုကို ဆိုင်ရန်ချိန်းဆိုသည့်ရက်ကို ပြင်ဆင်မှုလျှောက်ထားခံရသူသို့ကြားသိစေသည့် အကြောင်းကြားစာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)**
**မော်လမြိုင်ခရိုင်တရားရုံး**
**၂၀၁၈ခုနှစ် တရားမပြင်ဆင်မှုအမှတ်-၄**

| | | |
|---|---|---|
| ၁။ ဒေါ်စန်းစန်း<br>၂။ ဦးမာမက်ဂျင်မီ | **နှင့်** | ၁။ ဦးမြင့်ဆွေ(ဥက္ကဋ္ဌ)<br>၂။ ဦးမြင့်ဖေ(အတွင်းရေးမှူး)<br>၃။ ဦးမောင်မောင်ထွေး (ဘဏ္ဍာရေးမှူး) ကုလားတန်းစွန္နီဂျာမေဗလီ ဂေါပကအဖွဲ့<br>၄။ ဦးမန်စူး (ကွယ်လွန်သူ ဒေါ်အေးကြည်၏ တရားဝင်ကိုယ်စားလှယ်)<br>၅။ ဦးစန်းကို |
| **ပြင်ဆင်မှုလျှောက်ထားသူများ** | | **ပြင်ဆင်မှုလျှောက်ထားခံရသူများ** |

၂၀၁၇ခုနှစ် ဒီဇင်ဘာ ၆ရက်စွဲပါ မော်လမြိုင်မြို့နယ်တရားရုံး၏ ၂၀၁၄ခုနှစ် တရားမဇာရီမှုအမှတ် ၂ ၏အမိန့်ကိုပြင်ဆင်မှု

အထက်အမည်ပါအမှုမှ ပြင်ဆင်မှုလျှောက်ထားခံရသူအမှတ်(၅) ဦးစန်းကို၊ အမှတ် ၁၆၊ ဗဟိုလမ်း၊ ရွှေတောင်ရပ်ကွက်၊ မော်လမြိုင်မြို့(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

ယခုအမှုတွင် မော်လမြိုင်မြို့နယ်တရားရုံးတော်မှချမှတ်သည့်အမိန့်ကို ပြင်ဆင်မှုလျှောက်ထားသူများမှ တရားမပြင်ဆင်မှုတင်သွင်းရာဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်းပြီး၍ ဤတရားမပြင်ဆင်မှုအား ၂၀၁၈ခုနှစ် မတ် ၂၈ရက် (၁၃၇၉ခုနှစ် တန်ခူးလဆန်း ၁၂ရက်) တွင်ဆိုင်ရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။

သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤပြင်ဆင်မှုတွင် သင့်အတွက်ဆောင်ရွက်ရန်တရားဥပဒေအရ ခွင့်ပြုထားသူကိုယ်စားလှယ်ဖြစ်စေ ဤရုံးသို့မလာ မရောက်ရှိခဲ့လျှင် ၄င်းတရားမပြင်ဆင်မှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။ ထို့အပြင် သင်ကဤအမှုတွင် ကန့်ကွက်လိုလျှင် ချိန်းဆိုထားသည့်အချိန်အတွင်း ဤကဲ့သို့သင်ကကန့်ကွက်လိုကြောင်း ဤရုံးတော်၌ အကြောင်းကြား အစီရင်ခံစာတင်သွင်းရမည်။

၂၀၁၈ခုနှစ် မတ် ၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျော်စိုးညွန့်)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**မော်လမြိုင်ခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ရေစကြိုမြို့နယ်တရားရုံးတော်**
**၂၀၁၈ခုနှစ် တရားမကြီးမှုအမှတ်-၁၅**

| | | |
|---|---|---|
| ချစ်ဦးကိုကို(ခ)မင်းကိုနိုင် | **နှင့်** | မသင်းသင်းစိန် |
| **တရားလို** | | **တရားပြိုင်** |

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ အောက်အိုကျေးရွာနေ (ဘ) ဦးချစ်ဝင်း၏သမီး မသင်းသင်းစိန် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ချစ်ဦးကိုကို(ခ)မင်းကိုနိုင်က လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှုလျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော် အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၈ ခုနှစ် ဧပြီ၅ရက် (၁၃၇၉ခုနှစ် တန်ခူးလပြည့်ကျော် ၅ ရက်) နံနက် ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ သည် တရားလို၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးသို့လာရောက်ရမည်။၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ခုနှစ် မတ်လ ၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ထက်ယုယုအောင်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ရေစကြိုမြို့နယ်တရားရုံး**

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် ဆိုင်ခန်းမှတ်ပုံတင်ခနှင့် ဆိုင်ခန်းငှားရမ်းခများပေးဆောင်ရန်ကြေညာခြင်း

၁။ မူဆယ်မြို့နယ် စည်ပင်သာယာရေးဌာနပိုင် အမှတ်(၂)ဈေးအတွင်းရှိ အောက်ဖော်ပြပါ ဆိုင်ခန်းများမှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် ဆိုင်ခန်းမှတ်ပုံတင်ခနှင့် ဆိုင်ခန်းငှားရမ်းခများပေးဆောင်ရန် အကြောင်းကြားထားသော်လည်း လာရောက်ပေးဆောင်ခြင်းမရှိသည့်အတွက် ဌာနသို့ ၁၄-၃-၂၀၁၈ရက် နောက်ဆုံးထားပေးဆောင်ရန်နှင့် ပျက်ကွက်ပါက ဈေးစည်းကမ်း (Bye-Laws)အရလည်းကောင်း၊ ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေအရလည်းကောင်း၊ အခွန်ပေးဆောင်ခြင်းမရှိသည့် ဆိုင်ခန်းများအား ဌာနပိုင် ဆိုင်ခန်းလွတ်အဖြစ် သတ်မှတ်သည်အထိ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်-

| စဉ် | ဈေးရုံ နံပါတ် | ဆိုင်ခန်း နံပါတ် | ဆိုင်ခန်းရှင် အမည် | ဆိုင်ခန်း မှတ်ပုံတင်ခ | ဆိုင်ခန်း ငှားရမ်းခ |
|---|---|---|---|---|---|
| (က) | C | C-2 | ဒေါ်နှမ်းစိန် | ၂၀၀၀/- | ၂၄၀၀၀/- |
| (ခ) | C | C-3 | ဒေါ်မြသိန်း | ၂၀၀၀/- | ၂၄၀၀၀/- |
| (ဂ) | C | C-30 | ဒေါ်ချောမေ | ၂၀၀၀/- | ၂၄၀၀၀/- |
| (ဃ) | E | E-121 | ဒေါ်သောင်းကြည် | ၁၅၀၀/- | ၁၈၀၀၀/- |
| (င) | E | E-122 | ဒေါ်သောင်းကြည် | ၁၅၀၀/- | ၁၈၀၀၀/- |
| (စ) | E | E-226 | ဒေါ်သီတာအေး | ၁၅၀၀/- | ၁၈၀၀၀/- |
| (ဆ) | E | E-227 | ဒေါ်သီတာအေး | ၁၅၀၀/- | ၁၈၀၀၀/- |
| (ဇ) | E | E-259 | ဒေါ်အေးလှ | ၁၅၀၀/- | ၁၈၀၀၀/- |
| (ဈ) | E | E-308 | ဒေါ်အေးလှိုင် | ၁၅၀၀/- | ၁၈၀၀၀/- |

**ဆက်သွယ်ရန် ဖုန်း-၀၈၂၅၀၄၇၇/၀၈၂၅၀၅၀၉**
**မူဆယ်မြို့နယ်စည်ပင်သာယာရေးကော်မတီ**

## ရောင်းရန်ကြော်ငြာစာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)**
**မော်လမြိုင်ခရိုင်တရားရုံးတော်**
**၂၀၁၇ ခုနှစ် ဇာရီမှုအမှတ် ၂၆**

| | | |
|---|---|---|
| ဦးတင်ရွှေ ပါ (၃) | **နှင့်** | ဦးတင်မြင့် ပါ(၂) |
| **ဒီကရီအနိုင်ရသူများ** | | **တရားရှုံးများ** |

မော်လမြိုင်ခရိုင်တရားရုံးတော် တရားမကြီးအမှတ် ၈၆/၂၀၁၅ အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသော ပစ္စည်းကို ၂၀၁၈ခုနှစ် မတ် ၃၀ရက် နံနက် ၁၀:၀၀နာရီတွင် ၄င်းပစ္စည်းတည်ရှိရာ အရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း၊ လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**ပစ္စည်းစာရင်း**

မော်လမြိုင်မြို့၊ စစ်ကဲကုန်းရပ်ကွက်၊ အောက်လမ်းမကြီး၊ အမှတ် ၂၇၉ နေအိမ်နှင့် နေအိမ်တည်ရှိရာ အကွက်အမှတ် ၄၉ စစ်ကဲကုန်း၊ ဦးပိုင်အမှတ် ၆/ခ၊ ဧရိယာ ၀ဒသမ၀၀၅ ဧကနှင့် ဦးပိုင်အမှတ် (၇/က)၊ ဧရိယာ ၀ဒသမ ၀၄၅ဧကရှိ မြေကွက်။

**ကြမ်းခင်းဈေး ကျပ်သိန်း ၆၀၀၀။**

**လေလံရောင်းချမည့်စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးကတာဝန်ယူမည်မဟုတ်ပါ။ တရားရှုံး၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိကထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေကျပ်၁၀၀လျှင်၂၅ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည် လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာလေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ ရာခိုင်နှုန်းနေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီ ပေးဆောင်ရမည်။ ၁၅ရက်မြောက်သည့်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်ရက်တွင် အပြေအကျေပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်တွင် ပေးဆောင်ရန်ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၁၈ ခုနှစ် မတ် ၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

**(ကြူကြူဝင်း)**
**ခရိုင်တရားသူကြီး**
**မော်လမြိုင်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ ပေါင်းလောင်း-၂၊ မြေကွက်အမှတ် ၈၉A၊ ဧရိယာ ၀ ဒသမ ၀၅၅ဧကရှိ ဦးအေးသော် အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်သက်ထားဟန် (ဘ)ဦးမြင့်ဟန် ၉/ပမန(နိုင်)၁၄၃၂၇၇မှ ပျဉ်းမနားမြို့ မြို့မြေတိုးချဲ့ရေးကော်မတီသို့ ပေးသွင်းထားသည့် အိမ်ဝိုင်းကွက်တန်ဖိုးငွေသွင်းပြေစာ၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူ ကျမ်းကျိန်လွှာ၊ နှစ်ဦးနှစ်ဖက် သဘောတူကတိဝန်ခံချက်၊ ဝယ်ယူပိုင်ဆိုင်ကြောင်းကိုယ်တိုင်ကတိပြုလွှာ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စု လူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများ တင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၄/ရွှေကြာပင်၊ မြေကွက်အမှတ် ၂၂၃၀၊ ဧရိယာ ၀ဒသမ ၀၈၂ ဧက၊ မြေကွက်တည်နေရာအမှတ် ၂၂၃၀၊ ရွှေကြာပင်ရပ်ကွက်၊ ဇမ္ဗူသီရိမြို့ရှိ ဦးအောင်လင်းဌေး အမည်ပေါက် ပါမစ်မြေအား မနန္ဒာထွန်း ၁၃/မဆန(နိုင်) ၀၂၃၉၂မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ တရားရုံးကျမ်းကျိန်လွှာ၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုစာရင်းမူရင်းများတင်ပြ၍ မြေငှားစာချုပ်သစ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံး လုပ်နည်းနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်မြို့၊ ပဲခူးလမ်းရပ်ကွက်၊ အမှတ် ၂၃ နေ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ရင်ရင်(ခ)ဒေါ်ညွန့်ရင်(ဘ)ဦးဘိုးဆော့ ၁၂/မဂဒ(နိုင်)၀၄၁၀၇၃၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

မင်္ဂလာဒုံမြို့နယ် တရားရုံးတော်၌ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်မြို့၊ မြေတိုင်းရပ်ကွက် အမှတ် ၅၂၅/ဂ၊ မြေကွက်အမှတ် ၁၃၃၊ ဧရိယာ ၀ ဒသမ ၁၃ ဧကအကျယ်ရှိ မြေကွက်မှ တစ်စိတ်တစ်ပိုင်းဖြစ်သော အကျယ်အဝန်း ၀ ဒသမ ၀၂၅ ဧကခန့်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို တရားမကြီးမှုအမှတ် ၂၈/၂၀၁၆ တွင် ဦးကျော်စွာဦးက ဦးဘိုးဆော့အား ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ရာ ၂၁-၆-၂၀၁၆ ရက်တွင် တစ်ဖက်သတ်စီရင်ချက်နှင့် ဒီကရီချမှတ်ခဲ့ပါသည်။ အဆိုပါစီရင်ချက်နှင့် ဒီကရီမှာ ကွယ်လွန်သူ ဦးဘိုးဆော့၏ အမွေဆက်ခံသူ ကျွန်ုပ်၏မိတ်ဆွေတို့အတွက် များစွာထိခိုက်နစ်နာစေခဲ့ပါသဖြင့် မင်္ဂလာဒုံမြို့နယ်၊ တရားရုံးတော်၌ တရားမကြီးမှု အမှတ် ၁၁၆/၂၀၁၇တွင် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ရင်ရင်(ခ)ဒေါ်ညွန့်ရင်က ကွယ်လွန်သူ ဦးဘိုးဆော့၏ အမွေဆက်ခံသူများ၏ကိုယ်စား ဦးကျော်စွာဦးအပေါ် အဆိုပါစီရင်ချက်နှင့်ဒီကရီအား ပယ်ဖျက်ပေးပါရန် တရားစွဲဆိုခဲ့ရာ တရားရုံးတော်က စစ်ဆေးကြားနာပြီးနောက် မင်္ဂလာဒုံမြို့နယ် တရားရုံးတော်၌ တရားမကြီးမှုအမှတ် ၁၁၆/၂၀၁၇ တွင် ၂၃-၁-၂၀၁၈ရက်တွင် မင်္ဂလာဒုံမြို့နယ်တရားရုံးတော်၌ တရားမကြီးမှုအမှတ် ၂၈/၂၀၁၆ တွင် တစ်ဖက်သတ်စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်လိုက်ပြီး တရားစွဲဆိုသည့်အတိုင်း အနိုင်ဒီကရီချမှတ်လိုက်သည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်ရင်ရင်(ခ)ဒေါ်ညွန့်ရင်** | **ဦးဝင်းမင်းထွန်း LL.B** |
| **၁၂/မဂဒ(နိုင်)၀၄၁၀၇၃** | **အထက်တန်းရှေ့နေ** |
| | **(စဉ်-၄၄၄၉၉)** |
| | **အမှတ် ၆၂၆၊ ၅လမ်း၊ ပြည်တော်သာရပ်ကွက်၊** |
| | **လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး** |

# ရာနှုန်းပြည့် တည်ဆောက်ပြီးစီးသည့်အပြင် လူနေထိုင်ခွင့် (BCC) ကျပြီးဖြစ်၍ အဆင်သင့်တက်ရောက်နေထိုင်နိုင်ပါပြီ



ပေးချေရသည့် ငွေတန်ဖိုးထက်မက ပိုမိုထိုက်တန်စွာ ရရှိနိုင်မည့် အထူးအခွင့်အရေး

တစ်ပေပတ်လည်လျှင် ၉၀၀၀၀ိ/- နှုန်း မှစတင်၍ ရောင်းချပေးနေပါပြီ

# စွယ်တော်စီးတီး အိမ်ရာ

မင်္ဂလာဒုံမြို့နယ်



■ ရန်ကုန်မြို့တော်၏ မြောက်ဖက် အဓိကဝင်ပေါက်၊ အမှတ် (၃) လမ်းမကြီးအနီး ၊အောင်မင်္ဂလာ အဝေးပြေးကားဂိတ်၊သီရိရတနာ လက်လီ လက္ကားဈေး၊ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တို့နှင့် အနီးဆုံးနေရာဖြစ်ပြီး မင်္ဂလာဒုံစက်မှုဇုန် ၊ Royal Mingalardon Golf Resort တို့ တည်ရှိသော မင်္ဂလာဒုံဉယျာဉ်မြို့တော်၏ အလယ် မြေဧက (၃၀) ပေါ်တွင်တည်ဆောက်ထားပြီး တိုက်ခန်းပိုင်ရှင်များ အနေဖြင့်အချိုးကျ မြေပိုင်ဆိုင်မှု ရရှိမည့် စီးပွားရေးအရ အချက်အခြာကျသည့်နေရာရှိ အဆင့်မြင့်စုပေါင်းအိမ်ရာ ဖြစ်ပါသည်။

■ Thai နိုင်ငံ G4 Architects မှ ရေးဆွဲသောဗိသုကာဒီဇိုင်း၊ Pile-Foundation၊ ခေတ်မီ Post-Tensioned စနစ်ဖြင့် 10" Concrete Slab၊ ငလျင်ဒဏ်ခံနိုင်သည့် Shear wall များ ထည့်သွင်း ဆောက်လုပ်ထားသည့် (၈) ထပ် အဆင့်မြင့်ကွန်ဒိုမီနီယံဖြစ်ပြီး အဆောက်အဦတိုင်းတွင် 2500 sq-ft ခန့် ကျယ်ဝန်းသော Lobby ပါရှိသည့်အပြင် Schindler အမျိုးအစား ဓာတ်လှေကား (၄) စီး ၊Security System,CCTV, Fire Protection & Fire Alarm System,Back up Generator System များ ပါဝင်ပြီး အိမ်ရာဝင်း တစ်ခုလုံး အတွင်း Underground Cable များ ကိုသာ အသုံးပြုထားပါသည်။





■ ရေကူးကန်၊ စားသောက်ဆိုင်၊ Fitness Center,SPA, Convenience Store, လူဦးရေ (၃၀၀) ခန့် စုဝေးနိုင်သည့် မြက်ခင်းပြင်ကျယ်နှင့် ခန်းမများ ပါဝင်သော Clubhouse တစ်ခု ထည့်သွင်း တည်ဆောက် ထားပါသည်။



■ (၃) ဧကခန့် အကျယ်အဝန်းရှိ သဘာဝရေကန်ပတ်လည်တွင် လမ်းလျှောက်လေ့ကျင့်ခန်းနှင့် စက်ဘီးစီးခြင်းများ ပြုလုပ်နိုင်သည့်လမ်းများနှင့် အဆောက်အဦး ပတ်လည်တွင်သာယာလှပသောပန်းခြံ ဉယျာဉ်၊ကလေးကစားကွင်းများ အပါအဝင် ယာဉ်ရပ်နားရန် Car Parking နေရာများ အလုံအလောက် ပါဝင်ပါသည်။

အထူးအစီအစဉ်အနေဖြင့် AYA BANK, MOB BANK နှင့် ချိတ်ဆက်၍ (၅) နှစ် မှ (၁၀) နှစ်အထိ အရစ်ကျ ငွေပေးချေမှုစနစ်ဖြင့် ဝယ်ယူနိုင်ရန် အတွက်လည်း စီစဉ်ဆောင်ရွက်ထားပါသည်။

**DEVELOPER-**

**GRAND STYLE CO.,LTD.**

အမှတ် (၂၄၅)၊ ဗားကရာလမ်း (ဂမုန်းပွင့် မြေနီကုန်း) ၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

**TEL : 09 799-332211, 09 797-221133**
**09 799-221133**

မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း
Myanmar Young Entrepreneurs Association
MYEA

## ပဉ္စမအကြိမ်မြောက် အသင်းသားစုံညီနှစ်ပတ်လည် အထွေထွေအစည်းအဝေးပွဲ ဖိတ်ကြားခြင်း

မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း၏ ပဉ္စမအကြိမ်မြောက် အသင်းသားစုံညီ နှစ်ပတ်လည် အထွေထွေအစည်းအဝေးပွဲနှင့် ဂုဏ်ပြုညစာစားပွဲအား အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် **MYEA** အသင်းသားများ စုံညီစွာတက်ရောက်ပေးကြပါရန် ဖိတ်ကြားအပ်ပါသည်။

**အစည်းအဝေးပွဲ အစီအစဉ်**

ကျင်းပမည့်နေ့ရက် ❖ ၂၀၁၈ခုနှစ်၊ မတ်လ (၁၇)ရက်၊(စနေနေ့)
ကျင်းပမည့်အချိန် ❖ နေ့လည်(၃း၀၀)နာရီမှ ညနေ(၆း၀၀)နာရီအထိ
ကျင်းပမည့်နေရာ ❖ Inya Ballroom, Meliá Hotel Yangon

**ဂုဏ်ပြုညစာစားပွဲ အစီအစဉ်**

ကျင်းပမည့်နေ့ရက် ❖ ၂၀၁၈ခုနှစ်၊ မတ်လ (၁၇)ရက်၊(စနေနေ့)
ကျင်းပမည့်အချိန် ❖ ညနေ(၆း၃၀)နာရီမှ ည(၉း၀၀)နာရီအထိ
ကျင်းပမည့်နေရာ ❖ Grand Ballroom, Meliá Hotel Yangon

ဗဟိုအလုပ်အမှုဆောင် / အလုပ်အမှုဆောင် အဖွဲ့
မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း

**RSVP - MYEA Office : 01 2301867**



**နေပြည်တော်**
**ကားမောင်း(အတတ်သင်)သင်တန်း**
ပ-(154)၊ မြို့မဈေး၊ ပွဲရုံတန်း၊ နေပြည်တော်
Ph:067-421755 ,09-73011078 ,09-73041277
စောတ်မှီကားမျိုးစုံဖြင့် Manual & Auto
နှစ်မျိုးစလုံးသင်ကြားပေးပါသည်။



**San brotherhood**
"စစ်ဆေးစမ်းသပ်(အခမဲ့)"
**Air-Con,** ရေခဲသေတ္တာ၊အဝတ်လျှော်စက်
များကို ပြုပြင် တပ်ဆင် ရောင်းဝယ် လဲလှယ် Servicing လုပ်ခြင်း
များကို အာမခံဖြင့် အိမ်အရောက် ဝန်ဆောင်မှု ပေးနေပါသည်။
တပ်ဆင်ပြီးဈေးနှုန်း (၃နှစ်အာမခံ)
1HP 300000Ks
၁။ နာမည်ကြီး Brand ၂။ စိတ်ချရသည့်အာမခံ ၃။ အထူးအာမခံ (Compressor)
ပါဝင်သောပစ္စည်းများ
Copper Pipe(10)Ft. Frame, Safeguard, Transportation, Installation
"အနီးဆုံးဆိုင်ခွဲသို့ဆက်သွယ်ရန်"
FMI City(လှိုင်သာယာ)709373,09-5084831,3682445(Ext)1421
ကျောင်းလမ်း(အလုံ) 01-704101 , 09-5002738, 09-450023810
သမိုင်းလမ်းဆုံ(မရမ်းကုန်း) 3681854, 706193, 09-73116475
ကျောက်မြောင်း(တာမွေ) 01-704649, 09-73066836, 09-73004800
Capital အနီး (ဒေါပုံ) 09-5053114, 73251545, 01-708842
ရွှေဂုံတိုင်မီးပွိုင့်အနီး(ဗဟန်း) 09-43083868, 01-703241
သုနန္ဒာလမ်းဆုံအနီး(မြောက်ဥက္ကလာ) 09-5190383,09-73251535
ဟံသာဝတီ CNG အနီး(ကြည့်မြင်တိုင်) 01-703684, 09-43130068
ဒညင်းကုန်းလမ်းဆုံအနီး(ရွှေပြည်သာ) 09-5012419, 09-73126244
Super 1 အနီး နဝဒေး (လှိုင်သာယာ) 01-704467,09-73217035
တောင်/မြောက်လမ်းဆုံအနီး(တ/ဒဂုံ) 01-709114, 09-5019316



**Hyundai Road Show**

HYUNDAI Official Partner | FIFA WORLD CUP RUSSIA 2018

16~18 March, 2018
Myanmar Plaza



**NEW ARRIVAL**
**ACCENT**
*All you ever wanted*

• 1.4 MPi Gasoline Engine • 6-Speed A/T • 3 Years or 100,000 km Warranty

Hyundai Car Showroom ကို လာရောက်လည်ပတ်ရင်း Hyundai 2018 Calendar နှင့် Hyundai Keychain တို့ကို ရယူနိုင်ပြီဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

INTERNATIONAL KLM CO.,LTD.
Yangon : No. 2/6, 2 Quarter, Corner of Insein Rd & Thamine Station Rd, Mayangone Township, Yangon, Myanmar.
Showroom : (01) 522 723, 09 42 100 2051, 09 2500 100 10 Service Center : ( 01 ) 522 724
GLOBAL KLM CO.,LTD.
Mandalay : 3-F Myo Ma Oo Yin x 74th Street, Taung Myint Quarter, Pyi Gyi Ta Gon Tsp, MITC.
Showroom : 09 2531 51970, 09 4539 55560 Service Center : 09 421 888 220, 09 971 347 001
⚠ All information and illustrations are based on data avilable at the time of publication and subject to change without notice.

www.hyundaimotor.com.mm
info@hyundaimotor.com.mm
www.facebook.com/hyundaimm


**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် ၄၀ဃ/၉၄၄၃၄၊ Dayang-125 ယာဉ်လက်ဝယ်ရှိသူ ဦးလှသိန်းဌေးအောင် ၉/ပဖန(နိုင်)၀၉၆၈၂၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံ သောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ တိုင်းရုံး(မကွေး)**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း**

ဒက္ခိဏသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် (၈/ဒက္ခိဏသီရိအလယ်ရပ်)၊ မြေကွက်အမှတ်(ဒ-၃၀၇၃၂)၊ ဦးဇော်လှိုင်(ဘ)ဦးအေးမောင် ၉/ဝတန(နိုင်)၀၀၈၁၈၁၊ အမည်ပေါက်ပါမစ်မြေ၏ မြေပေးမိန့်မူရင်းပျောက်ဆုံးသဖြင့် မိတ္တူမှန်လျှောက်ထားလာခြင်းအား ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ရက်ပေါင်း ၃၀အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်းကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ အဆိုပါမြေပေးမိန့်မူရင်းကိုပယ်ဖျက်ပြီး မိတ္တူမှန်ထုတ်ပေးမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**အမည်ပြောင်း**

ဇမ္ဗူသီရိမြို့၊ အထက(၂)၊ အဌမတန်း(C)မှ စာမေးပွဲဖြေဆိုပြီးသူ မသန့်ဇင်ဝင်းအား ယနေ့မှစ၍ မဆုငြိမ်းသီရိဝင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မဆုငြိမ်းသီရိဝင်း**

**ကန့်ကွက်နိုင်ပါကြောင်း**

ဇမ္ဗူသီရိမြို့၊ ပေါက်ကုန်းရပ်ကွက်၊ အကွက်အမှတ်(၃၅/၁)၊ ဦးပိုင်အမှတ် (၁၄၀-ည)၊ ဧရိယာ ၀ ဒသမ ၀၇၁ဧကရှိ ဦးမောင်မောင်မြင့် အမည်ပေါက်မြေကို ဒေါ်ဌေးဌေးဝင်း ၁/ဗမန(နိုင်)၀၀၄၄၉၃က အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားပြီးဖြစ်၍ ဒေါ်ဌေးဌေးဝင်းအမည်ဖြင့် အမည်ပြောင်းမြေငှားဂရန်ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ ဆောင်ရွက်မည်ဖြစ်ပါကြောင်း။ **ဒေါ်ဌေးဌေးဝင်း ပေါက်ကုန်းရပ်၊ ဇမ္ဗူသီရိမြို့**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆၊ မြေကွက်အမှတ်-၇၃/ခ၊ မြေကွက်တည်နေရာ ၇၃/ခ၊ ဘောဂပန်းခြံ ၃လမ်း၊ ၈ရပ်ကွက်၊ ရွှေပြည်သာ ဒေါ်မြင့်မြင့်ဝင်း (PZDG-၀၀၃၂၆၁)အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဒေါ်မြင့်မြင့်ဝင်း PZDG-၀၀၃၂၆၁ ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူခဲ့သူ ဦးမောင်မောင်ကြီး ၁၂/ပဇတ(နိုင်)၀၂၄၀၄၈မှ ပါမစ်မူရင်းတွင် အိမ်ရာဆောက်လုပ်နေထိုင်ခွင့်တင်ပြနိုင်ခြင်းမရှိဘဲ မိသားစုဓာတ်ပုံ၊ ရွှေ့ပြောင်းသူများ၏ ရာဇဝင်အကျဉ်းချုပ်နှင့် မြေနေရာချထားပေးခံရသူများ၏ မှီခိုသူများစာရင်းတို့တင်ပြ၍ ပါမစ်မစုံဖြင့် ဂရန်သစ်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန် ဒါယကာကြီး**

## ဦးငွေလှိုင် (ပဒံ၊ ရေကျော်)

**အသက်(၈၀)**

ရန်ကုန်မြို့နေ(ဦးဇင်-ဒေါ်သဲဝါ)တို့၏သားထွေး၊ (ဦးချိန်အေး-ဒေါ်ခင်ယုံ)တို့၏သားသမက်၊ ကြည့်မြင်တိုင်မြို့နယ်၊ စကားဝါပင်လမ်း၊ အမှတ် ၄၈နေ ဒေါ်မြမြဆင့်(အထပြ၊ငြိမ်း)၏ခင်ပွန်း၊ဦးညွန့်ဝင်း(CE/MTM SHIP MANAGEMENT)-ဒေါ်ခိုင်မွန်ဦး၊ မသင်းစုထွေးတို့၏ဖခင်၊ မဝင်းလဲ့မွန်(Pride ISM)၊ မရွှန်းလဲ့ဝင်း(Pride ISM)တို့၏အဘိုးသည် ၉-၃-၂၀၁၈ရက် (သောကြာနေ့) နံနက် ၅း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၃-၂၀၁၈ရက်(တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၅-၃-၂၀၁၈ရက်(ကြာသပတေးနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဝမ်းနည်းကြေကွဲခြင်း**

## ဒေါ်လှလှတင်(ခ)ဒေါ်ဒေစီ (ညောင်လေးပင်)

**(ဝင်းမော်ဦးစာအုပ်တိုက်)**

**အသက်(၇၉)နှစ်**

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ်(၁၆၂)၊ အနော်ရထာလမ်း (ပထမထပ်)နေ (ဦးတင်မောင်)၏ဇနီး၊ ဦးမြင့်ကြွယ် (ဝင်းမော်ဦးစာပေ)၊ ဒေါ်မြတ်မော်(ဗိုလ်ချုပ်ဈေး)တို့၏မိခင် အသင်းဝင် ဒေါ်လှလှတင်သည် ၈-၃-၂၀၁၈ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညောင်လေးပင်မြို့နယ်အသင်း(ရန်ကုန်)**

---

## ကျေးဇူးတင်ရှိခြင်း

ဒေါ်ခင်မိုးဝင်း(ခ) Marie Win Maung နာမကျန်းဖြစ်စဉ်နှင့် ၁-၃-၂၀၁၈ရက် ကွယ်လွန်ပြီးနောက်တို့တွင် ပြုစုစောင့်ရှောက်ကူညီအားပေးကြပါသော အင်းစိန်မြို့နယ် ကွယ်ကဘောဆေးရုံမှ ဆရာဝန်ကြီးများနှင့်တကွ သူနာပြုဆရာ၊ဆရာမများ၊ ဝန်ထမ်းများ၊ အဘက်ဘက်မှအနီးကပ်ပြုစု ကူညီစောင့်ရှောက်အားပေးကြည့်ရှုပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ ဒေါ်ခင်မိုးဝင်း၏ပညာရေးတက္ကသိုလ်ချစ်သူငယ်ချင်းများ၊ လုပ်ဖော်ကိုင်ဖက်ဆရာ၊ ဆရာမများ၊ ကမာရွတ်အထက(၂)မှ တပည့်များ၊ ဝတ်အသင်း၊ ဝေဠုကျော်ဖောင်ဒေးရှင်းနှင့် ထွေးမိသားစုဆိုင်အားလည်းကောင်း၊ နာရေးသို့ လိုက်ပါပို့ဆောင်သော ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသောသူများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးမြိုင်အောင် (အရာခံဗိုလ်၊ ငြိမ်း)

**ဓာတ်မှန်ဌာန၊ ခုတင်(၅၀၀)၊တပ်မတော်အရိုးကုဆေးရုံကြီး၊မင်္ဂလာဒုံ**

**အသက်(၇၉)နှစ်**

ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ်နေ(ဦးပန်ရီ-ဒေါ်စိန်မဖြူ)တို့၏သား၊ ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ၂(ခ)ရပ်ကွက်၊ ဘူတာသစ်လမ်း၊ အမှတ် ၄၇၇နေ ဆရာမဒေါ်တင်တင်ကြည်(ငြိမ်း)၏ခင်ပွန်း၊ကိုတေဇာလင်း-မအိရွှေခင်၊ ဗိုလ်မှူးရဲနိုင်ဝင်း-မမြတ်သူဇာအောင်၊ ကိုထူးအောင်ပိုင်-ဒေါက်တာဆုစန္ဒီတို့၏ဖခင်၊ မောင်သူရိယရဲနိုင်၊ မလင်းလက်သဒ္ဒါ၊ မဆိုရာရဲနိုင်၊ မောင်ဉာဏ်ဘုန်းလင်း၊ မောင်ကောင်းသုတမင်းတို့၏အဘိုးသည် ၉-၃-၂၀၁၈ရက်(သောကြာနေ့) နံနက် ၅း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၃-၂၀၁၈ရက်(တနင်္ဂနွေနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၅-၃- ၂၀၁၈ရက် (ကြာသပတေးနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်နုနုရည်

**တရားရုံးချုပ်(ငြိမ်း)**

**အသက်(၇၃)နှစ်**

ရန်ကုန်မြို့၊ ဗိုလ်ချုပ်လမ်းနေ (နယူးအဲရီးရှပ်ဆိုင်) (ဦးလှ-ဒေါ်ခင်ညိန်း)တို့၏သမီး၊ ဦးထွန်းရှိန်-ဒေါ်ခင်အုန်းမြင့်တို့၏ညီမ၊ (ဦးနေဝင်း)-ဒေါ်ခိုင်ခိုင်ဦး၊ ဦးဖြူဝင်း-(ဒေါ်သန်းသန်း)၊ ဦးတင်ထွန်းတို့၏အစ်မ၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၃၁)ရပ်ကွက်၊ လှိုင်စပါယ်လမ်း၊ မ/၈၇၅နေ ဦးအောင်မြင့်ဦး(ခေတ္တ-U.S.A)၏ဇနီး၊ ဦးထွန်းထွန်းဝင်း(KEC)အင်္ဂလိပ်စကားပြောသင်တန်း-ဒေါ်စံကဥ္စနစိုး (တောင်ဥက္ကလာပမြို့နယ် တရားရုံး)၊ ဦးမျိုးထက်သူ (MPRL E & P Pte Ltd.)-ဒေါ်ဂျူလိုင်အောင်မြင့်စိုးတို့၏မိခင်၊ မောင်သုတမင်းသွေး၊ မအိမ့်ခွန်းချိုမောင်၊ မောင်တုန်ိုင်းခတို့၏အဘွားသည် ၉-၃-၂၀၁၈ရက် နံနက် ၆း၂၀နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၅-၃-၂၀၁၈ရက်(ကြာသပတေးနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၁)ရပ်ကွက်၊ လှိုင်စပါယ်လမ်း၊ မ/၈၇၅ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဖောင်းကြွပျောက်**

**လျှောက်ထားခြင်း**

ယာဉ်အမှတ် 5I/2775 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

---

**ယာဉ်မှတ်ပုံတင်စာအုပ်**

**မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ်8J/4868 Doh SHWE MYANMAR Truck (8×4) ယာဉ်လက်ဝယ်ရှိသူ ဦးဖရန်ချစ်ဂျေစီရယ် ၁၂/မဂတ(နိုင်)၀၇၄၈၉၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက် နိုင်ပါသည်။ **ကညန၊တိုင်းဒေသကြီးရုံးခွဲ (ရွာသာကြီး)၊ ရန်ကုန်မြို့**

---

## ဦးသန်းဦး

**ဒေးဒရဲ-ဆူးကလပ်**

**ပည-၅၂၊ တပ်မတော်-ရေ(ငြိမ်း)**

**အသက်(၅၆)နှစ်**

ရန်ကုန်မြို့၊ သန်လျင်မြို့နယ်၊ သိပ္ပံလမ်း၊ အမှတ် ၅၃၊ အုတ်ဖိုစုရပ်ကွက်နေ ဦးသိန်းအောင်ကြည်-ဒေါ်မြသွယ်တို့၏သား၊ဦးကျော်စိန်-ဒေါ်တင်မြတို့၏သားသမက်၊ ဒေါ်သန်းသန်းဦး၏ခင်ပွန်း၊ မယမင်းမြတ်၊ မောင်ပြည့်ဖြိုးဟိန်းတို့၏ဖခင်၊ ဒေါ်ယဉ်ယဉ်သောင်း၊ ဦးဆန်းလှိုင်-ဒေါ်သီသီအေး၊ ဦးအောင်ကိုဦး-ဒေါ်အေးချိုပြုံး၊ ဦးအောင်ကိုထွေး-ဒေါ်ထက်ထက်အောင်တို့၏ အစ်ကိုသည် ၁၀-၃-၂၀၁၈ရက် (စနေနေ့) နံနက် ၇း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၃-၂၀၁၈ရက်(တနင်္လာနေ့)မွန်းလွဲ ၁နာရီတွင် နေအိမ်မှ အမိုးနီသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၆-၃-၂၀၁၈ရက် နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ရဟန်း၊သိမ်ဒါယကာကြီး**

## ဦးသိန်းအောင်(ခ) ဦးကျော်သန်းထူး

**မြန်မာ့စီးပွားရေးဘဏ်(ငြိမ်း)**

**ပန်းတောင်းမြို့နယ်အသင်း**

**သက်ကြီး ကန်တော့ခံ**

**အသက်(၈၅)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ထုံးဘိုကျေးရွာ၊ ပန်းတောင်းမြို့နယ်၊ သခင်မြလမ်းနေ (ဦးအေးမောင် - ဒေါ်စောရွှေ)တို့၏သား၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊(၁၃)ရပ်ကွက်၊ကောလိယ၂၄လမ်း၊ အမှတ် ၅၂၅နေ (ဒေါ်သန်းသန်း)၏ခင်ပွန်း၊ (ဦးတင်မောင်ထွန်း)၊ ဦးကျော်ဇော(မြန်မာ့သစ်လုပ်ငန်း၊ ရေယာဉ်နှင့်ပို့ဆောင်ရေးဌာန) - ဒေါ်စန်းစန်းဦး၊ ဦးသန်းကျော်-ဒေါ်တင်တင်မိုး၊ဦးဉာဏ်ထူး-ဒေါ်မျိုးစံ(Yoma Band)၊ ဦးမျိုးထွန်းတို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏ဖခင်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၁၀-၃-၂၀၁၈ရက် (စနေနေ့) မွန်းလွဲ ၁း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၃-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၉း၃၀နာရီတွင် နေအိမ်မှ ထွက်ခွာ၍ နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး**

## ဒေါ်သန်းလှ

**အမှတ်(၁)စက်မှုဝန်ကြီးဌာန**

**အသက်(၆၁)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဇော်ဘွားကြီးကုန်းရပ်ကွက်၊ ရန်ကြီးအောင်လမ်း၊ အမှတ် ၁၄/Bနေ(ဦးထွန်းမောင်-ဒေါ်သန်းနွဲ့)တို့၏သမီး၊ ဒေါ်တင်ယု-(ဦးအေးချို)၊ ဒေါ်အေးငွေ(ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန)၏ညီမ၊ ဦးဉာဏ်ဝင်း(BSM Shipping Company)၊ [ဦးဇော်ဝင်း (BSM Shipping Company)-ဒေါ်ဝေဝေသိန်းတန်]၊ ဒေါ်မိမိထွန်း၊ ဦးမောင်မောင်ခန့် (BSM Shipping Company)-ဒေါ်တင်တင်ဝေတို့၏အစ်မ၊ မောင်အောင်ခိုင်ဦး၊မောင်စိုပြေမောင်မောင်ခန့်၊မောင်သော်ဇင်မောင်မောင်ခန့်တို့၏ အဒေါ်သည် ၉-၃-၂၀၁၈ရက် (သောကြာနေ့) ည ၁၀း၄၀နာရီတွင် OSC ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၁-၃-၂၀၁၈ရက် (တနင်္ဂနွေနေ့)ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။(နေအိမ်မှကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

## ဘဒ္ဒန္တဂုဏာနန္ဒမဟာထေရ်မြတ်

**အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်**

**စေတီယင်္ဂဏသြဝါဒါစရိယ၊ အိမ်တော်ရာစေတီတော်ကြီး၏**

**သြဝါဒါစရိယဥက္ကဋ္ဌ**

**သက်တော်(၉၁)နှစ်၊ သိက္ခာတော်(၇၁)ဝါ**

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ပြည်အရှေ့ရပ်ကွက်၊ မြို့မကျောင်းလမ်း၊ ဒဂုံပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ ဘဒ္ဒန္တဂုဏာနန္ဒမဟာထေရ်မြတ်သည် (၁၃၇၉ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ရက်) ၁၀-၃-၂၀၁၈ရက် (စနေနေ့) ည ၈နာရီတွင် အမှတ်-၂ တပ်မတော်ဆေးရုံ ခုတင်-၅၀၀၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမများအား အသိပေး အကြောင်းကြားအပ်ပါသည်။

**တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမများ**
**ဒဂုံပရိယတ္တိစာသင်တိုက်**
**မြို့မကျောင်းလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## သူနာပြုဆရာမကြီးနော်ဒေါ်လေအေး အသက်(၉၅)နှစ်

**အလုပ်သမားဆေးရုံကြီး(ငြိမ်း)**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ကရင်အမျိုးသားရပ်ကွက်၊ သူဌေးကုန်းလမ်း၊ အမှတ် 6.Aနေ (စောဘအေး-နော်ဘဲလာ)တို့၏သမီး၊ (ဦးစိန်-ဒေါ်စိန်)တို့၏သမီးချွေးမ၊ ဒေါ်ရီရီမြင့်-စောခင်အောင်၊ ဦးခင်မောင်ဦး၊ ဦးခင်မောင်အေး-ဒေါ်ခင်သန်းအေး၊ ဒေါ်နီလာသိန်း-(ဦးအောင်ကျော်)၊ ဦးခင်မောင်လေး၊ (ဒေါ်သီတာသိန်း)၊ ဒေါ်မာလာသိန်း၊ စောဂျော်ဂျီသိန်း-နော်အဲဗလင်းနီတို့၏မိခင်၊ စောဂါးနက်၊ (စောစန်းဒေးဘအေး)၊ (နော်မူဆဲဘအေး-ဦးအောင်ခင်)၊ ဒေါ်ရီရီဘအေး-(ဦးတင်မြင့်)၊ (ဒေါ်နုနုဘအေး-ဦးလှမြင့်)၊ ဒေါ်အေးမီဘအေး-(ဦးမြင့်သိန်း)၊ (ဒေါ်ကက်သရင်းဘအေး)-စောမင်းနူရယ်ဖ်တို့၏အစ်မ၊ ဦးစောစံသိန်း(B.A.C-ငြိမ်း)၏ချစ်လှစွာသောဇနီးသည် ၉-၃-၂၀၁၈ရက် ညနေ ၃း၂၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၁-၃-၂၀၁၈ရက်(တနင်္ဂနွေနေ့)နံနက် ၉း၃၀နာရီတွင် ထိန်ပင်ကရင်နှစ်ခြင်းခရစ်ယာန်သုသာန်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (သူဌေးကုန်းလမ်းထပ်၊ အနောက်ပိုင်းဆေးရုံရှေ့မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးအောင်သိန်းမြင့်(ခ)ဦးပေါက်(ခ)ဦးမွန်ကြီး

**(မုဒုံမြို့နယ်-နိုင်လုံရွာ)**

**General Manager-J' DONUTS**

**အသက်(၅၁)နှစ်**

မွန်ပြည်နယ်၊ မုဒုံမြို့၊ နိုင်လုံရွာနေ (ဦးကျော်အိန်း)-ဒေါ်ကျင်ရီတို့၏သား၊ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နေ [ဦးညီတင် (စားဖျော်လုပ်ငန်းခွဲမန်နေဂျာ၊ ကျောက်ဖြူမြို့)]၊ ဒေါ်သန်းသန်း စိန်တို့၏သားသမက်၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ ဌေးကြွယ်(က)ရပ်ကွက်၊ ဇောတိကလမ်း၊ အမှတ် ၃၄ (ငါးလွှာ-အေ)နေ ဒေါ်နီလာစိုးတင်၏ခင်ပွန်း၊ (ဦးစိုးမြင့်အောင်)-ဒေါ်မြင့်ဆန်းဝေတို့၏ညီ၊ ဦးမောင်လှထွန်း-ဒေါ်မြမြနွယ်၊ ဦးညီညီထွေး-ဒေါ်သန်းသန်းဝင်း၊ ဦးဝင်းမြင့်မောင်-ဒေါ်ချိုအေးထွေး၊ ဦးအောင်သန်းထွန်းတို့၏အစ်ကို၊ (ဦးအောင်စိုးတင်)-ဒေါ်ဝါဝါရွှေ(အထက-၂၊ အင်းစိန်)တို့၏ညီ၊ ဦးအောင်သက်တင်(လဝကမှူး၊ မောင်တောမြို့)-ဒေါ်နှင်းယုအေး၊ ဒေါ်မေယုတင်တို့၏အစ်ကိုသည် ၉-၃-၂၀၁၈ရက်(သောကြာနေ့)နံနက် ၁၁နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၃-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၃-၂၀၁၈ရက် (ကြာသပတေးနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါ တာမွေမြို့နယ်၊ ကျောက်မြောင်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

**ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့**

**တဂေါင်းဘုရားလမ်း**

**မဟာတိုက်ကျောင်း ပရိယတ္တိစာသင်တိုက်**

**ဦးစီးပဓာနနာယက သက်တော်ရှည်**

## ဆရာတော် ဘဒ္ဒန္တဝိသုတ

**သက်တော်(၁၀၁)၊ သိက္ခာတော်(၈၁)ဝါ**

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ တဂေါင်းဘုရားလမ်း၊ မဟာတိုက်ကျောင်း ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက သက်တော်ရှည်ဆရာတော် ဘဒ္ဒန္တဝိသုတ မဟာထေရ်မြတ်ကြီးသည် (၁၃၇၉ခုနှစ် တပေါင်းလပြည့်ကျော် ၈ရက်) ၉-၃-၂၀၁၈ရက်(သောကြာနေ့)နံနက် ၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၉ခုနှစ် နှောင်းတန်ခူးလဆန်း ၁ရက်) ၁၇-၃-၂၀၁၈ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် သရောင်းချောင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမ မိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

တပည့်ဒါယကာ၊ ဒါယိကာမများ
ဈာပနကျင်းပရေးကော်မတီ

---

## ဦးအောင်ကြွယ် (ခြင်းလုံး) (ပီကင်းပြန်)

**(ကြေးမုံသတင်းစာတိုက်)**

**အသက်(၈၁)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်း(တောင်)ရပ်ကွက်၊ ဦးဖိုးလမ်း၊ အမှတ် ၈(ခြောက်လွှာ၊ ခေါင်းရင်းခန်း)နေ [ဦးထွန်းရှိန်(သမာဓိမြို့ဝန်)-ဒေါ်ဒေါ်လှ]တို့၏သား၊ (ဦးမြင့်သိန်း-ဒေါ်မြသိန်း)၊ ဦးဉာဏ်ထွန်း(စား/ဖျော်)-ဒေါ်သီတာအောင်(ဟိုတယ်/ခရီး)၊ ဦးပြုံးရီ-ဒေါ်သောင်းညွန့်၊ (ဦးပြေသိန်း)-ဒေါ်လွင်လွင်စန်းတို့၏အစ်ကိုကြီး၊ တူ/တူမ ၁၀ယောက်တို့၏ဘကြီး၊ မြေး သုံးယောက်တို့၏ဘိုးဘိုးကြီးသည် ၁၀-၃-၂၀၁၈ရက်(စနေနေ့) နံနက် ၇နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၃-၂၀၁၈ရက် (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဝမ်းနည်းကြေကွဲခြင်း**

## ဦးလှဖေ

**အသက်(၇၇)နှစ်**

Capt: ရာဇာဝင်း-ဒေါ်ဝင်းဝင်းခိုင်တို့၏ဖခင် ဦးလှဖေသည် ၉-၃-၂၀၁၈ရက် ညနေ ၆း၃၅နာရီတွင် မန္တလေးမြို့နေအိမ်၌ ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်အရာရှိချုပ်နှင့် ဝန်ထမ်းများ**
**(မြန်မာအမျိုးသားလေကြောင်း)**

---

**ဝမ်းနည်းကြေကွဲခြင်း**

## ဦးမြထွန်း (ညောင်လေးပင်မြို့)

**အသက်(၇၇)နှစ်**

ဒေါ်မြမြသန်း(လ/ထမန်နေဂျာ၊ စီမံရေးဌာန၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း)၏ ချစ်လှစွာသောဖခင်ကြီး ဦးမြထွန်းသည် ၄-၃-၂၀၁၈ရက် (တနင်္ဂနွေနေ့)တွင် ညောင်လေးပင်မြို့၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါ်ရည်မွန်မွန်၊ ဒေါ်မာလာကျော်၊ ဒေါ်ချိုဝင့်ဖြူ၊ ဒေါ်ဖူးငုံသင်း၊**
**ဒေါ်ယဉ်ယဉ်ဆွေ၊ ဒေါ်ဝင်းလဲ့သူ၊ ဒေါ်အိသဲဖြူ၊ ဒေါ်ခင်သန္တာလွင်**
**စီမံရေးဌာန၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ကိုအောင်ရဲမြတ်

**Horizon Telecom International Co.,Ltd**

**(Chief Representative Officer)**

**အသက်(၃၄)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ၁၅/စီ၊ ကမ္ဘောဇလမ်းနေ ကိုအောင်ရဲမြတ်သည် ၁၀-၃-၂၀၁၈ရက်(စနေနေ့) နံနက် ၇း၁၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌ၊ ဒါရိုက်တာအဖွဲ့ဝင်များနှင့်**
**A Bank မိသားစု**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ကိုအောင်ရဲမြတ်

**Horizon Telecom International Co.,Ltd**

**(Chief Representative Officer)**

**အသက်(၃၄)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ၁၅/စီ၊ ကမ္ဘောဇလမ်းနေ ကိုအောင်ရဲမြတ်သည် ၁၀-၃-၂၀၁၈ရက် (စနေနေ့) နံနက် ၇း၁၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**CEO နှင့် ဝန်ထမ်းများ**
**Horizon Telecom International Co.,Ltd**

---

## ကိုအောင်ရဲမြတ်

**Horizon Telecom International Co.,Ltd**

**(Chief Representative Officer)**

**အသက်(၃၄)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ၁၅/စီ၊ ကမ္ဘောဇလမ်းနေ (ဦးရဲခေါင်) [ဒုတိယဝန်ကြီးချုပ်၊ ငြိမ်း]-ဒေါ်မိမိကြီး၊ (ဦးညွန့်အောင်-ဒေါ်မြင့်မြင့်)တို့၏မြေး၊ဦးရဲမြတ်စိုး(A Bank ဒုတိယဥက္ကဋ္ဌ)-ဒေါ်ဥမ္မာအောင်တို့၏သား၊ မောင်ထက်ဘုန်းမြတ်(မြို့ပြအင်ဂျင်နီယာ)၊ မခြူးခင်ခင်(သတင်းအချက်အလက် နည်းပညာတက္ကသိုလ်၊ ဒုတိယနှစ်)တို့၏အစ်ကိုကြီးသည် ၁၀-၃-၂၀၁၈ရက် (စနေနေ့) နံနက် ၇း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ကိုအောင်ရဲမြတ်

**Horizon Telecom International Co.,Ltd**

**(Chief Representative Officer)**

**အသက်(၃၄)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ၁၅/စီ၊ ကမ္ဘောဇလမ်းနေ(ဒေါ်သက်လျာအောင်)၊ ဒေါ်သဇင်အောင်-ဦးမော်မော်ထိုက်၊ ဒေါ်ညိုညိုအောင်-ဦးတဲရီဘတူ၊ ဒေါ်လဲ့လဲ့ အောင်-ဒေါက်တာဟဲရီတင်ထွန်း၊ ဒေါ်သီတာအောင်-ဦးမောင်မောင်ချို၊ ဦးကင်းဝန်အောင်-ဒေါ်ခင်ခင်သိန်းတို့၏ တူသည် ၁၀-၃-၂၀၁၈ရက် (စနေနေ့) နံနက် ၇း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ကိုအောင်ရဲမြတ်

**Horizon Telecom International Co.,Ltd**

**(Chief Representative Officer)**

**အသက်(၃၄)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ၁၅/စီ၊ ကမ္ဘောဇလမ်းနေ မနန်းထိုက်အောင်-ကိုကောင်းမြတ်ဦး၊ ကိုသက်ဦးထိုက်-မနှင်းဝတ်ရည်မျိုး၊ ကိုလူမင်း-မပန်းဖြူ၊ ကိုလူမွန်ဇော်၊ ကိုသက်အောင်ချို-မမြတ်သဇင်အောင်၊ ကိုတင်အောင်ချို-မဆုမင်းထက်၊ မဝင်းနန္ဒာထွန်း၊ ကိုဉာဏ်ဖြိုးထွန်း၊ မအိအိချို-ကိုအဲရစ်၊ ကိုဖြိုးသူ၊ ကိုစိုးပြည့်ပိုင်၊ ကိုထက်ဘုန်းမြတ်၊ မခြူးခင်ခင်တို့၏ မောင်/ညီ/အစ်ကိုကြီးသည် ၁၀-၃-၂၀၁၈ရက် (စနေနေ့)နံနက် ၇း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်နေ

**နေပြည်တော် မတ် ၁၀**

ယနေ့မွန်းလွဲ ၂ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော သီရိလင်္ကာ ကမ်းရိုးတန်းနှင့် အိန္ဒိယနိုင်ငံ တမိနာဒူးလ်ကမ်းရိုးတန်း တောင်ပိုင်းတို့တွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေသည်။ **မိုး/ဇလ**

# ရခိုင်ဒေသဖွံ့ဖြိုးရေးအထောက်အကူပြုမည့် ကြပ်စင်မြစ်ကူးတံတား တည်ဆောက်လျက်ရှိ

**စစ်တွေ မတ် ၁၀**

ကြပ်စင်မြစ်ကူးတံတားသည် ရခိုင်ပြည်နယ် မင်းပြားမြို့မှ မြေပုံမြို့သို့ သွားရာ ကားလမ်းမိုင်တိုင် အမှတ် ၂၂/၄ နှင့် ၂၃/၁ ကြားတွင် တည်ရှိသည်။ ကြပ်စင်မြစ်ကိုဖြတ်၍ တည်ဆောက်လျက်ရှိသည့် အဆိုပါတံတား တည်ဆောက်မှုမှာ ယခုအခါ ၆၈ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ကြပ်စင်တံတား တည်ဆောက်မှုကို ၂၀၁၄ ခုနှစ် ဇူလိုင် ၁ ရက်က စတင်ခဲ့ပြီး ၂၀၁၉ ခုနှစ် မတ်လတွင် တံတားတည်ဆောက်မှု ပြီးစီးရန် ရည်မှန်းထားကြောင်း သိရသည်။ တံတားတည်ဆောက်ပြီးစီးပါက ဒေသခံပြည်သူများအတွက် ကုန်စည်ကူးသန်းစီးဆင်းမှု လွယ်ကူလျင်မြန်ပြီး လူနေမှုအဆင့်အတန်းလည်း မြင့်မားလာမည်ဖြစ်ကြောင်း သိရသည်။

"အခုကြပ်စင်တံတား တည်ဆောက်မှုက ၆၈ ရာခိုင်နှုန်း ပြီးစီးနေပြီလို့ ဆိုရမှာပါ။ ဒီတံတားကြီး မပြီးခင်အထိတော့ မင်းပြားမြို့နဲ့ မြေပုံမြို့တို့ကို သွားမယ်ဆိုရင် ကြပ်စင်မြစ်ကို ဇက်ရေယာဉ်နဲ့ စက်လှေတွေ အသုံးပြုပြီး ဖြတ်ကူးရပါတယ်၊ ဒေသခံတွေအနေနဲ့ ဝန်ထုပ်ဝန်ပိုးဖြစ်ပြီး ကုန်ကျစရိတ်တွေ ရှိပါတယ်၊ ဒီတံတားကြီး ပြီးစီးသွားရင်တော့ ဒေသခံတွေရော တခြားလာရောက်ကြတဲ့ ဧည့်သည်တွေပါ အချိန်ကုန် လူပန်းသက်သာပြီး အချိန်မရွေး ဖြတ်သန်းသွားလာနိုင်မှာ ဖြစ်ပါတယ်" ဟု တံတားစီမံကိန်း တာဝန်ခံ တံတား အထူးအဖွဲ့(၈)မှ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနိုင်က ပြောသည်။

ကြပ်စင်မြစ်ကူးတံတားသည် အလျားပေ ၁၉၂၀ ရှိပြီး ယာဉ်သွားလမ်း အကျယ် ၂၄ ပေရှိကာ လူသွားလမ်းတစ်ဖက် လျှင် သုံးပေစီပါရှိသည်။ တံတားအမျိုးအစားမှာ အုတ်မြစ်တွင် သံကူကွန်ကရစ် ဘိုးပိုင်အမျိုးအစား၊ တံတားအောက်ထည်မှာ

*စာမျက်နှာ ၁၁ ကော်လံ ၅* ❖



ရေဝတီတိုင်း၌ ဆောက်လုပ်ထားသည့် မုန်တိုင်းဒဏ်ခံအဆောက်အအုံတစ်လုံးကို တွေ့ရစဉ်။

# ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ရခိုင်ပြည်နယ်အတွင်း မုန်တိုင်းဒဏ်ခံ အဆောက်အအုံ ၂၆ လုံး ထပ်မံတည်ဆောက်ရန် ဆောင်ရွက်နေ

**စစ်တွေ မတ် ၁၀**

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ရခိုင်ပြည်နယ်အတွင်း မုန်တိုင်းဒဏ်ခံအဆောက်အအုံ ၂၆ လုံး ထပ်မံတည်ဆောက်ရန် ဆောင်ရွက်နေကြောင်း ရခိုင်ပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူး ဦးကျော်မင်းက ပြောသည်။

"အဲဒီမုန်တိုင်းဒဏ်ခံ အဆောက်အအုံတွေ ဆောက်လုပ်ဖို့ တင်ဒါခေါ်ယူပါတယ်၊ အခု တင်ဒါတွေ ဖွင့်ဖောက်စစ်ဆေးတဲ့အဆင့်ကို ရောက်ရှိသွားပါပြီ၊ အလွန်ဆုံးတည်ဆောက်ချိန်က ငါးလ၊ ခြောက်လလောက်ပဲ ကြာမြင့်မှာ ဖြစ်ပါတယ်၊ ဒါတွေပြီးရင် ရခိုင်ပြည်နယ်မှာ ဘက်စုံသုံး မုန်တိုင်းဒဏ်ခံအဆောက်အအုံ ၅၂ လုံး ရှိသွားမှာ ဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

ရခိုင်ပြည်နယ်အတွင်း ၂၀၁၆ ခုနှစ် ဧပြီလမှ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလအထိ သဘာဝဘေး ၁၅၅ ကြိမ်ဖြစ်ပွားခဲ့ပြီး လေဘေးဒဏ်ကို အများဆုံးခံခဲ့ရကြောင်း သိရသည်။

ပြည်နယ်ဦးစီးမှူး ဦးကျော်မင်းက "ရခိုင်ပြည်နယ်ဟာ သဘာဝဘေးအန္တရာယ် အများဆုံးကျရောက်တဲ့ ဒေသဖြစ်တဲ့အတွက် ကြိုတင်ပြင်ဆင်မှုတွေ အများဆုံးလုပ်နေတဲ့ ပြည်နယ်ဖြစ်ပါတယ်၊ ရခိုင်ပြည်နယ်မှာ တည်ဆောက်ပြီးတဲ့ မုန်တိုင်းဒဏ်ခံအဆောက်အအုံ (Cyclone Shelter) ၂၂ ခု ရှိပါတယ်၊ လက်ရှိဘဏ္ဍာနှစ်ရဲ့က အလှူငွေနဲ့ ထပ်မံဆောက်လုပ်နေတဲ့ မုန်တိုင်းဒဏ်ခံ အဆောက်အအုံလေးလုံးရှိပါတယ်၊ လာမယ့်

*စာမျက်နှာ ၁၀ ကော်လံ ၄* ✻

# MNL ပွဲစဉ် (၇) ပွဲကျန်အဖြစ် မြဝတီနှင့် စစ်ကိုင်း ကစားမည်

**ရန်ကုန် မတ် ၁၀**

၂၀၁၈ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၇) ပွဲကျန် အဖြစ် မြဝတီအသင်းနှင့် စစ်ကိုင်းအသင်းသည် မတ် ၁၁ ရက် **(ယနေ့)** ညနေ ၄ နာရီတွင် အောင်ဆန်းကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ယင်းနှစ်သင်းသည် ယခုရာသီမှ MNL သို့ တန်းတက်လာခြင်းဖြစ်ပြီး နိုင်ပွဲလိုအပ်နေသည့် အသင်းများလည်းဖြစ်သည်။ ခုနစ်ပွဲစီကစားအပြီးတွင် စစ်ကိုင်းယူနိုက်တက်အသင်းက ငါးမှတ်၊ မြဝတီအသင်းက နှစ်မှတ်ရထားသည်။ မြဝတီအသင်းသည် နိုင်ပွဲမရသေးသော်လည်း မကွေးနှင့် ရတနာပုံအသင်းကို သရေကစားထားသောကြောင့် ခြေစွမ်းရှိသည့်အသင်းဟု သတ်မှတ်ရမည်ဖြစ်သည်။ စစ်ကိုင်းယူနိုက်တက်အသင်းမှာလည်း GFA အသင်းကိုသာ အနိုင်ရထားသောကြောင့် ခုနစ်ပွဲတွင် ငါးမှတ်ရထားသည်။ ယင်းပွဲမှာ ဖေဖော်ဝါရီလနောက်ဆုံးပတ်တွင် ကစားရမည်ဖြစ်သော်လည်း မြဝတီအသင်းနှင့် အိန္ဒိယတပ်မတော်အသင်း ခြေစမ်းပွဲကြောင့် ရွှေ့ဆိုင်းထားခြင်းဖြစ်သည်။ တန်းတက်နှစ်သင်းဖြစ်သောကြောင့် ယခုပွဲမှာ အကြိတ်အနယ်ဖြစ်ဖွယ်ရှိနေပြီး ဇယားအောက်ပိုင်းမှ ရုန်းထွက်နိုင်ရန် အားကုန်ထုတ်ကစားဖွယ်ရှိနေသည်။

MNL အမှတ်ပေးပြိုင်ပွဲကို မြဝတီနှင့် စစ်ကိုင်းယူနိုက်တက်အသင်း၏ ပွဲကျန်အပြီးတွင် မြန်မာ့လက်ရွေးစင်အသင်း၏ အာရှဖလားခြေစစ်ပွဲကြောင့် ခေတ္တရပ်နားမည်ဖြစ်ပြီး ယခုလကုန်တွင် ပြန်လည်ကျင်းပမည်ဖြစ်သည်။

**ညီမြတ်သော်တာ**



စစ်ကိုင်းအသင်း တိုက်စစ်မှူး ဆင်မြူရယ်။ ဓာတ်ပုံ-စိုးညွန့်


## ဇာတ်အဖွဲ့သားများ လိုက်ပါလာသော ယာဉ်တိမ်းမှောက် ခြောက်ဦးသေ၊ ၂၁ ဦး ဒဏ်ရာရ

*စာမျက်နှာ - ၁၂*

## ရက်ချ်ဖို့ဒ်၏ သွင်းဂိုးများဖြင့် မန်ယူတို့ လီဗာပူးကို အနိုင်ယူ

*စာမျက်နှာ - ၁၃*

## အာဖဂန်နစ္စတန်မြို့တော် ကဘူးလ်၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ သုံးဦးသေဆုံး

*စာမျက်နှာ - ၁၄*



GREEN, GRAND, CARE FOR THE PEOPLE
GRAND HANTHA INTERNATIONAL HOSPITAL

ဂရန်း(ဒ်)ဟံသာအင်တာနေရှင်နယ်ဆေးရုံကြီးတွင်
ဗီယက်နမ်နိုင်ငံမှ မွေးရာပါနှလုံးရောဂါ အထူးကုဆရာဝန်ကြီး
**Dr. Do Nguyen Tin**
သည် (၁၇.၃.၂၀၁၈) ရက်နေ့ နှင့် (၁၈.၃.၂၀၁၈)နေ့များတွင် ကလေးနှင့်လူကြီးမွေးရာပါ နှလုံးရောဂါများကို ခွဲစိတ်ရန်မလိုဘဲ ကုသရန်အတွက် တိုင်ပင်ဆွေးနွေးနိုင်မည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

အမှတ် (၃)၊ နာနတ်တောလမ်းနှင့် ကြည့်မြင်တိုင်ကမ်းနားလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၅၂၃၀၀၀၊ ၀၁ ၅၂၃၁၁၁၊ ၀၁ ၅၂၃၂၂၂